ဗမာပြည်အလုပ်သမားလယ်သမားပါတီ

ချမ်းအေးစစ်တမ်း
ဝေဖန်ချက်

ငြိမ်းချမ်းရေးစာပေတိုက်မှ ဖြန့်ချိသည်

ချမ်းအေး စော်တမ်း

ဝေဖန်ချက်

ဗမာပြည် အလုပ်သမား လယ်သမားပါတီ
ဗဟိုကော်မတီမှ—စစ်ဆေးတင်ပြသည်။

ငြိမ်းချမ်းရေးမှ—တဆင့်သာယာရေးသို့

သက်ရွေးစဉ် အမှတ် (၃)

ငြိမ်းချမ်းရေးစာပေတိုက်
၆၄(က) ရွှေဂုံတိုင်လမ်း
ဗဟန်း၊ ရန်ကုန်မြို့

ပဌမအကြိမ်ပုံနှိပ်ခြင်း (၃၀၀၀)
၁၉၅၇–ခု၊ဩဂုတ်လ ၁-ရက်

ငြိမ်းချမ်းရေးစာစဉ်တိုက်အတွက်၊ သခင်လွင်က ထုတ်ဝေသည်။

ရန်ကုန်မြို့ [illegible]ရပ်
၁၆၃–လမ်း၊ အမှတ် ၁၂၊
သစင်ပုံနှိပ်တိုက်တွင်
ရိုက်နှိပ်သည်။

ကိုချမ်းအေး၏ စာတမ်းများအပေါ် သဘာဝတရားရေးရာအရ—ဝေဘန်သုံးသပ်ချက်

နိဒါန်း။

ကိုချမ်းအေးဆိုသူမှာ-ဗမာပြည်ကွန်မြူနစ် ပါတီဝင်တယောက် ဖြစ်ခဲ့၍ ၁၉၅၇-ခုနှစ် ဖေဖေါ်ဝါရီလ (၁) ရက်နေ့တွင် ရန်ကုန် မြို့တွင်း၌ အဖမ်းခံရ၏။ အဖမ်းခံရချိန်တွင် ကွန်မြူနစ်ပါတီမှ သူ့အား (၉) လ တိတိတာဝန်ချထားသည့် ပြစ်ဒဏ်ကိုပေးထားချိန်ဖြစ်သည်ဟုသိရ၏။

၁၉၅၇-ခုနှစ် ဧပြီလ ၅–ရက်နေ့ နေ့လည် ၁၂ နာရီ တွင်မှ.... ကိုချမ်းအေးအား ထောင်တွင်းမှ ထုတ်ယူ၍ ပြန်ကြားရေးဝန်ကြီး.... မြန်အောင်၊ သခင်ချစ်မောင်၏ရုံးခန်းတွင် သတင်းစာ ကွန်ဖရင့်တရပ်ကို ကျင်းပစေခဲ့လေသည်။ ထိုကွန်ဖရင့်တွင် ကိုချမ်းအေးတင်ပြသော စာတမ်းများမှာ အောက်ပါတို့ဖြစ်သည်။

(၁) သတင်းစာဆရာများနှင့် ဘာ့ကြောင့်တွေ့ရသနည်း....?
(၂) ရွေးစဉ်ရေးကိစ္စ။ (ဗိုလ်လကျ်ာမှတဆင့်၊ အစိုးရနှင့်စေ့စပ်ခဲ့စဉ်က-အဖြစ်အပျက်များကိုပြန်လည်ဖေါ်ပြထားသည်)
(၃) ဗမာပြည်ကွန်မြူနစ်ပါတီသို့တင်ပြချက် (အင်္ဂလိပ်ဘာသာ အကျဉ်းချုပ်နှင့် မြန်မာဘာသာအကျယ်ဖေါ်ပြချက်များ)
(၄) ပြန်ကြားရေးဝန်ကြီးထံ လွတ်ငြိမ်းချမ်းသာခွင့် ပေးပါမည့် အကြောင်းဝန်ချတောင်းပန်လွှာ....

အဆိုပါစာတမ်းများကို ဗမာပြည်အလုပ်သမားလယ်သမားပါတီ ဗဟိုကော်မတီသည်၊ "နိုင်ငံရေးပြကွက်တခု" အဖြစ်လက်ခံ၍ ဝေဘန်သုံးသပ်ခဲ့သည်။ ထိုသို့ဝေဘန်သုံးသပ်ရာတွင် (က) ကိုချမ်းအေးနှင့် ၎င်း၏ မိခင်ပါတီဖြစ်သည့် ဗမာပြည်ကွန်မြူနစ်ပါတီနှင့်ဆက်ဆံရေး အပိုင်း (ခ) မာ့က်စ်လီနင်ဝါဒ အခြေခံသုံးသပ်သည့် ပြည်တွင်းငြိမ်းချမ်းရေး ပြဿနာအပိုင်းဟူ၍ အဓိကအားဖြင့် နှစ်ပိုင်း တွေ့ရသည်။

ထိုနှစ်ပိုင်းတွင်၊ ပဌမပိုင်းဖြစ်သော-ကိုရှမ်းဒေဿနှင့် ၎င်း၏ ဗိုလ်ကွန်မြူနစ်ပါတီတို့၏ဆက်ဆံရေးအပိုင်းသည်၊ ကျွန်ုပ်တို့ပါတီနှင့်လုံးဝမသက်ဆိုင်ပေ။ အတိတ်,ပစ္စုပ္ပန်,အနာဂါတ် ကာလ ၃ ပါးစလုံး၏ ဆက်ဆံရေးအတွက်၊ ကာယကံရှင်တို့နှင့်သာ လုံးဝသက်ဆိုင်ပေသည်။ ကျွန်ုပ်တို့ ပါတီနှင့်ကား....ဒုတိယပိုင်း ဖြစ်သော မာ့က်စ် လီနင်ဝါဒ အခြေခံသုံးသပ်သည့် ပြည်တွင်းငြိမ်းချမ်းရေး ပြဿနာ အပိုင်းသာဖြစ် ပေသည်။ ဤပြဿနာသည်အားလုံးနှင့်သက်ဆိုင်သည့်ဘုံပြဿနာကြီး လည်းဖြစ်နေသည်။

ကိုရှမ်းဒေဿ၏ စာတမ်းသည်၊ ဘယ်အခြေအနေမျိုးတွင် ဘယ်လို ပေါ်ပေါက်လာပါသနည်း....? အကျဉ်းချုပ်တော့ စစ်ဆေး ညွှန်ပြ အပ်ပေသည်။

တိုင်းပြည်တွင်၊ ပြည်သူတရပ်လုံးလိုလားတောင့်တနေသည့် ပြည် တွင်း ငြိမ်းချမ်းရေးပြဿနာနှင့်ပါတ်သက်၍ လမ်းစဉ်ကြီး ၂ ရပ်သည် ထင်ထင်ရှားရှားကြီး ယှဉ်ပြိုင် တိုက်ခိုက်လျက်ရှိနေပေသည်။

ပဌမလမ်းစဉ်သည်၊ ဖ-ဆ-ပ-လ ဆိုရှယ်လစ်တို့၏ လမ်းစဉ် ဖြစ် သည်။ ထိုလမ်းစဉ်၏ အနှစ်သာရမှာ "လက်နက်ချလျှင်ချ၊ မချလျှင် အပြတ်ချေမှုန်းပစ်ရမည်" ဟူသောအနှစ်သာရဖြစ်ပေသည်။ ထိုလမ်းစဉ် ၏ အခြေခံဝါဒမှာ (Policy of Force) ခေါ် "လက်နက်အားကိုး အင်အားကြီးဝါဒ" ပေါ်တွင် အနယ်ထိုင်ပေသည်။

ဒုတိယလမ်းစဉ်မှာ-ပြည်သူတို့၏လမ်းစဉ်ဖြစ်ပေသည်။ ထိုလမ်းစဉ် ၏ အနှစ်သာရမှာ- "နှစ်ဦးနှစ်ဘက်တွေ့ဆုံဆွေးနွေး၍ ပြဿနာများ ကို ကြေလည်စွာ ညှိနှိုင်းဖြေရှင်းကြရေး" ပင်ဖြစ်ပေသည်။ ထိုလမ်းစဉ် ၏ အခြေခံဝါဒမှာ.... (Policy of Negotiation on The Democratic Principle) ခေါ် "တူညီသည့်ဒီမိုကရေစီအခြေခံဖြင့် တွေ့ဆုံဆွေးနွေး ဖြေရှင်းရေးဝါဒ" ပေါ်တွင် အနယ်ထိုင်ပေသည်။ ထိုဝါဒသည် ယနေ့ ကမ္ဘာတဝှမ်းလုံးတွင် နေရူးတို့၏ "အကြမ်းမဲ့ ဖြေရှင်းရေး ဝါဒ" ပေါ်၌ လွှမ်းမိုးအောင်ပွဲဆင်နေသော နိုင်ငံတကာ ပြည်တွင်း ပြည်ပ ငြိမ်းချမ်းရေးဝါဒကြီးပင်ဖြစ်ပေသည်။

ထို့အပြင်၊ ဤသို့ယှဉ်ပြိုင်တိုက်ခိုက်နေသောလမ်းစဉ်ကြီး ၂ ရပ်သည် ငြိမ်းချမ်းရေး ပြဿနာကို ဖြေရှင်းရာ၌ အခြေခံဝါဒနှင့် လမ်းစဉ်သာ မဟာအကွာခြားကြီး ကွာခြားနေကြသည်မဟုတ်သေး။ ပြဿနာကို ချဉ်းကပ်ရှုမြင်ပုံမှာလည်း၊ ဖ-ဆ-ပ-လ နှင့် ပြည်သူရောမှာ ကွာခြားလျက် ရှိနေပေသည်။

ဖ-ဆ-ပ-လ ဆိုရှယ်လစ်တို့က ငြိမ်းချမ်းရေး ပြဿနာကို ချဉ်းကပ် ရှုမြင်ရာ၌ တိုင်းပြည်၏အဓိကပြင်းထန်သော သော့ချက် နိုင်ငံရေးပြဿနာကြီးဟု မမြင်၊ ကိုလိုနီခေတ်က သာမန် သူခိုးဓါးပြ ငြိမ်ဝပ်ပိပြားရေး ပြဿနာ တရပ်လိုသာမြင်၍ ဤသို့လည်း အကြိမ်ကြိမ်အထပ်ထပ်ပြောဆို ကြေ ငြာ၍ ချဉ်းကပ်ရှုမြင်နေကြသည်။ ထို့ကြောင့်လည်း၊ ၎င်းတို့၏လမ်းစဉ် အနယ်ထိုင်ရာအခြေခံဝါဒနှင့်ချဉ်းကပ်ရှုမြင်ပုံများအရ၊ တိုင်းပြည် ဘာ ဖြစ်နေနေ၊ အနိုင်တိုက်ရေး-အပြတ်တိုက်ရေးကိုသာ တဇွတ်ထိုးဦးတည် နေခြင်းဖြစ်ပေသည်။

ပြည်သူတို့ဘက်က ပြဿနာကို ချဉ်းကပ်ရှုမြင်ပုံမှာ၊ ငြိမ်းချမ်းရေး ပြဿနာသည် နိုင်ငံ၏ အရေးအကြီးဆုံးသော သော့ချက် နိုင်ငံရေး ပြဿနာကြီးဟုမြင်ပေသည်။ ထို့ကြောင့်လည်း ပြည်သူတို့က အစိုးရ အဖွဲ့၏ပြဿနာ၊ သူပုန်တပြုံ၏ကိစ္စ၊ အုပ်ချုပ်ရေးအစည်းအလာနှင့်ဥပဒေ တော်လှန်ရေးသဘောတရားနှင့် နှီးနွှယ်သော လက်အောက်ခံ ပြဿ နာများကို ကျော်လွှား၍ တမျိုးသားလုံး တပြည်ထောင်လုံး၏ နိုင်ငံ ရေးပြဿနာကြီး (ဝါ) ဒီမိုကရေစီ ငြိမ်းချမ်းရေး ပြဿနာကြီး.... (The First and Foremost National Problem of Democratic Peace) ဟုရှုမြင်သည်။ ထို့ကြောင့်လည်း ဗမာပြည်၏ ရာဇဝင် လမ်းကြောင်း တွင်၊ ဘယ်အစိုးရ, ဘယ်အုပ်ချုပ်ရေး ဥပဒေနှင့် ဘယ်တော်လှန်ရေး ပါတီတို့ပင် ဆက်လက်တည်တံ့စေ....ယှဉ်ပြိုင်ကြစေ၊ အရှင်း အပြတ် ဖြစ်သည့်တည်ငြိမ်သော ခိုင်မာသော အဓွန့်ရှည်သော· ဒီမိုကရေစီငြိမ်း ချမ်းရေးကို တည်ဆောက်နိုင်ကြရန်အတွက် ယနေ့ဖြစ်ပေါ်နေသော ပြည် တွင်းစစ်ကို "ကြေလည်သောတွေ့ဆုံဆွေးနွေးခြင်းဖြင့်သာ" ရပ်စဲစေရ မည်ဟု ပြည်သူတို့က အခိုင်အမာ ယူဆ ယုံကြည် နေကြခြင်းဖြစ်ပေ သည်။

ဤသို့ ဖ ဆ ပ လ နှင့် ပြည်သူတို့သည်၊ ငြိမ်းချမ်းရေးလမ်းစဉ်တွင်၊ ပြတ်သားတလမ်း,သံတလမ်းလို ကွာခြားနေကြသည်။ ယှဉ်ပြိုင်တိုက်ခိုက်နေကြသည်။

ဖ ဆ ပ လ ဆိုရှယ်လစ်တို့သည်၊ ၎င်းတို့၏လမ်းစဉ်ကို တခုတည်းသော-တနည်းတည်းသောလမ်းစဉ်ဖြင့် ကြီးတကြောတည်း ကိုင်တွယ်မောင်းနှင်လာရာ၊ ယခုဆိုလျှင် ၉ နှစ်တိုင်တိုင် ရှိနေပေပြီ။ အကျိုးသက်ရောက်ချက်များကား....တမျိုးသားလုံး သွေးချောင်း စီးခြင်း၊ "မဟာအမှားတော်ကြီး ပါတကား...." ဟု ဝန်ကြီးချုပ် ဦးနုက ဝန်ခံလာရသည်အထိ စီးပွားပျက်တပ်ကြီးဆိုက်နေရခြင်း၊ တမျိုးသားလုံး အကျွန်ဘဝရှိစွာ ပျက်စီးနေရခြင်း၊ သိန်းပေါင်းများစွာသော ပြည်သူတို့သည် တိရစ္ဆာန်များကဲ့သို့ ဒုက္ခသည်စခန်းများတွင် အမြဲတစေ ထိတ်ထိတ်ပျာပျာလန့်လန့်နေကြရခြင်း၊ နောက်ဆုံး အစိုးရရောပြည်သူတို့ပါ၊ ကြွေးတင်၍ ကျွန်ဖြစ်ခါနီးဘဝသို့ ဆိုက်ရောက်လာခြင်းတို့ဖြင့် ရင်ဆိုင်နေကြရပေသည်။ ဖဆပလ အဖွဲ့ကြီး၏ ၁၉၄၆-၄၇ ခုနှစ်က တပေါင်းစုနိုင်ငံရေး ပြဿနာနှင့် ၁၉၅၇ခုနှစ်တွင် လူတစု၏ အကြမ်းဖက် နိုင်ငံရေးပြဿနာတို့ နှိုင်းယှဉ်ကြည့်လျှင်လည်း မိုးကြီးနှင့် ဆီးသံလို ခရီးရှည် ကွာလှမ်းလာသဖြင့် ဂျုံခေါင်း၍ လာနေပေသည်။

ပြည်သူတို့၏ တွေ့ဆုံဆွေးနွေးရေး ပြည်တွင်းစစ်ရပ်စဲစေရေး လမ်းစဉ်ကား၊ ကျယ်ပြန့်လျက် ရှိပေသည်။ ပြဿနာဟက်လျက် ရှိပေသည်။ ပြည်တွင်းပြည်ပ ကမ္ဘာ့ငြိမ်းချမ်းရေးလမ်းစဉ်များနှင့်လည်း၊ အံကိုက်၍ ချိန်သားကျလျက် ရှိနေပေသည်။ ထို့ကြောင့်လည်း ရဟန်းရှင်လူပြည်သူတရပ်လုံး၏ ထောက်ခံစည်းရုံးလာမှုများကိုနိုင်ငံနှင့်အဝှမ်းတကျော ထင်ရှားစွာ ခံယူနိုင်လျက်ရှိနေပေသည်။ ထင်ရှားသောသက်သေများကား အထွေထွေရွေးကောက်ပွဲကြီးအတွင်းမှ သန့်ရှင်းနိုးသားစွာ ထွက်ပေါ်လာသော ပြည်သူတို့၏ဆန္ဒများ၊ တိုင်းပြည်နှင့်အဝှမ်း ကျင်းပခဲ့သောငြိမ်းချမ်းရေး ကွန်ဖရင့်ကြီးများ၊ လူထုအစည်းအဝေး ပွဲကြီးများ၊ စီတန်းလှည့်လည်ပြောကြားဆန္ဒပြပွဲကြီးများ၊ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ကဲ့သို့သော ဂိုဏ်းဂဏပါတီမရှိ၊ တမျိုးသားလုံး၏ ဖခင်၊ မိဘခေါင်းဆောင်ကြီးများက ဦးစီး၍ ကျယ်ပြန့်စွာ လှုပ်ရှားလာသော ငြိမ်းချမ်းရေး တောင်းဆိုမှုများကို-ပြည်သူတို့၏ဆန္ဒနှင့်အညီ လက်နက်ကိုင်ခွဲ တော်လှန်ရေးပါတီ အဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးစေ့စပ်တောင်းလှမ်းချက်များ၊ တဆက်တည်းပေါ်ထွက်နေမှုများ၊ ဤသည်တို့သည် ပြည်သူတို့၏ ငြိမ်းချမ်းရေးလမ်းစဉ်မှန်ကန်၍ သဘာဝကျကြောင်း ပေါ်လွင်စွာ သရုပ်ဖေါ်နေပေသည်။

ထို့ကြောင့်လည်း ဖဆပလ ဆိုရှယ်လစ်တို့သည် ၎င်းတို့၏အဖြတ်တိုက်ရေး နိုင်ငံရေးလမ်းစဉ်အရ ပျက်ပြုဆိုက်လာသော အုပ်ချုပ်ရေး စီးပွားရေး-စစ်ရေး-စည်းရုံးရေး အကြပ်အတည်းများကို သာမန်နည်းလမ်းဖြင့်ဖြေရှင်းခြင်းငှာ မစွမ်းနိုင်တော့ရကား၊ ဆရာကြီးသခင် ကိုယ်တော်မှိုင်းကဲ့သို့သော ပုဂ္ဂိုလ်ကြီးများဦးစီးသည့် ငြိမ်းချမ်းရေးလမ်းစဉ်များကိုင်း၊ ပြည်သူ့ပါတီအဖွဲ့အစည်းများ၏ ငြိမ်းချမ်းရေးဆန္ဒပြလုပ်ငန်းများကိုဖျက်ဆီး မကြောက်ပြောင်းပြောင်းလင်းလင်းကြီးသင်သောနည်းနှင့်ပင် ကြာမြှင့်ရိုက် စသော အကြမ်းနည်းများဖြင့်ပင်လျှင် မရှက် မကြောက် နှိပ်ကွပ်လာရပေသည်။ (မင်းလှ၊မှ ရွာမှုသိမ်၊စသည်)

ဤသို့အားဖြင့် များပြွမ်းနေသော နိုင်ငံရေးလမ်းစဉ်အဓိကကြောင့် အကြပ်အတည်းဆိုက်ရောက်လာသော ဖဆပလဆိုရှယ်လစ် ပါတီအဖို့၊ တနည်းမဟုတ်လျှင်တနည်းအားဖြင့်၎င်းတို့၏နိုင်ငံရေးလမ်းစဉ်ကို အသက်ဆက်ပေါင်းကူးပေးနိုင်ရန်၊ (ဝါ) တက်ကြွ ထောင်မြင်လာသောပြည်သူတို့၏ ငြိမ်းချမ်းရေးလမ်းစဉ်ကို ပြန်လှန်တိုက်ခိုက်နိုင်ရန်၊ ဘယ်သူကမပေး၊ ဘယ်ကလောက်တဲ့ ကြာကြာ ခံနိုင်သည်ဖြစ်စေ၊ နိုင်ငံရေးလက်နက်ကောင်းများ အလွန်အမင်း လိုလားတောင့်တနေသော အချိန်အခါ ဖြစ်နေပေသည်။ ထို့ကြောင့် ဗမာပြည်ကွန်မြူနစ် ပါတီအား ငြိမ်းငြိမ်းရိုက်ရှက် တိုးနှက်မှုနှောက် ပစ်နိုင်သော နိုင်ငံရေး လက်နက်ကောင်းတခု ရှိနိုင်ပါ့မလားလှုပ်ရှားမှုကား၊ ယခုလိုပင်ကောင်းလေခြင်းဟု ပူဆာတောင်းတနေသော အချိန်အခါလည်းဖြစ်နေပေသည်။

ထိုကဲ့သို့သော အတွေ့တွေ့နောက်ခံကားအနေအထားတွင် ဗမာပြည် ကွန်မြူနစ်ပါတီမှ တိုင်းကော်မတီ တာဝန်ခံဆိုသူ ကိုချမ်းအေးအား ဖမ်းဆီးရမိလေသည်။ ထိုကိုချမ်းအေးမှာ-အစိုးရက ဖမ်းဆီးမိမှက ပင်လျှင် ၎င်း၏စာတမ်းပေါ် ဝန်ခံချက်အရ၊ ၎င်း၏ပါတီမှ ၎င်းအား

တာဝန်ရှိသိမ်း၍ ဖြစ်ပေါ်ကာ ၉-လ ချထားခြင်း ခံနေရပြီး ဖြစ်သည်။ ကိုချမ်းအေးအား သူ၏ပါတီမှ သူ့အား အပြစ်ပေးခဲ့ရသည်မှာလည်း၊ ဗိုလ်လက်ကျာမှုတဆင့် အစိုးရနှင့်ငြိမ်းချမ်းရေး စေ့စပ်ဆွေးနွေးခဲ့စဉ်က ပါတီပေးဟိုမှ နိုင်ငံရေးအခြေခံဖြင့်သာ ဆွေးနွေးရမည်ဟူသော လမ်းစဉ်ကို ဖေါက်ဖျက်၍ "လက်နက်ချရေး အတွက်သာ" ဆွေးနွေးခဲ့သည့် အမှုကြောင့် အပြစ်ပေးခံခဲ့ရခြင်းဖြစ်သည်။ (ကိုချမ်းအေး၏စေ့စပ်ရေး ကိစ္စ စာတမ်း စာမျက်နှာ ၅-နှင့် ၆-တွင် ပါရှိချက်)

ဤသို့ပါတီ တာဝန်မှ အပယ်ခံရောက်ရှိနေသော ကိုချမ်းအေးအား၊ အစိုးရတို့က ဖမ်းဆီးရမိပြီး ၂-လခန့်မျှ ထောင်သွင်း အကျဉ်းချထား ခဲ့လေသည်။ ၎င်းနောက် ဤနိဒါန်းအစ အထက်တွင်ဆိုခဲ့သည့်အတိုင်း ၁၉၅၇ခု၊ ဧပြီလ ၅-ရက်နေ့တွင် ကိုချမ်းအေးအား ထောင်မှ ထုတ်ယူလာပြီးနောက် ပြန်ကြားရေးဝန်ကြီးဌာနက ကွန်မြူနစ်ပါတီလက်နက်ချရေးစာတမ်းကို ဆက်သွင်းတင်ပြခဲ့လေသည်။ ပြီးနောက်ထုတ်လိုက်လေသည်။

မည်သို့ပင်ဖြစ်စေ၊ ကိုချမ်းအေး၏စာတမ်းတွင် ငြိမ်းချမ်းရေးပြဿနာကို၊ မာ့က်စ်၊ လီနင်ပါဒ အခြေခံဖြင့် သုံးသပ်တင်ပြချက်များ ပါရှိလာပေရာ၊ မှန်ကန်သော သုံးသပ်ချက်များဖြစ်ပါက ကွန်မြူနစ်ပါတီသည် လိုက်လျှောလက်ခံကြိုဆိုမည့်အမှန်ဖြစ်ပေသည်၊ မမှန်ကန်ဖေါက်ပြန်မှားယွင်းသော သုံးသပ်ချက်များ ပါရှိလာပါက ကွန်မြူနစ်တို့သည်၊ အလုပ်သမား လယ်သမားနှင့် ပြည်သူတို့၏ အကျိုး စီးပွား အတွက်၊ ဝါဒတိုက်ပွဲဆင်နွှဲ၍ ဖြေရှင်းပေးရန် တာဝန်ရှိပေသည်။

တချိန်တည်းမှာပင် လမ်းစဉ်ကြီး ၂-ရပ်တိုက်ပွဲသည်၊ တပြည်ထောင်လုံးတွင် မြို့မြို့ရွာရွာ တိုက်ပွဲဆင်လျက်ရှိနေပေသေးသည်၊ ကိုချမ်းအေး၏ စာတမ်းအား "လက်နက်ချရေး အပြတ်တိုက်ရေး" လမ်းစဉ်ကို ကိုင်စွဲဆက်တိုက်ပွဲဝင်နေသော ဖဆပလဆိုရှယ်လစ်ပါတီက ကောင်းချီးပြုထားပေး၍ ကြိုဆိုပါ သမ်းနှင့်နိုင် ရိုက်နှိပ်ဖြန့်ဝေလျက်လည်း ရှိနေပေသည်။ ပြည်သူတို့ အတွင်းတွင်လည်း စိတ်ဓါတ် စစ်ဆင်ရေးဟူ၍ အကြမ်းဖက်မှုနောက် ဝါဒဖြန့်လျက်ရှိနေပေသည်။ နိုင်ငံရေး သဘောတရားရေး ရှုတ်ထွေးမှုများကို ဖန်တီး လုပ်ကြံရာတွင်လည်း "ဖေတ်သစ်လက်နက်တရပ်" အဖြစ်အသုံးချရာတွင် ကိုချမ်းအေး၏စာတမ်းသည် ဖဆပလ ဆိုရှယ်လစ်တို့၏ လမ်းစဉ် အသက် ဆက်ရေး အတွက် အကောင်းဆုံးလက်နက်တခု ဖြစ်လာသည်ကိုလည်း တွေ့နေရသည်။

ကိုချမ်းအေးက ၎င်း၏စာတမ်းတွင်—အပြစ်ရှိကြောင်းဝန်ခံလိုပါ၏ ဤစေတနာ၏အကျိုးတရားသည်ပေါ် ပေါက်လာပါစေ၊ ပေးလိုသမျှသောအပြစ်ကို ခံယူပါ၏-ဟု၊ မည်သို့ပင်ဆိုထားစေ၊ လက်တွေ့ကာလက ခြောက်ထွက်မှုတား၊ ပြည်သူတရပ်လုံး၏ ယနေ့တွေ့ရဆွေးနွေးခံရ၊ ဒီမိုကရေစီ ငြိမ်းချမ်းရေးလမ်းစဉ်ကို ကြီးစွာဆန့်ကျင်၍ သဘောတရားရေးအားဖြင့်လည်း မှားယွင်းသောရှုတ်ထွေးမှုကြီးများကိုဖန်တီးလိုက်သည်ဖြစ်ရာ ကွန်မြူနစ်ပါတီသည် ပြည်သူတို့၏ တာဝန်အရ "ဤ "**ချမ်းအေး၊ စာတမ်း၊ ဝေဖန်ချက်**" ကိုတိုင်းပြည်အား ဝေငှရေးရာ ဝေဖန်ချက်အဖြစ် အချိန်မီ တင်ပြဖြေရှင်းလိုက်ရသည်ဖြစ်ပါကြောင်း။

အလုပ်သမား လယ်သမား ညီညွတ်နိုင်မာစွာရပ်တည်
နိုင်ရေးသို့....

ဗဟိုကော်မတီ

ဗမာပြည် အလုပ်သမား-လယ်သမားပါတီ

ဌာနချုပ်။

အခန်း (၁)

ကွန်မြူနစ်လှုပ်ရှားမှု၏ ပုံသဏ္ဌာန်အား ပြဋ္ဌာန်းသည့် အချင်းအရာများ။

[က]

(၁) ဤအပိုင်းတွင် ကိုချမ်းသော၏ သဘောတရားရေးရာအရင်းခံ ယူဆချက်တရပ်မှာ "နယ်ချဲ့စံနစ်၊ နယ်ချဲ့ခေတ်အတွင်း လှုပ်ရှားနေကြရကုန်သော နိုင်ငံတကာရှိ ကွန်မြူနစ်ပါတီများသည်၊ နယ်ချဲ့စစ်ပွဲများ ဖြစ်ရန် မရှောင်သာ ဟူသော အသိဖြင့် စစ်ကို မျှော်၍ ဆောင်ရွက်ခဲ့ကြကုန်သည်၊ (ဝါ) ကွန်မြူနစ်ပါတီတို့သည် နယ်ချဲ့စစ်ပွဲများဖြစ်၊ မဖြစ် အပေါ်မှီငြမ်း၍ လှုပ်ရှားမှု ပုံသဏ္ဌာန်ကို ပြဋ္ဌာန်းကြရသည်" ဟူသော ယူဆချက်ပင်ဖြစ်သည်။

ဤယူဆချက်သည် အရင်းအမြစ်လည်းမကျ၊ မှန်ကန်ပြည့်ဝမှုလည်း မရှိသော ယူဆချက်ဖြစ်ပေသည်။

အဘယ်ကြောင့်နည်း....

ကမ္ဘာ့နှင့်ချီ၍ဖြစ်စေ၊ နိုင်ငံတနိုင်ငံ၏ သီးခြားအခြေအနေတရပ်ဖြစ်စေ၊ အလုပ်သမားလူတန်းစားအတွက် အရင်းခံ အဓိကရင်ဆိုင်ရသော ပဋိပက္ခမှာ နယ်ချဲ့အရင်းရှင် (၎င်းနှင့်ဆက်စပ်တည်ရှိနေသော မြေရှင်ပဒေသရာဇ်) လူတန်းစားပင်ဖြစ်သည်၊ ထိုအဓိက ပဋိပက္ခ၏ ဆက်ဆံရေး အခြေအနေနှင့် တိုက်ပွဲအချင်းအရာများ အပေါ်တွင် မူတည်၍သာ သေနင်္ဂဗျူဟာကိုင်း၊ စည်းရုံးရေးနှင့်တိုက်ပွဲပုံစံတည်းဟူသော နည်းပရိယာယ်ကိုင်း၊ အခြေအနေနှင့် ကိုက်ညီအောင်ပြဋ္ဌာန်းလုပ်ဆောင်ကြရလေသည်။ ဤသည်သာ သဘောတရား၏ အရင်းခံညွှန်ကြားချက်ဖြစ်၍ လူတန်းစားတိုက်ပွဲ၏ အဓိကချဉ်းကပ်ပုံလည်းဖြစ်ပေလည်။

ကိုချမ်းဖေးတင်ပြသောနယ်ချဲ့စစ်ပွဲဖြစ်၊ မဖြစ် မြော်ရသည်ဆိုသည်မှာ၊ နယ်ချဲ့ဝါဒ၏ နိယာမ ဥပဒေသအတိုင်း ဖြစ်ပွားတတ်သောနယ်ချဲ့အရင်းရှင်အချင်းချင်း၏ ပဋိပက္ခသာဖြစ်၍အဆိုပါအရင်းရှင်နှင့်အလုပ်သမား အရင်းခံ ပဋိပက္ခ၏ လက်အောက်ခံ ပြဿနာသာဖြစ်သည်၊ အရင်းခံပဋိပက္ခကို ခြေဖျက်ရာ၌ အခါအခွင့် အားပျော့စွာ အသုံးမြခြင်းခံရသည့် လက်အောက်ခံ ပြဿနာသာဖြစ်ပေသည်။

နယ်ချဲ့စစ်ပွဲများကို မြော်ကိုး၍သာ နိုင်ငံတကာ၌ ကွန်မြူနစ်များသည်၊ လှုပ်ရှားမှုများကို ကြိုတင်စီမံနေကြရမည် ဆိုပါက "စိတ်ဝါဒ" ဆန်လှသည့်အပြင်၊ နယ်ချဲ့စစ်ပွဲများဖြစ်ပါစေ၊ (ဝါ) ဖြစ်အောင် ဆုတောင်း၍ စောင့်နေကြရမည်ကဲ့သို့ရှိပေသည်၊ ဤသို့ကားလုံးဝမဟုတ်ပါပေ၊ လူတန်းစားတိုက်ပွဲ၏ အရင်းခံပဋိပက္ခ၏ ရုပ်ဝတ္ထုအချင်းအရာနှင့်လက်တွေ့အလားအလာများ အပေါ်တွင်သာမူတည်၍ လှုပ်ရှားရမည်ဖြစ်ပေသည်၊ ဤသို့သာ လမ်းကြောင်း၏ ထာဝစဉ်ညွှန်ကြားချက်ဖြစ်ပေသည်။

ကိုချမ်းဖေးသည် "နယ်ချဲ့ခေတ်တွင်နယ်ချဲ့စစ်ကိုဖိုပြင်းပြစွာလှုပ်ရှားရမည်ဖြစ်သော နယ်ချဲ့ချင်းပဋိပက္ခ၏ သဘောတရား အခြေအနေကို လူတန်းစားတိုက်ပွဲတွင် အဓိက ဟု ရင်ဝယ် ပိုက်လိုက် မိသည်နှင့် တပြိုင်နက် (က) နယ်ချဲ့စစ်ဖြစ်မှ ပြည်တွင်းစစ်ဖြစ်ရမည်ဟူသော တရားသေဝါဒ (ခ) နယ်ချဲ့စစ်မရှိလျှင် ပြည်တွင်းစစ်မရှိနိုင်ဟူသော စက်ရုပ်ဝါဒ (ဂ) ယနေ့ကမ္ဘာတွင် နယ်ချဲ့စစ်ဖြစ်ရန် ဝေးလှသဖြင့် (ဝါ) ရှိတော့မည် မထင်၍ ပြည်တွင်းစစ် ဆိုသည်မှာလည်း မလိုအပ်တော့ပေ ဆိုသည့် တရားတကြား ကြွပ်တည်း ကျဆုံးလာသော နယ်ချဲ့အရင်းရှင် ဂိုဏ်းအတွင်း အချင်းချင်းဖြစ်ပေါ်ရစမြဲဖြစ်သည့် မွေးရာပါပဋိပက္ခအား ချောက်ကျယ်ပစ်မှုများကို ကျူးလွန်မိပြီး ဖြစ်ရလေသည်။

ရှင်းဦးအံ့....

နယ်ချဲ့စစ်ဖြစ်မှ ပြည်တွင်းစစ် ဖြစ်ရမည်ဟူသော အယူအဆသည် စတေတီသစ္စာတရား (*Absolute truth*) မဟုတ်ပေ၊ အရင်းရှင်နှင့်အလုပ်သမား လူတန်းစား၏ အရင်းခံ ပဋိပက္ခ ခြေဖျက်ရေးအပေါ် အကျိုး

သက်ရောက် ချက်သည်သာ အရင်းခံ လမ်းညွှန်ဖြစ်ပေသည်။ ၎င်း၏ သက်သေမှာ ရုရှပဒေသရာဇ်စနစ်ပါဒီနှင့် နယ်ချဲ့အရင်းရှင်လူတန်းစားသည်၊ ရုရှအလုပ်သမား လူတန်းစားနှင့် ဖြစ်ပွားနေသော အရင်းခံပဋိပက္ခကို ခြေဖျက်ရာ၌ နယ်ချဲ့စစ်ဖြင့် လွှမ်းမိုးခြိမ်းလာသောအခါ၊ ရုရှအလုပ်သမား လူတန်းစားသည်၊ (Revolutionary Civil War) တော်လှန်ရေး ပြည်တွင်းစစ်နှင့်ပြန်လည်ခုခံခါ၊ အာဏာကိုသိမ်းပိုက်ခဲ့ရပေသည်၊ ထို့ကြောင့် ၁၉၁၇ခု မဟာအောက်တိုဘာတော်လှန်ရေးကြီး၏အဓိကလက္ခဏာမှာ တော်လှန်ရေးပြည်တွင်းစစ်၏အဓိကလက္ခဏာဖြစ်ခဲ့ပေသည်။ အလားတူနယ်ချဲ့စစ်ပွဲကြီးတွင် ပါဝင်ခဲ့သောနယ်ချဲ့နိုင်ငံများ၌ အလုပ်သမား လူတန်းစား တို့အားလည်း "နယ်ချဲ့စစ်မှ ပြည်တွင်းစစ်သို့ပြောင်းလဲ ပစ်ကြလော့....." ဟူသောကြွေးကြော်သံကို လီနင်သည် ပေါ်ထုတ်မြှင့်တင်ခဲ့ပေသည်။ လီနင်၏ ဤကြွေးကြော်သံသည် နယ်ချဲ့အရင်းရှင်နှင့် အလုပ်သမားလူတန်းစား အရင်းခံ ပဋိပက္ခ၏ နယ်ချဲ့စစ် ကာလအတွင်း အကျိုးသက်ရောက်ချက်အပေါ်တွင်သာ မူတည်၍ ပေါ်ထုတ် မြှင့်တင်ခဲ့ခြင်းဖြစ်ပေသည်။

ထို့မှတပါး၊ နယ်ချဲ့စစ်နှင့်ပြည်တွင်းစစ်သည်၊ တရားသေတွဲနေသော ကြွေးကြော်သံမဟုတ်ပေ။ ၁၉၁၈-ခုနှစ် ပထမကမ္ဘာစစ်ပွဲကြီးဖြစ်ပွားပြီးနောက် ရုရှနိုင်ငံတွင် အလုပ်သမားလူတန်းစားက အာဏာသိမ်းပိုက်ပြီးနောက်၊ တော်လှန်ရေးကို ဖျက်ဆီးပစ်ရန် တန်ပြန်တော်လှန်ရေးဂိုဏ်းသားများသည် ၁၉၁၈-၂၀ မှ ၁၉၂၁ ခုနှစ်အထိ လုပ်ကြံလာခဲ့ကြပြန်၏။ ထိုအခါတွင် တော်လှန်ရေးဂိုဏ်းနှင့်တန်ပြန်တော်လှန်ရေးဂိုဏ်းအားကြီးတို့သည် ပြည်တွင်းစစ် ဖြစ်ခဲ့ကြရပြန်၏။ ဤအခါတွင်.... ကြွေးကြော်သံသည် "တော်လှန်ရေးကြီးကို ထိမ်းသိမ်းကာကွယ်ကြ" ဟူ၍ ဖြစ်ခဲ့၏။ ဤအချိန်တွင် နယ်ချဲ့ စစ်ပွဲကြီးကား....ရပ်စဲခဲ့ပြီး ဖြစ်ပေသည်။

အလားတူပင်၊ တရုတ်ပြည်၏တော်လှန်ရေးကလည်း သက်သေပြပေသည်။ နယ်ချဲ့စစ်ပွဲကြီးဖြစ်နေသောကာလ မဟုတ်သော်လည်း.... နိုင်ငံရေးအမည်ခံညွှန်အားဖြင့် လွတ်လပ်သော သမ္မတနိုင်ငံ ဖြစ်နေသော်ငြားသည်။ တရုတ်ပြည်လူမှုအဆောက်အအုံ၏ ရုပ်ဝတ္ထုချင်းရာ

အပေါ်တွင် မူတည်နေသောအရင်းခံပဋိပက္ခအရ ၁၉၂၇ ခုနှစ်မှ ၁၉၃၇ ခုနှစ်အထိ ပဋ္ဌမ ၁၀ နှစ်ကြာ ပြည်တွင်းစစ်ပွဲကြီးကိုမလွှဲမရှောင်သာ ဆင်နွှဲခဲ့ရပေသည်။ ဤတွင်နယ်ချဲ့စစ်နှင့် ပြည်တွင်းစစ်သည် မည်သို့မျှ မဆက်စပ်ခဲ့ပေ။

ထို့ကြောင့်လည်း၊ မော်စီတုံး၏စစ်နှင့် သေနင်္ဂဗျူဟာ စာတမ်း (လန်ဒန်ထုတ် မော်စီတုံး၏ လက်ရွေးစင် ကျမ်းများ ဒုတိယတွဲ၊ စာမျက်နှာ ၂၆၇၊ ပဋ္ဌမခေါင်း ဒုတိယပိုဒ် အဆုံး အထိ) တွင်....
"၁၉၂၄-မှ ၂၇-ခုနှစ်အထိ၊ ပဒေသရာဇ် စစ်ဝါဒီကြီးများနှင့်တိုက်ခဲ့ရသော ပြည်တွင်းစစ်၊ ၁၉၂၇ မှ ၁၉၃၇ ခုနှစ် အထိ လက်ဝဲ အရင်းရှင်ကြီးများနှင့် မြေရှင်ကြီးလူတန်းစားကို တိုက်ခဲ့ရသော ပြည်တွင်းစစ်၊ ထိုမှတဖန်–ဂျပန် ကျူးကျော်မှု ဆန့်ကျင်ရေး အမျိုးသား လွတ်မြောက်ရေးစစ်အထိ၊ ယခုလက်ငင်းတိုက်နေခဲ့ရကြောင်း" ဖြင့် ဖေါ်ပြစိစစ်ပြခဲ့ပေသည်။ ဤသက်သေသည်အရင်းခံပဋိပက္ခ၏ရုပ်ဝတ္ထု အချင်းအရာပေါ်တွင်သာလမ်းကြောင်းနှင့်တိုက်ပွဲပုံစံကိုအဆုံးအဖြတ် ပြုကြောင်း ထင်ရှားစေလေသည်။

တရုပ်ပြည်တော်လှန်ရေး၏သက်သေခံများနှင့်ပါတ်သက်၍ ဆက်၍ဆိုရသော်၊ ၁၉၃၆ ခုနှစ် ဂျူလိုင်လမှစ၍ မလွှဲမရှောင်သာ တတိယ အကြိမ်မြောက် တော်လှန်သော ပြည်တွင်းစစ်သို့ ကူးပြောင်းခဲ့ရ ပြန်လေသည်။ ဤအချင်း အရာများသည် နယ်ချဲ့စစ်ကို မြှော်ကိုး၍ တိုက်ခိုက်ခဲ့ရသောပြည်တွင်းစစ်ပုံစံနှင့် လမ်းကြောင်းများ မဟုတ်ဘဲ၊ တရုပ်ပြည်၏မူရင်းတည်နေသဲ ပဋိပက္ခ၏အချင်းအရာများကြောင့်သာ အရင်းခံအဆုံးအဖြတ်ဖြစ်ခဲ့လေသည်။

ခေါင်းဆောင်ကြီး လီနင်၏ စစ်နှင့် ပါတ်သက်သော အယူအဆ တွင်လည်း၊ အလုပ်သမားလူတန်းစားသည် နယ်ချဲ့စစ်ကို အမြဲဆန့်ကျင်တန့်တွက်ကြောင်း မလိုလားကြောင်း တောက်လျှောက် ဖော်ပြခဲ့သည်။ နယ်ချဲ့စစ်ဟူသမျှ မတရားစစ်သာဖြစ်ကြောင်း ကြွေးကြော်ခဲ့သေသည်။ မတရားစစ်ဖြစ်လာလျှင် တရားသောခုခံရေးစစ်နှင့်သာ ပယ်ဖျက်ပစ်ရမည့်ဖြစ်ကြောင်းလမ်းညွှန်ခဲ့သည်။ ကွန်မြူနစ်များသည်စစ်ကို မလိုလားကြောင်း၊ မမြှော်ခေါ်ကြောင်း ထင်ရှားပြခဲ့သည်။

ထို့ကြောင့် ကွန်မြူနစ်များအဘို့၊ နယ်ချဲ့စစ်ဖြစ်မှ ပြည်တွင်းစစ်ဖြစ်ရမည်ဟူသောတရားသေဝါဒလည်းမဟုတ်၊ နယ်ချဲ့စစ်မရှိလျှင်ပြည်တွင်းစစ်လည်းမရှိနိုင်ဟူသော စက်ရုပ်ဝါဒကိုလည်းလက်မခံ၊ ပြည်တွင်းစစ်သည် ကွန်မြူနစ်တို့အတွက် အခါခပ်သိမ်း နှစ်သက်အပ်သော (ဝါ)၊ ဇာမာနှင့်ပေါင်းချက်အမြဲတွင်းတွေ့သလို တွဲဘက်ခံတွင်း ကျနေသော.... အစားအသောက် ကောင်းကြီးတခုဟူ၍လည်းမဖွဲ့မှတ်၊ အလုပ်သမား လူတန်းစားသည် ရင်း၏ ဘဝလွတ်မြောက်ရေးအတွက် မလွှဲမရှောင်သာရင်ဆိုင်ချေမှုန်းနေရသောပဋိပက္ခ၏ရုပ်ဝတ္ထုအချင်းအရာပေါ်တွင်သာ မူတည်၍လမ်းကြောင်းနှင့်ပုံစံကို ပြဋ္ဌာန်းရစမြဲ ဖြစ်ပေသည်။

ရဲဘော်ကြီး မီကိုယံ၏အကြိမ် ၂၀ မြောက်ပါတီကွန်ဂရက်မိန့်ခွန်း တွင်ပါရှိသည့် "လီနင်နှင့် ဘော်လ်ရှီဗစ်များသည်၊ အောက်တိုဘာ တော်လှန်ရေးမပြီးခင်နှင့်ပြီးနောက် ကာလ ၂ ပါးစလုံးတွင်ပါတီသည် ပြည်တွင်းစစ် [illegible] သိ[illegible]မှုများကို [illegible]ဆို ခဲ့ရပါ။ ပါတီသည် [illegible] ရေးအတွက်သာ လမ်းစဉ်ချမှတ်ခဲ့ပါသည်။ သို့သော်လည်း–ပါတီ၏ဆန္ဒနှင့်ဆန့်ကျင်၍ နယ်ချဲ့သမားများနှင့် အန်ပြန်တော်လှန်ရေးဂိုဏ်းသားများက လှုံ့ဆော်လုပ်ကြံခဲ့၍သာ ဆင်နွှဲခဲ့ရခြင်းဖြစ်ပါသည်" ဟူ၍အကျယ်တဝင့် ပြောဆိုပြီးနောက်၊ လီနင်သည် ကြွေးကြော်သံများကို ဘယ်အခါမှ တရားသေမကိုင်ကြောင်း၊ လူတန်းစား တိုက်ပွဲ၏ ဂတိ ရုပ်ဝတ္ထု အချင်းအရာအခင်းအကျင်းအခြေအနေနှင့် အလားအလာများကိုသာစီစစ် တွက်ချက်၍ ကြွေးကြော်သံများကို ပြောင်းလဲခဲ့ကြောင်း။ ဤနည်းသာ မာက်စ်ဝါဒီတို့၏ ခေါင်းဆောင်နည်းဖြစ်ကြောင်းဖော်ပြခဲ့လေသည်။

ဤမျှနှင့် ကိုချမ်းအေး၏ပြည်တွင်းစစ်အပေါ်ယူဆသည့် တရားသေဝါဒနှင့် စက်ရုပ်ဝါဒများ ရှင်းလောက်ပေပြီ။

ဂုန်းပြင်-ကိုချမ်းအေး၏ "ယနေ့ကမ္ဘာတွင် နယ်ချဲ့စစ်ဖြစ်ပွားရန် [illegible] (ဝါ) မြဲ[illegible]မည်မထင်၍ပြည်တွင်းစစ်ဆိုသည့်မှာလည်း မလို[illegible]" ဟူသောအယူအဆကို ကညီချေဖျက်ရန် ကိုမေ သေးသည်။

ရှင်းလင်းချက်ကား၊ နယ်ချဲ့စံနစ်ရှိနေသမျှ (ဝါ) ဗုံး၌ ကြပ်တည်း ကျရောက်လာသည်နှင့်အမျှ၊ နယ်ချဲ့အချင်းချင်းပဋိပက္ခသည်၊ ဈေးရောင်း ဒီဇအတိုင်း အတက်အကျ အနိမ့်အမြင့် အပြင်းအထန် အပြောင်း အပြောင်း စသည်ဖြင့် အတိုင်းအတာအလျောက် ပဋိပက္ခပြင်းထန်လာရမည်သာဖြစ်ပေသည်။ဤကား....နိယာမတရားဖြစ်သည်။ယနေ့အရင်းရှင်လောကအတွင်း လက်ဝါးကြီးအုပ်လိုသောအမေရိကန်နှင့် လက်ဝါးကြီးအအုပ်ခံနေရသော အင်္ဂလိပ်၊ပြင်သစ်၊ဒတ်ချ် စသော အရင်းရှင်နိုင်ငံများ၏ပဋိပက္ခများကိုနေ့စဉ်တိုင်းတွင်ထင်ရှားစွာတွေ့ရှိရပေသည်၊ သို့သော်လည်း အလုပ်သမားလူတန်းစားနှင့် ဖြစ်နေရသော အရင်းခံ ပဋိပက္ခမျိုးကားမဟုတ်ပေ။ အခါအခွင့်အားလျော်စွာ အခိုက်အတန့် စေ့စပ်ကြေငြာနိုင်ပေသည်။

သို့ဖြစ်သော်လည်း၊ ပဋိပက္ခသဘောတရားတို့၏ ပြောင်းလဲတတ်ပုံ အချိုးအစားများအရ၊ နယ်ချဲ့ချင်းပဋိပက္ခသည် စစ်အသွင်သို့ လုံးဝ မရောက်ရှိနိုင်တော့ပြီဟူ၍၎င်း၊ မရောက်ရှိနိုင်သေးသည်ဟူ၍၎င်း.... ပိုင်မဆိုနိုင်ပေ၊ တည်နေဆဲနယ်ချဲ့စံနစ်၏ ကမ္ဘာချုပ်များ ရှိနေသေးသမျှ ၎င်းတို့၏ ကတ္တားလုပ်ရပ်များဖြင့်သာ မည်သည့်ဘက်သို့ အလားအလာသာနေသည်ကို ချုပ်ဝတ္တုကျကျစွာ စစ်ဆေး သုံးသပ်နေရဦးမည် ဖြစ်ပေသည်။

အလုပ်သမားလူတန်းစားဦးဆောင်သော ကမ္ဘာသူ ကမ္ဘာသား တို့အတွက်မှာမူ၊ နယ်ချဲ့ချင်းစစ်ပွဲပင်ဖြစ်စေ၊ အလုပ်သမားအရင်းရှင်စစ်ပွဲကိုပင်ဖြစ်စေ အစွမ်းကုန်တားဆီးလျက် ငြိမ်းချမ်းစွာ ဖြေရှင်းရေးသို့ ဦးတိုက်ချီတက်လျက်ရှိကြပေသည်။ မည်သည့်စစ်ကိုမဆို တားဆီးနိုင်သည့် အလားအလာကိုကား (လုံးဝတားဆီးနိုင်ပြီဟုမဆိုလို) ယနေ့ အထိပြုလျက်ရှိပေသည်။အလုပ်သမား လူတန်းစားဦးဆောင်မှု၏ စွမ်းရည်ပင်တည်း။

အကယ်၍နယ်ချဲ့စံနစ်၏နိယာမအတိုင်း၊ ကမ္ဘာက မတားဆီးနိုင်သည့်၏အဆုံးစွန်၌ နယ်ချဲ့စစ်ပွဲဖြစ်ပေါ်လာခြင်းအံ့။နယ်ချဲ့နိုင်ငံများနှင့်အပေါင်းပါအရင်းရှင်နိုင်ငံများရှိအလုပ်သမားလူတန်းစားတို့သည်

"နယ်ချဲ့စစ်မှ ငြိမ်းချမ်းရေးဒီမိုကရေစီရေးပြည်တွင်းစစ်သို့...." မလွဲမရှောင်သာကူးပြောင်းရဦးမည်ဖြစ်ပေသည်။

သို့မဟုတ်၊

ကမ္ဘာ့အလုပ်သမားလူတန်းစားသည် ဆိုရှယ်လစ်စံနစ်သို့ငြိမ်းချမ်းစွာ ကူးပြောင်းနိုင်သည့်အလားအလာများကို ပကတိရုပ်ဝတ္တုဖြစ်လာအောင်၊ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက် နေလင့်ကစား (ဝါ) ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်နိုင်သည့် ကမ္ဘာ့ကမ္ဘာချုပ်ကြီးကို ကတ္တားလုပ်ရပ်များဖြင့်အစွမ်းကုန် ငြိမ်းချမ်းရေးကို ထိမ်းသိမ်းကာကွယ်နေလင့်ကစား အမေရိကန်စစ်ဝါဒီအရင်းရှင်ကြီးတို့ ခေါင်းဆောင်သည့် ကမ္ဘာ့အရင်းရှင် ဂိုဏ်းသားများက ကမ္ဘာပတ်ချာဝိုင်းထားသည့် အနုမြူစစ်အခြေခံစခန်းများမှ တတိယကမ္ဘာစစ်ကို အကယ်တိ ယုတ်တရက် လုပ်ကြံဆင်နွှဲကြပါက၊ ကမ္ဘာ့အလုပ်သမားလူတန်းစားနှင့် ပြည်သူတို့သည်၊ မလွှဲမရှောင်သာဘဲ ကမ္ဘာ့ငြိမ်းချမ်းရေး ထိန်းသိမ်းကာကွယ်ရေးခုခံရေး စစ်ပွဲကြီးကို ဆင်နွှဲရဦးမည်သာ ဖြစ်ပေသည်။

ဤသို့ တတိယကမ္ဘာစစ် ဖြစ်ပေါ်ရန် စတင် လုပ်ကြံမှုများသည်၊ ရဲဘော်ကြီး ဗီကိုယ်မိန့်ကြားသကဲ့သို့ ကမ္ဘာ့အလုပ်သမားလူတန်းစား၏ ဆန္ဒအပေါ်တွင် လုံးဝမတည်၊ **ကမ္ဘာ့ အရင်းရှင် လူတန်းစား အပေါ်တွင်သာ လုံးဝ** တည်မှီနေပေသည်။ ဆိုကြပါ၊ ကိုချမ်းအေး ကိုယ်တိုင်လည်း ကမ္ဘာ့အရင်းရှင် လူတန်းစားအတွက် ၎င်းတို့သည် အနုမြူစစ်ကို ယုတ်တရက် မလုပ်ကြံပါဟု အာမခံချက် ပေးနိုင်သည် မဟုတ်ပေ။

(၁)

ကိုချမ်းအေးက လက်နက်ကိုင်တိုက်ပွဲဆိုသည်မှာ၊ မာ့က်စ်ဝါဒ၏ အခြေထုဘ်ချက်အတိုင်း လူနည်းစု သတ်ဆုံးရေးနှင့် ကုန်ထုတ်စွမ်းအား ရုတ်တို့ ဖြေရှင်း၍ မရနိုင်တော့သောအခါ၊ ပဋိပက္ခဖြစ်ကြသည်မှာ၊ လူမှု တော်လှန်ရေးကိုအစပြုလေသည်။ ထိုလူမှုတော်လှန်ရေး၏လူတန်းစား တိုက်ပွဲ အထွဋ်အထိပ်သည်၊ လက်နက်ကိုင် တော်လှန်ရေးဖြင့် သရုပ် ဆောင်းလေသည်ဟု ဆိုလေသည်။ ယေဘုယျ လမ်းညွှန်ချက် အဖြစ် မှတ်မှန်ပေသည်။

သို့သော်၊ ထိုသေဘာတူညီသဘောတရားလမ်းညွှန်ချက်ကိုနိုင်ငံအသီးသီးရှိ ခြားနားသောလူမှုအဆောက်အအုံ ပကတိရုပ်ဝတ္ထုကို ဆုံးစစ်အဖြေထုတ်ရာ၌မူ ကြီးမားသောတိမ်းရှိအပ်ပေသည်။

အကြင်နိုင်ငံတနိုင်ငံသည်၊ ၎င်း၏ပကတိ စီးပွားရေး ရုပ်ဝတ္ထုအရ၊ ကုန်လုပ်ဆက်ဆံရေးနှင့် ကုန်ထုတ်စွမ်းအားစုတို့သည် အဆင်မပြေနိုင်သေးသည့်အဆင့်တွင်ရှိနေသည်ဟုတွေ့ရှိရသော်လည်း ၎င်းနိုင်ငံတနိုင်ငံတည်းနှင့် ၎င်း၏စီးပွားရေးရုပ်ဝတ္ထုအတိုင်းသာတည်နေယည်မဟုတ်ပေ၊ နယ်ချဲ့စနစ်ခေတ်တွင် နယ်ချဲ့၏ဝင်ရောက်စွေးစုတ်ချယ်လှယ်ချက်ကုန်ထုတ်စွမ်းအားစုများကို တားဆီးပိတ်ပင်ထားချက်၊ ထို့ကြောင့် ကုန်လုပ်ဆက်ဆံရေးကို ပျက်ဆီးစေချက်များက ထိုနိုင်ငံ၏ စီးပွားရေးနှင့် လူမှုတော်လှန်ရေးကို ဖန်တီးနိုင်ပေသည်။

ဆိုလိုရင်းကား၊ ယနေ့ခေတ်စုတ်နယ်ပယ် ကျဉ်းမြောင်းကြပ်တည်းလာသော နယ်ချဲ့ခေတ်တွင် နယ်ချဲ့အဖွဲ့အစည်းကို ဖျက်တွယ်၍ နိုင်ငံတိုင်း၏ စီးပွားရေးရုပ်ကို သိးခြားစင်းလုံးရော ထွေးချက်အဖြေထုတ်၍ ရနိုင်ဟုဆိုလိုပေသည်။

ယနေ့ အင်္ဂလန်၊ ပြင်သစ်၊ အီတလီတို့၏ စီးပွားရေးပုံကောင်းနိမ့်ဆင်းလာရပုံသည် ၎င်း၏ ပကတိ စီးပွားရေးရုပ် အတွင်းပေါ် ပိုင်ကြောင့်သာမက ကမ္ဘာ့သက်ဝါးကြီးအုပ် အမေရိကန်စစ်အရင်းရှင်ကြီးများ၏ ထိုးနှက်လုယက် မှုကြောင့်လည်း ဖြစ်ပေါ်လာရပေသည်၊ အလားတူ ယနေ့ လွတ်လပ်ခါစ နိုင်ငံများ၏ ပကတိ စီးပွားရေးရုပ်သည် စင်းလုံးချော အတိုင်းသာဆိုလျှင် အဆင်ပြေနိုင်သည်ဟု တွက်ဆ ရမည်ဖြစ်သော်လည်း နယ်ချဲ့ဂိုဏ်း၏ပြည်တွင်းစီးပွားရေး အခြေခံစခန်းများနှင့် လက်ဝေခံအင်အားစုများ၏ တားဆီးပိတ်ဆို့ထားမှုကြောင့်၊ ကုန်လုပ်ဆက်ဆံရေးအဆင့်မပြေမှုများ ဖြစ်နေရခြင်းကို ထင်ရှားပြလျက်ရှိနေကြပေသည်။

ဤသို့ဆက်စပ်တွက်ချက်ရန် သတိရှိထားသင့်ပေသည်။

(၈)

ထိုနောက်ဆက်ထက်၍ ကိုချမ်းအေးက နိုင်ငံတနိုင်ငံရှိ တ၊ မြို့ခွဲများ၏ လုပ်ရှားမှု ၎င်းသဏ္ဌာန်ကို ထိုနိုင်ငံရှိ "လွတ်လပ်ရေးနှင့် ဒီမိုက

ရေစီရေး" တို့ကလည်း ပြဋ္ဌာန်းကြောင်း ဆက်လက်တင်ပြထားသည်၊ ၎င်းကို မော်စီတုံး၏ စစ်နှင့်သေနင်္ဂဗျူဟာ စာတမ်းပါ အချက်များကို ကိုးကားပြထားသည်။

ကျွန်ုပ်တို့ ကိုချမ်းအေးအတွက် အရေးကြီးသော အချက် ၂ရပ်ကို မှတ်ကြားမပြတ်ရန်လိုပေသည်။

ပဌမအချက်မှာ မော်စီတုံး၏စစ်နှင့် သေနင်္ဂဗျူဟာ စာတမ်း ပဌမအပိုဒ်ပါသုံးသပ်ဖော်ပြချက်များကို လေ့လာခံဟုရာ၌ တရုပ်ပြည်သည် လူ့မှုအဆောက်အအုံ၏ ပကတိရုပ်ဝတ္ထုအားဖြင့် လွတ်လပ်သော ဒီမိုကရေစီ နိုင်ငံမဟုတ်၊ ပြည်တွင်းရေးအားဖြင့်ကိုလိုနီတပိုင်း၊ပဒေသရာဇ်တပိုင်း၊ နိုင်ငံသာဖြစ်သည်၊ ပြည်ပရေးအားဖြင့် အမျိုးသားလွတ်လပ်ရေးအား နယ်ချဲ့သမားတို့က ဝင်ရောက်ချယ်လှယ်ချက်အမြဲရှိနေသည် ထို့ကြောင့် ဥပဒေအခွင့်အရေးများဖြင့် လှုပ်ရှားမှု အခွင့်အလမ်းများ မရရှိခဲ့၊ ၁၉၂၁-ခုနှစ်ပါတီတည်ထောင်ပြီးသည်မှ သုံးနှစ်သောကာလသာ နက်လက်မဲ့ ရပ်တည်နိုင်ခဲ့၍ ၁၉၂၄-ခုနှစ်မှသည် လွတ်မြောက်သည်အထိ သောကာလများအတွင်း လက်နက်ကိုင် စည်းရုံးရေးဖြင့်သာ မတွေ့မရှောင်သာ ချီတက်ခဲ့ရကြောင်း တိလင်းစွာ ဖော်ပြထားပေသည်။

ဤဖော်ပြချက်များအရ၊ မော်စီတုံးသည် လွတ်လပ်သော ဒီမိုကရေစီ တရုပ်နိုင်ငံ ဟူသည်၊ ပဉ္စာတ်ပိုင်းနှင့် စေစ်ဆေးခဲ့ တရုပ် လူမှုအဆောက်အအုံ၏ ပကတိရုပ်ဝတ္ထု အရသာစစ်ဆေး၍ မတွေ့မရှောင်သာ လက်နက်ကိုင်တော်လှန်ရေးစစ်များကို ဆင်နွှဲခဲ့ရကြောင်း ဖော်ပြထားပေသည်။ တချိန်တည်းမှာပင်၊ ရာဇဝင် စဉ်လာအရ ပြည်ပ ဝင်ရောက် ချယ်ချက်မှုကင်း၍ ဒီမိုကရေစီ အစဉ်အလာများ ဖြေ့ဝရိုင်မာသည့်အရင်းရှင် နိုင်ငံကြီးများကဲ့သို့သာ (အင်္ဂလိပ်၊ပြင်သစ်၊စသည်တို့ကဲ့သို့) တရုပ်ပြည်သည်ဖြစ်ခဲ့ပါမူ ဥပဒေနှင့်အရင်းရှင်ဒီမိုကရေစီ အခွင့်အလမ်းများကို အားပါးတရ သုံးစွဲစည်းရုံး မည်ဟုလည်း ဆိုလိုရာ ရောက်ပေသည်။

ထို့ကြောင့်၊ မော်စီတုံးသည် ကိုလိုနီတပိုင်း၊ ပဒေသရာဇ်တပိုင်း၊ အဆောက်အအုံဖြစ်ခဲ့သော တရုပ်ပြည်၏ဖြစ်အင်ကိုအထူးပြု၍ ဖော်ပြ

ထားချက်ဖြစ်ကြောင်း သတိပြုဘို့လိုအပ်ပေသည်၊ ကိုချမ်းအေးဆွဲယူ ကိုးကားသလို "အရင်းရှင်နိုင်ငံတိုင်းရှိ ကွန်မြူနစ်ပါတီတို့သည်၊ ကမ္ဘာ့စစ် အခြေအနေမှအပ၊ သာမန် အခြေအနေတို့တွင် လက်နက်ကိုင် တိုက်ပွဲဆင်နွှဲရန် မလိုဟု ဆိုထားသည်" ဟူ၍ကား၊ လုံးဝ မဟုတ် ပါပေ။ တနည်းအားဖြင့် ကိုချမ်းအေးသည် အရင်းရှင် လောကရှိ အရင်းရှင် နိုင်ငံတိုင်းအတွက် ဆွဲဇာတ်လုပ်၍ ယေဘုယျ ယောင်ဝါး ချက်အဖြစ် မလုပ်ထိုက်ပေ၊ ပြည်တွင်းပြည်ပ အခြေအနေနှင့် ရုပ်ဝတ္ထု အရသာ အကြင် နိုင်ငံတိုင်း အတွက် အဆုံးအဖြတ် ဖြစ်ပေသည်။

ကိုချမ်းအေး အတွက်၊ ဒုတိယမျက်ကြော မပြတ်ရမည့်အချက်မှာ၊ "လွတ်လပ်ရေးနှင့်ဒီမိုကရေစီရေး"ဟူသော ပြဿနာများကို ဇီဇဝ်ရာ၌ "ရော့ပဏ္ဏမြား—မရော့နဂါး"ဟူသည့် အတုံးအတစ် အဆိုင်အခဲ ကုန် ပစ္စည်း တရပ်ကဲ့သို့ မှားယွင်းစွာ ယူဆမှုပင်ဖြစ်တည်။

ဒါ—မ မှန်ပါ၊

အမျိုးသား လွတ်လပ်ရေးနှင့် ဒီမိုကရေစီ ရေးသည် (*Quality In Process*) **အခရအတွက်မှ အရည်အချင်းသို့ ပြောင်းလဲနေသော ဖြစ်စဉ်တရပ်**ဟူ၍ ယူဆမှသာ မှန်ကန်မည်ဖြစ်ပါသည်။

၁၉၄၀-ခုနှစ်တွင် ကြေငြာခဲ့သော ဗမာ့လွတ်လပ်ရေးသည် ၁၉၅၇ ခုနှစ်တွင် ဖြစ်စဉ်အားဖြင့် တိုးတက်ပြောင်းလဲလာသည့် အရှုအစဉ် ရှိနေသကဲ့သို့ ၁၉၄၉—၅၀-ဗမာ့ ဒီမိုကရေစီဖြစ်စဉ်သည်လည်း ၁၉၅၇ ခုနှစ်တွင် တိုးတက်ပြောင်းလဲလာပေသည်၊ ထိုသို့တိုးတက်ပြောင်းလဲ လာခြင်းသည် သဘောတရား အရ ပြည်သူတို့၏ တိုက်ပွဲနှင့် ကင်း၍ ဖြစ်ပေါ်လာသည်မဟုတ် အမျိုးသားလွတ်လပ်ရေးနှင့် ဒီမိုကရေစီရေး ပြည့်ဝလာစေမှုအတွက် တိုက်ခိုက်လာသည့် ပြည်သူတို့၏တိုက်ပွဲများ ကြောင့်သာဖြစ်ပေသည်။ ဤအချက်ကို သတိကြီးစွာ ပြုအပ်ပေသည်။

ကိုချမ်းအေးယူဆအခြေတုတ်သလို ၉၄၇-ခုနှစ်က၊ အမျိုးသား လွတ်လပ်ရေးနှင့် ဒီမိုကရေစီ ရေးသည်၊ ကုန်ပစ္စည်းတရပ်လို ပဏ္ဏတ် ပြည့်စုံပြီးစီးပြီ ဖြစ်သည်ဟု ကောက်ချက်ချရာ ရောက်ပါက၊ ဗမာ့လူမှု တော်လှန်ရေးကြီးတရပ်လုံး၏။ "ပဋိပက္ခနှင့်ယှဉ်၍ အစဉ်သဖြင့် တိုး တက်ပြောင်းလဲလာမှု ဖြစ်စဉ်ကြီးတရပ်လုံး"ကို မညှာမတာဖြတ်

ချက်ပစ်ရာရောက်ပေချိမ့်မည်၊ ဤသို့ကား ရုပ်ဝတ္ထုဖြစ်စဉ်တွင် ဓမ္မတာ မဟုတ်ပေ။

(ဿ)

နောက်ဆုံးတွင် ကိုချမ်းအေးသည် ကွန်မြူနစ်ပါတီတရပ်၏တိုက် ပွဲ မူသဏ္ဌာန်ကို ပြဌာန်းစေသော အကြောင်းရင်း (၄) ချက်ကို ဆွဲချ ခဲ့လေသည်။

၎င်းတို့မှာ (၁) ကမ္ဘာ့ငြိမ်းချမ်းရေး (၂) စီးပွားရေး ဖြစ်ပေါ်တိုး တက်မှုလက္ခဏာ (၃) လွတ်လပ်ရေးနှင့် (၄) ဒီမိုကရေစီရေးတို့ ဖြစ် သေသည်ဟု ဆိုလေသည်။

ဤအချက် (၄) ရပ်ကို ဘုန်းနိုင်တို့ပါတီက ယေဘုယျသဘော 'တန်းစီ ၍ပြချက်ကို' လက်ခံပါသည်၊ သို့သော်လည်း အထက်တွင် ဆေဖန် သုံး သပ်ပြခဲ့သည့်အတိုင်း အရင်းအမြစ်နှင့်အနှစ်သာရသဘောတွင်မူကား ကျွန်ုပ်တို့နှင့် များစွာကွာခြားချက်ရှိပေသည်။

ကျွန်ုပ်တို့၏ခံယူချက်မှာ ကမ္ဘာ့တွင်၎င်း၊ အကြင်နိုင်ငံ တနိုင်ငံ၏ သီးခြားဖြစ်ပေါ်မှုတွင်၎င်း၊ ပုဂ္ဂိုလ်ခေါင်းဆောင် တဦးဦး၊ ပါတီအဖွဲ့ အစည်း တရပ်ရပ်၏ ဖြစ်စေချင်သော-ဖြစ်စေလိုသော ဆန္ဒပိုင်းအရ ဖြစ်ပေါ်နေကြ ရသည်မဟုတ်၊ လူမှုတော်လှန်ရေး၏ ရုပ်ဝတ္ထု ဖြစ်စဉ် များအတိုင်းသာ (*The Material Process of Social Revolu tion*)၊ ဖြစ်ပေါ်နေကြရသည်။ ထိုသို့ဖြစ်ရာ၌ အဓိကရုပ်ဝတ္ထု ဖြစ်စဉ်မှသည်၊ စိတ်ဝတ္ထုဖြစ်စဉ် သို့စိတ်ဝတ္ထု ထင်ဟပ်ချက်မှသည်-ရုပ်ဝတ္ထုပြောင်းလဲ ချက်သို့စသည့် အညမညပစ္စည်းသဘော သက်ရောက်နေကြပေသည်။

ထိုသို့ ကိုးတက်ဖြစ်ပေါ်မှုများတွင်၊ လူတန်းစား တိုက်ပွဲ၏ လမ်း ကြောင်းနှင့်မူသဏ္ဌာန်ကိုဆုံးဖြတ်ရာ၌ အချိန်တချိန် အဆင့်တဆင့်တွင် အဓိကပဋိပက္ခသည်၊ တခုတည်းသာ ထရှေ့ဆောင်၍ရှိရစမြဲ၊ သို့ရှိနေ သည့်အဓိကပဋိပက္ခ၏ ရုပ်ဝတ္ထု အချင်းအရာများနှင့် ဆက်ဆံရေးဂျက် နေများအသာ ထိုက်ပွဲလမ်းကြောင်း (ဝါ) လူမှုတော်လှန်ရေးလမ်း ကြောင်းကို ပြဌာန်းပေသည်။ ဤအရင်းအမြစ်နှင့် အနှစ်သာရကသာ- အဦကာအကြောင်းရင်းဖြစ်ပေသည်။

အဘိုချုပ်ဆိုရသော်-ဤနိုင်ငံ, ဤကမ္ဘာတွင် ဖြစ်ပျက်သမျှတို့သည် ရှုပ်ထွေးနှင့်ကင်း၍ ဘာမျှဖြစ်ပေါ်မှုမရှိနိုင်ချေ။

ဗမာပြည်တွင်၊ ယခုဖြစ်ပွားနေသော ပြည်တွင်းစစ်ပွဲ ကြီးသည် သည်း ပုဒ္ဓိုလ်-ပါဘီဘခု၏ ဆန္ဒအလျောက်သာ မှားသွင်းစွာဖြစ်ပေါ် နေရပါသည်ဆိုလျှင်၊ ပဋိပက္ခတရပ်၏ အင်္ဂါ ၂ ဘက်တွင်၊ တဖက်ကို ကွယ်ဖြောက်သေးရာရောက်ရှိသာမကသေး၊ မှ ၉ နှစ်ကြာအောင် ဖြစ်ပေါ် နေရသောဖြစ်ရပ်ကြီးတခု၏ရှုပ်ထွေး အခြေခံကို (Social Base) သည်။ လုံးဝ, မျက်ကွယ်ပြုရာရောက်ပေချိမ့်မည်။

အခန်း (၂)

စစ်ပြီးခေတ်ကမ္ဘာ့အခြေအနေ ဖြစ်ပေါ်တိုးတက်မှု၏ ထူးခြားချက်များ

ဤအပိုင်းတွင်၊ ကိုချမ်းအေးသည် ဒုတိယကမ္ဘာစစ်ခေါ် ဖက်ဆစ် ဆန့်ကျင်ရေးစစ်ပွဲကြီးပြီးဆုံးပြီးနောက်၊ နိုင်ငံတကာရေးရာ အခြေအနေ တွင် ထူးခြားသောအသွင် ၃ ရပ်ကို ပေါ်ပြထား၏။

၎င်းတို့မှာ—(၁) ကမ္ဘာ့ဆိုရှယ်လစ်စနစ်၊ (၂) အရှေ့တလွှားတွင် ပေါ်ပေါက်လာသော လွတ်လပ်သော အမျိုးသားနိုင်ငံများ။ (၃) အများအပြားပေါ်ပေါက်လာသောကြားနေနိုင်ငံများတည်းဟူ၍ တန်းစီပြ၏။

သို့သော်သည်း၊ ထိုဖြစ်ပေါ်ချက်များ၏ အကြောင်းရင်းခံ ဇစ်မြစ် များကို မဖော်ပြသဲ့ရှိက-ပြည့်စုံ မှန်ကန်မည်မဟုတ်ပေ။

အကြောင်းကား....

ဖြစ်ပေါ်တိုးတက်မှုတိုင်းသည်၊ ပဋိပက္ခနှင့်မကင်းချေ။

ယနေ့ကမ္ဘာတွင် ဖြစ်ပေါ်နေသော အမှတ်သင်္ကေတထိုးခါ တန်းစီ၍ ပြသော်လည်း၊ မကုန်ခမ်းနိုင်သောဖြစ်ပေါ်နေချက်များသည် အရင်းခံ အားဖြင့် ပဋိပက္ခကြီး၄ရပ်မှ၊ ရေအလျဉ်လျောဆင်းသကဲ့ သက်ဆင်း၍ နေကြပေသည်။

ဤပဋိပက္ခကြီး ၄-ရပ်သည်၊ တည်နေဆဲရှုပ်ငြိမ်းနေဆဲနယ်ချဲ့စနစ်၏ မွေးသန္ဓေပေါ် အတွင်းပဋိပက္ခကြီးတို့သာဖြစ်လေသည်။ ဤပဋိပက္ခကြီး များနှင့်ကင်းလွတ်၍ မည်သည့်ဖြစ်ပေါ်ချက်မျှ မဖြစ်ပေါ်နိုင်ပေ။

၎င်းတို့သည်သာ ယနေ့ကမ္ဘာကို ကြည့်ရှုသုံးသပ်အပ်သော မှန် ပြောင်းကြီး ၄ လက်ဖြစ်တော့သည်။

၎င်းတို့ကား....အသို့နည်း။

(၁) အရင်းရှင် နယ်ချဲ့နိုင်ငံများအုပ်စုနှင့် ဆိုရှယ်လစ်နိုင်ငံများ အုပ်စု၏ ပဋိပက္ခ။

(၂) နယ်ချဲ့နိုင်ငံများနှင့် လွတ်လပ်ခါစ နိုင်ငံများ၊ မလွတ်လပ်သေးသောနိုင်ငံများ၏ ပဋိပက္ခ။

(၃) နယ်ချဲ့အရင်းရှင်ကြီးများနှင့် ထိုနိုင်ငံများရှိ အလုပ်သမား လူတန်းစား ပဋိပက္ခ။

(၄) နယ်ချဲ့အချင်းချင်း ပဋိပက္ခ....ဟူ၍ ဖြစ်ပေသည်။

ဤပဋိပက္ခကြီး ၄-ရပ်သည်ကမ္ဘာလုံးအတိုင်းအတာအရ၊ သရုပ်ဆောင်နေသည့်အဓိကပဋိပက္ခကြီးဖြစ်သော ကမ္ဘာ့အရင်းရှင်လူတန်းစားနှင့် အလုပ်သမားလူတန်းစား ဦးဆောင်လျက်ရှိသည့် နယ်ချဲ့ဆန့်ကျင်ခံ ကမ္ဘာ့ပြည်သူတို့၏ ပဋိပက္ခကြီး အတွင်း၌ ပါဝင်ကြပေသည်။ ထို့ကြောင့်ဤပဋိပက္ခ ၄ ရပ်နှင့် အခြားအခြားသော ပဋိပက္ခတို့သည် ဘောင်ပြုပါ အဓိကပဋိပက္ခကြီး၏ လက်အောက်ခံ ပဋိပက္ခတို့သာ ဖြစ်ပေသည်။ ထိုအဓိကပဋိပက္ခကြီး ၂ ဘက်၏အခြေခံမှာစစ်ရေးအင်အားစုကြီး (War Force) နှင့်ငြိမ်းချမ်းရေးအင်အားစုကြီး (Peace Force) တို့ဖြစ်ကြပေသည်။ ထိုအင်အားစုကြီး ၂ ရပ်သည်၊ ယနေ့ကမ္ဘာလုံးကို လွှမ်းမိုး၍ စီးပွားရေး လူမှုရေးအားဖြင့် ကွဲပြားနေသော အရင်းရှင် စီးပွားရေးစနစ် (ဝါ) အရင်းရှင်ဂိုဏ်းနှင့် ဆိုရှယ်လစ်စီးပွားရေးစနစ်.... (ဝါ) ဆိုရှယ်လစ်ဂိုဏ်း (Capitalist Camp and Socialist Camp) တို့ထိုင်ကျော်လွှန်လာခဲ့ပေပြီ။ အကြောင်းကား လွတ်လပ်ခါစနိုင်ငံ အများစုနှင့်ကျားနေနိုင်ငံများသည်၊ စနစ်အားဖြင့် အရင်းရှင်စီးပွားရေး လောကအတွင်း စနစ်ကြီးအတွင်း၌ပင် ရှိနေကြသော်လည်း စစ်ရေးအင်အားစု ငြိမ်းချမ်းရေးအင်အားစုအားဖြင့် ခွဲခြားကြည့်လျှင်ငြိမ်းချမ်းရေးအင်အားစုအတွင်းသို့ တစတစ ရောက်ရှိနေကြပေသည်။ ၎င်းတို့ ဤသို့ရောက်ရှိလာရသည်မှာ၊ နယ်ချဲ့ဆန့်ကျင်ရေး စစ်ဆန့်ကျင်ရေးအားဖြင့် ရောက်ရှိလာရခြင်းဖြစ်ပေသည်။

ဤသဘောကို ပဋိပက္ခ သဘောတရားနှင့် ကြည့်လျှင်၊ အရင်းရှင်လောကအတွင်း၊ နယ်ချဲ့နှင့်နယ်ချဲ့ လက်အောက်ခံနိုင်ငံများ၊ အမှီခိုနိုင်ငံများ၏ပဋိပက္ခသာဖြစ်ပေသည်။ ထိုပဋိပက္ခ၏ ဖြစ်ပေါ် တိုးတက်

ချက်က-ကမ္ဘာ့ဆိုရှယ်လစ်စနစ်ကခေါင်းဆောင်လျက်ရှိသောငြိမ်းချမ်းရေးအင်အားစုတွင်းသို့ပါဝင်လာပေသည်။ စီးပွားရေးလူမှုရေးစနစ်အားဖြင့်မူ၊ ၎င်းတို့သည်အရင်းရှင်လောက (Capitalist Camp) အတွင်း၌သာရှိနေကြပေသေးသည်။

ထို့ကြောင့်-ကမ္ဘာ့ဂိုဏ်းအားဖြင့်ကြည့်လျှင်၊ လွတ်လပ်ခါစ နိုင်ငံများသည်၊ အရင်းရှင်လောကအတွင်း၌သာရှိကြပေရာ၊ ကိုချမ်းအေးယူဆသကဲ့သို့ တတိယဂိုဏ်း တတိယအုပ်စုများမဟုတ်ကြပေ။ သို့သော်လည်း နယ်ချဲ့ဆန့်ကျင်ရေး စစ်ဆန့်ကျင်ရေးအားဖြင့်မူ၊ ကမ္ဘာ့ငြိမ်းချမ်းရေးအင်အားစုများအတွင်း၌သာ ရပ်တည်နေကြပေသည်။

အားလုံးကိုခြုံသော်-ကမ္ဘာ့ ဂိုဏ်းကြီးများအားဖြင့် (Capitalist Camp and Socialist Camp) အရင်းရှင်ဂိုဏ်းနှင့်ဆိုရှယ်လစ်ဂိုဏ်းသာ ရှိပေသည်။ ကိုချမ်းအေးဆိုသကဲ့သို့ တတိယဂိုဏ်း တတိယအုပ်စုဟူ၍ မရှိပေ။ အရင်းရှင်ဂိုဏ်းအတွင်း၌ အချင်းချင်းပဋိပက္ခ၏ဖြစ်ပေါ်ချက်သာ ဖြစ်ပေသည်။

၎င်းနှင့်ဆက်၍ ကိုချမ်းအေး၏ ရဲဘော်စာတောင်အပေါ် ထောက်ချက်တရပ် ချမှတ်မှုနှင့်ပါတ်သက်၍ ဝေဖန်အပ်ပေသည်။

ကိုချမ်းအေးက "စာတောင်၏ ဘဂျက်မြောက် ကွန်ဂရက်အစီအရင်ခံစာတွင်ပါသည်ဟူ၍ ကိုးကားသွက် စာတောင်က "ဗိုနိုင်ငံ ဗိုနိုင်ငံတို့တွင် ဆိုရှယ်လစ်နိုင်ငံများ တိုအချိန်ဒီအချိန်တို့တွင် ပေါ်ပေါက်လာမည်ဖြစ်ကြောင်း၊ ဤသို့ပေါ်ပေါက်လာပြီးနောက်ဆိုရှယ်လစ်နိုင်ငံချင်း စုစည်းမိက ကမ္ဘာ့ဆိုရှယ်လစ်စနစ် ဖြစ်လာမည်ဖြစ်ကြောင်း၊ ဤသို့ ဖြစ်လာသော အခါ၊ အရင်းရှင် ကမ္ဘာနှင့် ဆိုရှယ်လစ် ကမ္ဘာသည် စစ်ပွဲကြီး တခုပုံဖြင့် အပြီးသတ် တရင်း ရှင်းကြလိမ့်မည် ဖြစ်ကြောင်း။ (Final 'Showdown') ထိုအဆုံးသတ်ငြိမ်းချမ်းစွာ ဆိုရှယ်လစ်စနစ်သို့ ကူးပြောင်းနိုင်သော အလားအလာသည် အလွန်ပေါ့ပျော့လျက်ရှိကြောင်း၊ ပေါ်ပြောခဲ့လေသည်" ဟူ၍ ကိုချမ်းအေးကသူ၏ ... ... စာအုပ် စာမျက်နှာ ၇-လက်ဝဲ တတိယပိုဒ်တွင် အမိုက်အမဲ ရေးသားဖော်ပြထားလေသည်။

ကျွန်ုပ်တို့သည်၊ များမွှားအံ့အားသင့်ခါ၊ အဆိုပါ ၁၉၃၄ ခုနှစ် ဇန်န

ဧပြီလ ၂၆-ရက်နေ့၌ ၁၇ ကြိမ်မြောက် ကွန်ဂရက် အစီရင်ခံစာကို၊ အကြမ်းဖြင်းပြန်လည်ရေးလာကြလေသည်။ ၁၉၄၃ ခုနှစ်ထုတ် စတာလင်၏ အစီရင်ခံစာများစာတွဲ စာမျက်နှာ ၁၀၃—မှ—၁၇၀ အထိတွင်ရှင်း၊ ၁၉၅၂-ခုနှစ်၊ မော်စကိုထုတ် စတာလင်၏ လီနင်အကြောင်းပြောသောစာများ ကျမ်းပေါင်းရှိ စာမျက်နှာ ၅၅၅-မှ ၆၅၅ အထိရှင်း၊ အထူးသဖြင့် နိုင်ငံတကာရေးရာ အစီရင်ခံချက်အပိုင်းကို အနည်းငယ်လုံလောက်အောင်ဖတ်ကြည့်ရာ ကိုချမ်းအေးကိုးကားသော စကားလုံးများသည်ရှင်း၊ သဘောမှားသည်ရှင်း၊ လုံးဝရှာ၍ မတွေ့ရပေ။

ဆက်၍ ဆိုဦး ကျွ၊

ရုရှားကြီး စတာလင်၏ အဆိုပါအစီရင်ခံစာ နိုင်ငံတကာရေးရာ အပိုင်း၌ အချို့တွင် ဒုတိယ ကမ္ဘာစစ်မတိုင်မီ ၁၉၃၃ ခုနှစ် ကာလရှိ ကမ္ဘာ့အရင်းရှင်စနစ်၏ ပိုမိုကျဉ်းမြောင်း ကျဉ်းသည်းလာသောအတွေ့အတွေ့ စီးပွားရေးပျက်ကပ်၏ အဓိကအသွင်လက္ခဏာများကိုဖော်ပြခြင်း နယ်ချဲ့အချင်းချင်း ပဋိပက္ခများနှင့် ဩဇာနယ်ပယ် လုယက်ဖွဲ့စည်းခြင်းများကိုဖော်ပြခြင်း၊ စစ်ပြင်ဆင်မှုနှင့် စစ်ရေးထွက်ရပ်လမ်း ရှာဖွေပုံများကို ဖော်ပြခြင်း၊ အရင်းရှင်စနစ်၏ ကျဆုံးသော အပိုင်းဖြစ်သည့် ဖက်ဆစ်လက္ခဏာများကိုဖော်ပြခြင်း၊ စီးပွားပျက် ကပ်ဆိုက် မြောက်နေသော ဆိုဗီယက်ယူနီယံနိုင်ငံအတွက်မူ စက်မှုလက်မှုနှင့်လယ်ယာ စိုက်ပျိုးရေးဘက်တို့တွင် မန်မှန်ကြီး ငြိမ်းချမ်းစွာ အိုဘက်တောင်မြင့် နေပုံကိုဖော်ပြခြင်း၊ ကမ္ဘာ့စစ် ဆန့်ကျင်ရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေး ထိန်းသိမ်းရာ ဘွယ် မှုများအတွက်၊ တသမတ်တည်း မှန်ကန်စွာရှေ့ဆောင်လာပုံ ရှေ့ဆောင်နေဆဲဖြစ်ပုံ များကိုဖော်ပြခြင်းများဖြင့် ပထမ ခန်း၌ ပဉ္စမပိုင်းတွင် အရင်းရှင် နိုင်ငံကြီးများ၏ စီးပွားရေး ကြပ်တည်းမှုလမ်းကြောင်းကို အကြောင်း အကျိုးပြချက် စီးပွားရေးသဘော များဖော်ထုတ်ချက်တို့ဖြင့် ကိုးကား အစီရင်ခံထား၏၊ ဒုတိယပိုင်းတွင်မူ၊ အရင်းရှင်နိုင်ငံကြီးများ၏ နယ်ပယ်တွင် နိုင်ငံရေး တင်းမာလာမှု များကို ဖော်ပြထားသည် အရင်းရှင် စီးပွားရေး အကြပ်အတည်းကို စစ်နှင့် ထွက်ရပ်လမ်းရှာခြင်းဖြင့် မတာယ်တင်နိုင်ကြောင်း၊ ပိုမိုဆိုးဝါး လာရ မည်သာ ဖြစ်ကြောင်း၊ နှင့် အစီရင်ခံထား၏၊ ၎င်းအပိုင်းတွင်

"အရင်းရှင်များက စစ်ရေးလမ်းကြောင်းကို ရွေးရှာ ရွေးတမ်းလိုက်၍ ရွေးချယ်ပါက....လေးနှစ်တိုင်တိုင် အလုပ်လက်မဲ့နှင့် စီးပွားပျက်ကပ်ကြီးကို အပြင်းအထန် ရင်ဆိုင်ခံစားလာခဲ့ရပြီဖြစ်သော အလုပ်သမား လူတန်းစားက တော်လှန်ရေးလမ်းကြောင်းကို ရွေးချယ်ကြလိမ့်မည်ဖြစ်ကြောင်း၊ ဤသို့ပြင့်တော်လှန်ရေး အခြေအနေကို ရင်ဆိုင်ခြင်းသို့ ရောင်ရှာသောရောက်၍ ဆက်၍သော ပို၍ရင့်ကျက် လာလိမ့်မည်သာဖြစ်ကြောင်း၊ အရင်းရှင်ကြီးများသာ စစ်အုပ်စုများ ဖွဲ့စည်းရေးတွင် ပိုမို အနှောင့်အယှက် ပိုလေ—လေ၊ အလုပ်သမား လူတန်းစားနှင့် လယ်ယာ အလုပ်သမားများအပေါ် ပိုမိုရက်စက် ကြမ်းကြုတ်စွာ သွေးစုတ်မှုနှိပ် လေ-လေ ဖြစ်မည်ဖြစ်ကြောင်း၊ ဤသို့ဖြစ်လေ—တော်လှန်ရေး ပေါက် ကွဲမှုများ ကိုးကာက်ဖြစ်ပေါ် လာလေလေ-ဖြစ်မည်ဖြစ်ကြောင်း၊ ဤသို့ ဖြစ်၍ တော်လှန်ရေးဆောင်ပွဲများ မှုချ၍ပျံနှံတော့မည် အရင်းရှင်စနစ် ကြီး လုံးဝကျဆုံးတော့မည်ဟု ရှုတော်များယူဆလျှင် အမှားကြီး မှား ပေလိမ့်မည်ဖြစ်ကြောင်း၊ တော်လှန်ရေးတခုပေါ်သည် မည်သည့်အခါရောက်ရှိလာ လေ၊ တော်လှန်ရေး ပါတီတခုနှင့် တော်လှန်ရေး ပြင်ဆင်မှုလုပ်ငန်း များကာအခြေအနေနှင့် ကိုက်ညီအောင် မလုပ်ဆောင်နိုင်ပါက အောင်ပွဲသည် အလိုလိုလက်ဝယ်သို့ ရောက်လာလိမ့်မည် မဟုတ်ကြောင်းဖြင့်၊ လီနင်၏ ပြောက်စွဲနှင်းကျမ်း အတွဲအမှတ် ၂၅—စာမျက်နှာ ၃၄၀-၃၁ ပါ ဆွဲသွင်းချက်များကို ကိုးကား၍ အစီရင်ခံထား၏။

ဤအပိုင်းတွင်ကျွန်ုပ်တို့တွေ့ရ၏ ကိုချမ်းအေးကိုးကားသော စကားလုံး များနှင့် သဘောကျ၍ တွေ့ရ။

တတိယပိုင်းတွင်မူ၊ စတာလင်က အရင်းရှင်နိုင်ငံများနှင့်ဆိုဗီယက် ယူနီယံ ဆက်ဆံရေးများကို ဖော်ပြထား၏၊ ၎င်းအပိုင်း တွင်လည်း၊ ဆိုဗီယက်ယူနီယံသည် ထိုကဲ့သို့သော စစ်နယ်များနှင့်စစ်မှန်သို့ပြင်းများ အကြားတွင် ငြိမ်းချမ်းရေးကို တယ်ကဲ့သို့ ခံခံ၍ရှေ့ဆောင်နေရပုံ၊ ဆိုဗီယက်ယူနီယံက ဘာမျှမကြောက်ရွံ့ဘဲ ရဲရဲတင်းတင်းနှင့် နိုင်ငံရပ်များမှာ ငြိမ်းချမ်းရေးမူများကို ရှေ့ဆောင်နေဝန်းလေသည်၊ ဆိုဗီယက် ယူနီယံ၏ အင်အားကြီး ၄-ရပ် (နိုင်ငံရေး စီးပွားရေးအင်အား၊ ငြိမ်းချမ်းရေး ကို ချစ်ကြည်ရှိသည့် နိုင်ငံတိုင်းရှိ အလုပ်သမား ထုကြီး၏ အင်အား

အကြောင်းကြောင်းတို့ကြောင့် ငြိမ်းချမ်းရေးကို ကာကွယ်လိုသည့် အ ဖြင့် ဆိုဗီယက် ယူနီယံနှင့် ငြိမ်းချမ်းစွာ ကူးသန်းရောင်းဝယ် ဆက်ဆံလိုသည့် နိုင်ငံများ၏ အင်အားနှင့် ကြီးမားလှသော တပ်နီတော်ကြီး၏ ခုခံရေးအင်အား) ကြောင့်သာဖြစ်ပုံ၊ အရင်းရှင်နိုင်ငံကြီးများနှင့် ဆိုဗီယက်ယူနီယံ ငြိမ်းချမ်းစွာ ဆက်ဆံရေး ပြေပြစ်အောင် ကြိုးပမ်းနေပုံ၊ ထိုသို့ကြိုးစားနေသော်လည်း ငြိမ်းချမ်းရေးအတွက် ဆိုဗီယက်အပေါ်တွင်သာ တာဝန်သက်တည်နေသည်မဟုတ်၍ ယုတ်တယက်ကျူးကျော်တိုက်ခိုက်သူများအတွက်၊ အသင့်ပြင်ဆင် ထားရပုံများကို ဖေါ်ပြပြီးနောက်၊ ဆိုဗီယက်ယူနီယံ၏ ရှင်းလင်းလှသော နိုင်ငံခြားရေးဝါဒမှာ ငြိမ်းချမ်းရေး ထိမ်းသိမ်းမှုဖြစ်၍ အားလုံးသောနိုင်ငံများနှင့် စီးပွားရေးဆက်ဆံမှုများ တိုးတက်နိုင်မှာအောင် ပြုလုပ်ရေးသာဖြစ်ကြောင်းနှင့် နိဂုံးချုပ်ထားလေသည်။

ဤအပိုင်း ၃-ပိုင်းစလုံးတွင် ကိုချမ်းအေး ကိုးကားသောစာလုံးများနှင့်အဓိပ္ပါယ်သဘောသက်ရောက်ချက်များလုံးဝမပါရှိမတွေ့မြင်ရပေ။

ကျွန်ုပ်တို့သည် ဘာ့ကြောင့်ဤအချက်ကို အကျယ်တဝင့်ထပ်၍ထပ်၍ ရှင်းနေရပါသနည်း။

အကြောင်းရှိပါသည်၊

ကိုချမ်းအေးသည် နယ်ချဲ့သမား တို့၏အကြိုက် စတာလင်အား ပုဂ္ဂိုလ်ခွဲ ပုတ်ခတ်ရှုချမှုသာဆိုလျှင်၊ သက်သေခံစရာ ကမ္ဘာ့ကလုပ်သားလူတန်းစား ရှိနေသည့်အတွက် အကျိုးသက်ရောက်ပုံ အာနုဘော်မကြီးလှ။

ထိုမျှသာမဟုတ်ဘဲ၊ ကိုချမ်းအေးစာတမ်းတွင်ထုတ်ဖေါ်ခဲ့ချက်တင်ထားသည့်အတိုင်း၊ စတာလင်နှင့် ဆိုဗီယက်ယူနီယံ ကွန်မြူနစ်ပါတီသည် (က) ညီညာစွာ တိုးတက်ဖြစ်ပေါ်မှုတရားကို လက်ခံနေသည့်အတွက်၊ ဝါဒ၏ 'ကကြီးခွေး' ပိုင်းကိုမျှသာမလည်ရာ ရောက်နေခြင်း။ (ခ) စနစ်၂ခု ငြိမ်းချမ်းစွာယှဉ်ပြိုင်နေထိုင်နိုင်ရေးကို ပစ်ပယ်ရာရောက်ခြင်း။ (ဂ) ထို့ကြောင့်- "အပြီးသတ်စာရင်းရှင်းပွဲကြီးအတွက်" ဒုတိယကမ္ဘာစစ်ကြီးကိုပင် စတာလင်နှင့်ဆိုဗီယက်ယူနီယံ ကွန်မြူနစ်ပါတီက လှုံ့ဆော်ဖန်တီးခဲ့သလိုလို ဖြစ်ဆောင်ရာရောက်ခြင်း။

ဤသို့သော-ကောက်ချက်များ အတွက်၊ ကိုချမ်းအေး၏ စာတမ်းတွင် သံသယများ ကိန်းအောင်း ပေါ်လွင်နေရကား....ကျွန်ုပ်တို့ အတွက်ဆက်၍ ဆိုင်စရာမရှိအောင် များစွာအံ့အားသင့်မိပေတော့သည်။

"ဆိုရေးရှိက-ဆိုအပ်လှ၏" ဟုသောစကားအတိုင်း ဆက်၍ပင် ဆိုရချေဦးမည်။

အကယ်၍သာ-ကိုချမ်းအေးဆိုသလို၊ စတာလင်နှင့် ဆိုဗီယက်ယူနီယံ ကွန်မြူနစ်ပါတီတို့က ၁၉၃၄-ခုနှစ်မှစ၍ "အပြီးသတ်စာရင်းရှင်းပွဲကြီး" ကိုဦးတိုက်၍ ချီတက်လာပါက အဘယ်ကြောင့် စတာလင်သည် ၎င်း၏ဆိုရှယ်လစ်စီးပွားရေးပြဿနာကျမ်းတွင် "အရင်းရှင်နိုင်ငံအချင်းချင်း ပဋိပက္ခသည်၊ အရင်းရှင်အုပ်စုနှင့်ဆိုရှယ်လစ်အုပ်စုတို့၏ ပဋိပက္ခထက်လက်တွေ့ဘွင်းပြင်းထန်ပေသည်" ဟုဘာကြောင့်ဖေါ်ပြခဲ့သနည်း၊ ဘာ့ကြောင့် ဤအချက်ကို ယနေ့အီဂျစ်စစ်ပွဲက အခိုင်အမာသက်သေခံပါသနည်း....?

အားလုံးကို ခြုံ၍သုံးသပ်ရသော်-ယနေ့ကမ္ဘာတွင် ဆိုခဲ့သည့်ကမ္ဘာ့ပဋိပက္ခကြီး ၄ ရပ်၏ပေါင်းစပ်တည်နေမှု၊ အင်အားဖြည့်တင်းမှုကြောင့် ငြိမ်းချမ်းရေးအင်အားစုကြီးသည်ပေါ်ပေါက်နေပေသည်။ စစ်ရေးထက် ငြိမ်းချမ်းရေးကာအလေးသာလျက်ရှိပေသည်။ မည်သည့်စစ်ကိုမဆို...တားဆီးနိုင်သည့်အလားအလာကိုပြလျက်ရှိပေသည်။

ထိုငြိမ်းချမ်းရေး အင်အားစုကြီးသည်၊ အောက်ပါအချက်များကို အခြေခံသည်။

(၁) အရင်းရှင်စံနစ်နှင့်ပြိုင်လျှင်၊ ဆိုရှယ်လစ်စနစ်၏ပိုမိုတိုးတက်မှု။

(၂) လွတ်လပ်ခါစ, နိုင်ငံများက-လုံးဝလွတ်လပ်ရေး ပြည့်ဝမှုအတွက် ကြိုးပမ်းမှု၊ မလွတ်လပ်သေးသော နိုင်ငံများက-လွတ်လပ်ရေးအတွက် ကြိုးပမ်းမှု။

(၃) အရင်းရှင် နိုင်ငံများရှိ-အလုပ်သမား၏ ပိုမိုအင်အား ကြီးမားလာသော လှုပ်ရှားမှု။

(၄) နယ်ချဲ့အချင်းချင်း ပိုမိုပြင်းထန်စွာ ရေးနာလာမှု (အင်္ဂလိပ်အရင်းရှင်နိုင်ငံနှင့် ဆိုရှယ်လစ်နိုင်ငံများ စီးပွားရေးဆက်ဆံမှုကို-အမေရိကက တားဆီးလျက်ရှိနေသည့်တ သာဓက

ပြီသည်။ အာရှအလယ်ပိုင်းဒေသ လုယက်မှုက သာစေ
ပြုသည်) သည်....

ကိုချမ်းအေးပြောသည့်တတိယကြားနေ အုပ်စုကြီးကြောင့်ငြိမ်းချမ်းရေးကို ပိုမိုထိန်းသိမ်းလာနိုင်သည်ဆိုသည်မှာ၊ အရင်းအမြစ်ကျေးပ။ အထက်ပါ အချက်တို့သည်သာ အရင်းခံကျ၍ ရင်းတုံ့၍သာအကြံပေးနိုင်မေသည်။

သို့ပင်ဖြစ်လင့်ကစား၊ နယ်ချဲ့တို့၏ စစ်ပြင်ဆင်ရေးသည် လျော့နဲ့သည်မဟုတ်သည်ကိုလည်း ထာဝတ်က် သတိပြုရပေမည်။ အမေရိကန်နယ်ချဲ့က ယနေ့အချိန်တွင် ကမ္ဘာနှင့် အဝှမ်း-ကုန်း-ရေ-လေ-အနုမြူ-စစ်အခြေခံစခန်းများဖြင့်ဆိုရှယ်လစ်နိုင်ငံများအား ဝိုင်းရံထားခြင်းနှင့်အမျိုးသားတော်လှန်ရေးများကိုအစွမ်းကုန်ဝင်ရောက်ချယ်လှယ်ခြင်း နေခြင်းများက သက်သေပြလျက်ရှိပေသည်။ ဤတွင်လည်း ကိုချမ်းအေးသည်၊နယ်ချဲ့အန္တရာယ်ကို သူ၏ ဆောင်းပါး တလျောက်လုံးတွင် သိသာထင်ရှားစွာ ဖေါ်ပြထားပေသည်။

ကိုချမ်းအေးသည်၊ ဤပြသနာတွင်တည်နေသော....ကမ္ဘာ့ရုပ် အလားအလာနှင့်သာအဆုံးသတ်၍ ကမ္ဘာ့ပေါ်လိုက်ပြောင်းမှုများဖြင့်ပေါ်ပေါက်သော အခြေထုတ်မှုမပြုသည့် မှားယွင်းချက်ကြောင့်ပင် ဖြစ်ပေသည်။

ကိုချမ်းအေးက ဆက်၍ဆိုသည်မှာ-"သို့ဖြစ်ရာနယ်ချဲ့နိုင်ငံတို့သည်ဤအခြေအနေများကို ထည့်တွက်မိပြီးသကာလ မိုက်မဲစွာပင်စစ်ပွဲကိုစတင်လိမ့်မည်ဆိုလျှင် လွန်စွာရှောက်ပေမည်၊ နယ်ချဲ့နိုင်ငံတို့သည် ဤမျှအထိမိုက်မဲပါမည်လော"ဟုဆိုပြန်လေသည်။ သို့သော်လည်း နယ်ချဲ့တို့၏ မိုက်လုံးကြီးတွားလှမှုကို ဟန့်ခေါ်နိုင် အင်္ဂလိပ် အမေရိကန်အခင်းများက တော့ စင်းစင်းသား သက်သေခံလျက်ကား ရှိနေပေသည်။

ထို့ကြောင့်ကျွန်ုပ်တို့သည် စစ်မဖြစ်နိုင်တော့ပါဟူ၍ရင်း စစ်ဖြစ် လိမ့်မည်ဟူ၍ရင်း၊ ပြောဆိုသောအစွန်း၂ဘက်ကို ပုံသေမထိုင်တွယ်ဘဲ အလားအလာ၂-ရပ်၏ အင်အားချင်း နှိုင်းယှဉ်ချက်ကို ဆိုခဲ့သည်။ အီးမြိမ်းသေးရပ်ပေါ်တွင် ချိန်တွယ်၍ စစ်ရေးအလားအလာကို ဝိုင်းဝန်းတားဆီး၍ ငြိမ်းချမ်းရေး အလားအလာကို ဖြိုးသော အလေးသာလာရန် ကြိုးပမ်းဆိုလိုအပ်ပေသည်။

ယနေ့ကမ္ဘာတွင်မူ ငြိမ်းချမ်းရေးအင်အားစုံများနှင့် အလားအလာများသည် ဂိုဏ်းကြီး၂-ရပ်ကိုပင်ကျော်လွှားစုစည်းထားနိုင်သည့်အခြေရှိလာသဖြင့် ပိုမိုကြိုးပမ်းရန် လိုအပ်သလို တဖက်တွင်လည်း နယ်ချဲ့တို့၏ စစ်လုပ်ကြံ ပြင်ဆင်မှုများ သည်လည်း လျော့နဲ သွားပြီ၊ စစ်မြေ... ဟောက်များ ပါးပြင်းချပ်သွားပြီဟု မဆိုနိုင်၊ ဆက်လက်လုပ်ကြံလျက်ပင်ရှိနေသေးသည်ကို အထူး အလေးအနက် သတိပြု ဟန့်တားကြရန်လိုအပ်ပေသတည်း။

(ကြားဖြတ်အမှာ ကိုချမ်းအေး၏ စာတာလင်နှင့်တိုမင်ဖေါင်တို့က ဂိုဏ်းကြီး ၂ဂိုဏ်းမျက်နှာချင်း ဆိုင်စေ၍အပြိုင် ခုရင်းရှင်းရန် ကြိုးပန်းဦးတည်ချက်ကြောင့် ဗမာပြည်တွင် ကွန်မြူနစ်ပါတီကိုဘရေးခံဖြစ်၍ ပြည်တွင်းစစ်ဖြစ်ရသည်ဟူသော နိုင်ငံတကာရေးရာမှ ဆွဲယူလိုက်သော ထောက်ချက်သည် အဘယ်မျှရုပ်ဝတ္ထုကင်းလှသည်ကို အထက်ဖေါ်ပြပါ ရှင်းလင်းချက်များအရ၊ လွှင့်စင်ကွယ်ပြောက် သွားပြီး ဖြစ်ပေလိမ့်မည်။)

အခန်း (၃)

လွတ်လပ်ရေးပြဿနာ

ထိုပြဿနာနှင့်ပါတ်သက်၍ ကိုချမ်းအေး၏ တင်ပြချက်များတွင် ဗမာပြည်ကွန်မြူနစ်ပါတီ၏ "ယူဆချက်များ" ဟု အမည်ပေး၍ ဝေ[ဖန်] သည့်ဝေါ်ပြချက်များ အမြောက်အများ ပါရှိလာပေသည်။

ထိုယူဆချက်များသည် ဗမာပြည်ကွန်မြူနစ်ပါတီ၏ ယူဆချက်[...] အစစ်အမှန် ဟုတ်မဟုတ်ကို၊ ကိုချမ်းအေးနှင့်သူ၏ပြိုင်ပါတီတို့က[...] တာဝန်ခံနိုင်မည့်အရေးသာဖြစ်သည်ကို သတိပြုမိပေသည်။ တို့ကြော[င့်] ကွန်မြူနစ်ပါတီသည် ဗမာပြည်ကွန်မြူနစ်ပါတီ တာဝန်ခံတို့နှင့် တ[...] ဝင်ရင်ဆိုင်ဆွေးနွေးဝေဖန်ခွင့် မရသေးသမျှ တခက်သယ် ဝေဖန်[...] ဆွေးရန် ခဲယဉ်းပေသည်။

ထို့ကြောင့် ကိုချမ်းအေး၏ ဂေါ်တာမ်းပါ ဝေဖန်ချက်များ အတွ[င်း] အများ[...]သော တရားရေးရာ ဝိစစ်ချက်များကိုသာ အထူးပြု၍ ဆွေ[း] နွေးတင်ပြမည်ဖြစ်ပေသည်။

မြန်မာပြည် လွတ်လပ်ရေးရရှိသည်မှာ ရာဇဝင် တလျှောက်တွ[င်] ဗြိတိသျှနယ်ချဲ့ သမားတို့ကတဖက်၊ ပြည်သူလူထု တို့ကတဖက်၊ ဤ[...] သော ၂ဘက်တိုက်ပွဲမှ (၁၇) ပဋိပက္ခမှ ထိုးထွက်ဖြစ်ပေါ်၍ ရရှိသေ[ာ] လွတ်လပ်ရေးဖြစ်ပေသည်။ ထိုတိုက်ပွဲကြီးသည်လည်း ကမ္ဘာ့ဖက်ဆ[စ်] ဆန့်ကျင်ရေးတိုက်ပွဲကြောင့် အရင်းရှင်စနစ်၏ အထွေထွေ အကြပ်[အ] တည်း ဒုတိယအဆင့်သို့ ရောက်သည့်အချိန်တွင် ဖြစ်ပေါ်သော တို[က်] ပွဲဖြစ်သည်။

ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲကြီးပြီး၍ မြန်မာပြည်သူတို့၏အမျိုးသ[ား] လွတ်လပ်ရေးတိုက်ပွဲကြီး၏ ထိုအချိန် ထိုအခါ ကာလက အခြေအ[နေ] များကို ခေါင်းစဉ် တပ်၍ ပြန်လည်စစ်ဆေးပါလျှင် ...

[...]ပြည်တွင်းရေး အခြေအနေတွင်၊

(၁) ၁၁၈၅-ခုနှစ်မှစ၍ ဗြိတိသျှနယ်ချဲ့အား ဆန့်ကျင်တိုက်ခိုက်ခဲ့သော တဆက်တည်းသော–ကိုလိုနီ တော်လှန်ရေးကြီးသည် ၁၉၄၄-၄၅-၄၇-ခုနှစ်သော ကာလတို့တွင် ရင့်ကျက်သော ညီညွတ်သော အမျိုးသားတော်လှန်ရေးကြီးတရပ်အဖြစ် အထွဋ်အထိပ်သို့ ရောက်ရှိခဲ့သည့် အခြေအနေ–

(၂) ညီညွတ်သော အလုပ်သမားလူတန်းစားနှင့် ညီညွတ်သော ဆောင်သူလယ်သမားများအုပ်စုအမာဘွဲ့စည်းမိ၍၊ တခုတည်းသော အလုပ်သမားလူတန်းစားပါတီ (ဗမာပြည် ကွန်မြူနစ်ပါတီ) ၏ ခေါင်းဆောင်မှုသာရှုဆောင်နိုင်ခဲ့သည့်အခြေအနေ–

(၃) တခုတည်းသော အလုပ်သမားလူတန်းစားပါတီ၊ ကျယ်ပြန့်သော အမျိုးသား ညီညွတ်ရေးတပ်ပေါင်းစု (ဖဆပလ) နှင့် ပြည်သူ့အကြီးဖက်ဆစ်ဆန့်ကျင်ရေး လက်နက်ကိုင်အင်အားစုများကိုလည်း စုစည်းနိုင်ခဲ့သည့်အခြေအနေ–

ပြည်ပရေးအခြေအနေတွင်—

(၁) ကမ္ဘာ့အလုပ်သမား လူတန်းစားက ခေါင်းဆောင်မှုပေးခဲ့သည့်ဖက်ဆစ်ဆန့်ကျင်ရေး အရေးတော်ပုံကြီးက အောင်ပွဲခံနေသည့် အခြေအနေ–

(၂) စစ်ပြီးနောက်၊ ကမ္ဘာ့အရင်းရှင် နယ်ချဲ့ဂိုဏ်းအားနည်းသွားခြင်းနှင့်အတူ သဘော ဗြိတိသျှနယ်ချဲ့သမားများ၏ အင်အားလျော့ပါးသွားသည့်အခြေအနေ–

(၃) ထိုအချိန်တွင်၊ အာရှအာဖရိကတိုက်များရှိ ကိုလိုနီနှင့်ကိုလိုနီတပိုင်းနိုင်ငံများ-အမှီခိုနိုင်ငံများ၏ ကိုလိုနီတော်လှန်ရေးများသည်၊ တဆက်တည်း တညီတညွတ်တည်းတက်ကြွလှုပ်ရှားခါ အမြင့်အလျှံ အားမြင့်ညီညွတ်နေကြသော အခြေအနေ–

(၄) ပြည်သူ့ဒီမိုကရေစီနိုင်ငံများ ပေါ်ပေါက်လာသည့် အခြေအနေ–

(၅) အထူးအားဖြင့် ကမ္ဘာ့လူသား၏ ၄ ပုံ ၁ ပုံ ရှိနေသည့် အချိန်ပြည်သူ့လွတ်မြောက်ရေးကြီးက အပြီးပြင်းစွာနှင့်မြို့တက်အောင်ပွဲ ခံရခါနီး အခြေအနေ–

ဤသို့သော ပြည်တွင်း ပြည်ပ, အခြေအနေများ စုစည်းရာတွင် ဗြိတိသျှနယ်ချဲ့သမားအဖို့ ဗမာပြည်မှ ခြေတလှမ်း နောက်ဆုတ်ရန်မှတပါး အခြားထွက်ရပ်လမ်းမရှိပေ။ ထိုသို့နောက်ဆုတ်ပေးရမည့် ခြေလှမ်းသည် နိုင်ငံရေးအားဖြင့် အချုပ်အခြာအာဏာကိုအပ်နှင်း၍ စီးပွားရေး, ဘဏ္ဍာရေး, ကာကွယ်ရေးအားဖြင့်တို့တွင်။ တနည်းမဟုတ် လျှင် တနည်းအားဖြင့် ဆက်လက် ကာကွယ် မြှင့်တင်းထားရန် ပနံးရမည်မှာ-နယ်ချဲ့စနစ်၏ စီးပွားရေး ရပ်ဝန်းအရ၊ မလွှဲမသွေသော ခြေလှမ်းပင်ဖြစ်ပေသည်။ ထိုနယ်ချဲ့ခြေလှမ်း၏နည်းပရိယာယ်နှင့်သော ဝေါချက်များသည်၊ နအက်တလီစာချုပ်၊ လက်ျာ ဖရီမင် စာချုပ် သခင်နု ကရွန်ဘီစာချုပ်များတွင် အထင်အရှားတွေ့ရှိခဲ့ရမည်ဖြစ် ပေသည်။

ဤနည်းဖြင့်ဗြိတိသျှနယ်ချဲ့သမားသည်၊ အမျိုးသားညီညွတ်ရေး တ ပေါင်းစုအတွင်းမှ အလုပ်သမား လယ်သမားတို့၏ နိုင်ငံရေး အင်အား များကို အားနည်းစေကာ၊ အမျိုးသားညီညွတ်ရေး၏ မဏ္ဍိုင်ကြီးမှ ဖြစ်သော အမျိုးသားခေါင်းဆောင်ကြီးများကို ရာဇဝတ်တွင်နှစ်၍ သ စေ၍ တွေ့ဝေယိမ်းယိုင်သည့်အင်အားစုများနှင့်သာ စေ့စပ်အပေးအယူ ပြုလုပ်ခါ အမျိုးသား တော်လှန်ရေးကြီးကို အာဏာပြည်သူ့ တော်လှ ကြီးများနှင့်ကွင်းဆက်ဖြတ်ခါ အရှိန်သတ်ခဲ့လေသည်။

ထိုအခါမှစ၍ ဗမာပြည်အား ဗြိတိသျှ နယ်ချဲ့ သမားတို့က နို တကာရေးရာရှိ နိုင်ငံရေး စီးပွားရေး ဇာတ်ခုံများပေါ်တွင်၎င်း၊ ပြ တွင်းရေးရာ, စီးပွားရေး, ဘဏ္ဍာရေး, ကာကွယ်ရေး ချုပ်ကိုင်ဖန်တီး များတွင်၎င်း၊ ၎င်းတို့၏ ပြည်တွင်း ပြည်ပ ဆက်လက်တည်ရှိနေသ အခြေခံစခန်းများမှ ပိုင်းရွှဲ၍ကြိုးသွင်းလာကြလေသည်။ ဤဖြစ်ရပ်မျ သည်၊ လက်တွေ့ သာဓကပေါင်းများစွာဖြင့် သက်သေခံခဲ့ပြီး ဖြစ် သည်၊ သက်သေခံနေဆဲလည်းဖြစ်လေသည်။

ဤသို့သော်ပြည်သူတို့၏နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများကလက် ဖွံ့ဖြိုးလာ၍သော နယ်ချဲ့သမားများသည် ဗမာပြည်အားရင်းတို့ အ ကျ ပြည်ငြိမ်ဝဝ ပုံမသွင်းနိုင်ခြင်းပင် ဖြစ်ပေသည်၊ လွတ်လပ်ပ သ ရှိသော ယနေ့ ယိုးဒယားပါကစ္စတန်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား စော

၎င်း ဗီယက်နမ်၊ တောင်ကိုရီးယား စသော နိုင်ငံများကိုကြည့်ပါနိုင် ပေသည်။ နယ်ချဲ့ဆန့်ကျင်ရေး ပြည်သူ့အင်အား အရှိန်အဟောက်၊ အပြင်းအထန်၊ အပြောအမာ၊ အတိုင်းအထွာအရ၊ နိုင်ငံရေး အချုပ် အခြာ အာဏာ၏အရည်အချင်း ပြောင်းလဲလာမှုကို ကြီးစွာသတိပြုရ မည်ဖြစ်ပေသည်။

ထို့ကြောင့် လွတ်လပ်ရေးပြဿနာနှင့် ပါတ်သက်၍ အစွန်း ၂ဖက် တွေ့ကြုံနိုင်ပေသည်။

ပဌမ အစွန်းမှာ၊ ဗမာပြည်အတွက် လွတ်လပ်ရေးရသည်ဆိုသ မှာအရည်အချင်းအရ၊ ဘာမှ ပြောင်းလဲချက်မရှိ၊ ကိုလိုနီအဝတ်မှပင် ရှိနေသေးသယောင် ယူဆသည့် လက်ဝဲစွန်း။

ဒုတိယအစွန်းမှာ၊ ဗမာပြည်အတွက် လွတ်လပ်ရေးရသည်ဆိုသည့် မှာ ဆံရှိနေသောကုန်ပစ္စည်းတခုကို အရင်းအတိုင်း အပြည့်အဝပြန် လည်ရရှိထိုသကဲ့သို့ လုံး၀ ဥဿုံ ကိစ္စ ပြီးစီးပြီ ယူဆသော လက်ျာစွန်း (နယ်ချဲ့အန္တရာယ်နှင့် နယ်ချဲ့အခြေခံစခန်းများ လုံး၀မရှိတော့နယ်ချဲ့ ဆန့်ကျင်ရေး ပြည်သူ့တိုက်ပွဲများ ဆက်လက်ဆင်နွှဲရန်မလို (ဝါ) အ ရင်းခံ ပဋိပက္ခကို လုံး၀ခြေဖျက်ပြီးဖြစ်ပြီ ဟူသောအယူအဆ)

ဤအစွန်း၂စွန်းစလုံးကို ဖယ်ရှား၍ဗမာပြည်လွတ်လပ်ရေးရရှိသည် ဆိုသည်မှာ၊ ရာဇဝင်တလျှောက်ပြည်သူတို့၏တိုက်ပွဲကြီးကြောင့် နိုင်ငံ ရေးအရ အဆင့်တဆင့်သို့ တိုးတက်ပြောင်းလဲခြင်းဖြစ်၍၊ ထိုအခြေအ နေသည်ပင်လျှင် ပြည်သူတို့အတွက် အရင်းရှင်နယ်ချဲ့နှင့် မြေရှင်ပဒေသ ရာဇ်အခြေခံစခန်းများရပ်သိမ်းပစ်ရေး၊ ပြည်သူ့အခြေခံစခန်းများတည် ဆောက်ရေး၊ တိုက်ပွဲကြီးအတွက် အခွင့်အလမ်းကောင်းများဖြစ်သည် ဟု မှတ်ယူရမည်ဖြစ်ပေသည်။

တနည်းအားဖြင့်ဆိုလျှင် ပဋိပက္ခသဘောတရားအရ၊ နယ်ချဲ့နှင့်ပြည် သူတို့၏ အရင်းခံ ပဋိပက္ခ ချေဖျက်ရေးတွင် အဆင့်တဆင့်သို့ တိုးတက် ကူးပြောင်းခြင်းသာဖြစ်၍အပြီးသတ်ချေဖျက်ရေးသို့ကား မရောက်သေး၊ ထိုအပြီးသတ် ချေဖျက်ရေးသို့ ရောက်သည်တိုင်အောင် (Final stage of mutual transformation) ဆက်လက်ချီတက် ချေဖျက်ရဦးမည်ဟု

ခံမှုခြင်းသည်သာ၊ မှန်အန်ပြည့်ဝပေသည်၊ သို့မှသာ ဤခရီးတွင်တွေ့ ကြုံရဦးမည် တွေ့ကြုံနေရဆဲအန္တရာယ်များကို ပဋိပက္ခ၏ရှုပ်ထွေးချက်များအရ လေးလေးပင်ပင် စစ်ဆေးအဖြေထုတ်နိုင်မည်ဖြစ်ပေသည်။

သို့မဟုတ်က၊ ကိုချမ်းအေး၏ စာတမ်းတွင်ပါရှိသည့် "မြန်မာပြည် လွတ်လပ်ရေးအား နယ်ချဲ့သမားက နည်းပရိယာယ် တစ်ခုအရာနောက် ဆုတ်ခြင်းအဖြစ်၎င်း၊ နယ်ချဲ့သမားကပြည်တွင်းပေါက်ပြန်ရေးလုပ်သ သားအား ၎င်းနှင့်ပူးပေါင်းရန် ကံဆိုးလက်ဆောင်တို့သည်အဖြစ်၎င်း၊ နားလည်ခဲ့သည်၊ဤအမြင်သည်တက်တက်စင်အောင်မှား၏"ဟူသော ယူဆချက်သည် လွတ်လပ်ရေးပြဿနာနှင့်ပါတ်သက်၍ ဗြိတိသျှနယ်ချဲ့ သမားသည် မြန်မာပြည်မှ လုံးဝခွန်လွတ်လွှက်ခွာ၍ နိုက်ငံမပါရပ်ကျင်း လေပြီ-ဟူသော အယူအဆမျိုး ဖြစ်ရာ၊ မူချဆတ်ဆတ်အားဖြင့် အ ချောင်သမားလက်ျာစွန်းသို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ပို့ဆောင်လိုက် သည်မည်ပေသည်။

လက်ဝဲစွန်းမှသည် လက်ျာစွန်းသို့ တဟုန်ထိုး ပြန်းဆိုက်၍ပင် လာ ပြန်သောကိုချမ်းအေးသည် ၎င်း၏စာတမ်းတွင် ကျယ်ပြောင်စွာ တပ် ၍ဆိုပြန်သည့် ၎င်း၏ သီအိုရီ ချက်ကား၊ "မြန်မာပြည်၏ လွတ်လပ်ရေး သည် အသွင်သဏ္ဍာန်သာမက အနှစ်သာရအားဖြင့်လည်း လွတ်လပ် သည်ဖြစ်သည်၊ လွတ်လပ်ရေး၏ အချုပ်သဘောသည်နယ်ချဲ့သမား၏ နိုင်ငံရေး စိုးမိုးမှုကို အဆုံးသတ်ခြင်းနှင့် နယ်ချဲ့သမားတို့၏ စီးပွားရေး ကြီးစိုးမှုကို ရပ်ဆိုင်း ခြင်းသာဖြစ်၏ +++ ထို့ကြောင့် မြန်မာပြည် သည် အဆောင်အယောင်သဘောအရသာမကဘဲ အနှစ်သာရအား ဖြင့်လည်း လွတ်လပ်မှုရှိလေသည်"ဟူ၍ ဖြစ်ပေသည်။

ဤနေရာတွင်၊တည်နေဆဲ မြန်မာ့လူမှုအဆောက်အအုံကြီး၏ ကိုလိုနီ တပိုင်း၊ ပဒေသရာဇ်တပိုင်း အခြေအနေကြီးအား အဘယ်သမုဒ္ဒရာအ တွင်းသို့ပစ်၍ ပျောက်ပစ်ရမည်နည်း၊ ဤနှစ်ဦးပိုင်းက, ထားဝယ်မြို့ လူထု တရားပွဲကြီးတခုတွင် မြန်မာပြည်၏စီးပွားရေးသည် ကိုလိုနီတပိုင်းစီးပွား ရေးအခြေအနေတွင် ရှိပါသေးသည်ဟူသော ထိုစဉ်ကဝန်ကြီးချုပ် ဦး နုအ၏ ဝန်ခံချက်မိန့်ခွန်းကို အဘယ်သို့ သဘောထားရပါမည်နည်း၊ ဆက်၍ဆိုရလျှင် မြန်မာစီးပွားရေး ဖန်တီးမှုတွင် အင်္ဂလိပ်၊ အမေရိကန်

နယ်ချဲ့သမားများက အဘယ်သို့သော ၎င်းတို့၏ အခြေခံစခန်းများမှ မည်သို့သော နည်းများဖြင့် ဝင်ရောက်ချယ်လှယ် သွေးစုတ်နေကြပုံကို စီးပွားရေးသမားအကိုးအကားများစွာဖြင့်တွေ့နိုင်တို့ပါတီမှအကြံပြုပြ ထုတ်ပြန်ခဲ့သော မြန်မာ့စီးပွားရေးစာတမ်းများပါ အချက်အလက်တို့ကို မည်သို့ ငြင်းဆို လိုပါသေးသနည်း။

ယနေ့ မြန်မာပြည်တွင်းတွင် ဆက်လက် တည်ရှိနေသော ဗြိတိသျှ နယ်ချဲ့သမားတို့၏ အတ်လုပ်ငန်းကြီးများ၊ စက်စဉ် လုပ်ငန်းကြီးများ ကိုလည်းကို စီမံကိန်းအရ စီးပွားရေး ချယ်လှယ်မှုများ၊ အမေရိကန်နယ်ချဲ့ သမားတို့၏ အီး-စီ-မွအ—ကော-တီ-အနေ့ခံတကွသော အခြားအခြား သောနည်းများဖြင့် ငွေရေးမြုပ်နှံနေမှုများ၊ ဂျပန်အရင်းရှင်ကြီးတို့၏ ဂျပန်စစ်လျော်ကြေး အမည်ခံ စီးပွားရေး ဖားကျက်လုပ်မှုနှင့်စက်စဉ် လုပ်ငန်းများ၊ ထိုထိုသော နယ်ချဲ့သမားတို့၏ တိုးချဲ့ဝင်ရောက်လာ သော စီးပွားရေး ထိုးနှက်ချက်များကို "နယ်ချဲ့သမား၏စီးပွားရေးကြီး စိုးမှုကိုရပ်ဆိုင်းခြင်းသာ" ဖြစ်သည်ဟု ကိုချမ်းအေးက ကျားဝင်လာ သည်ကို နွားဝင်လာသည်ဟု မြောင်းပြန်ဆိုလို ပါသလား။

၁၉၄၉ ခုနှစ်က၊ မြန်မာ့ဆီကို သပိတ်မှောက်ခဲ့ခြင်း၊ မြန်မာ့ဘဏ္ဍာရေး ကိုဖြစ်ညှစ်အတ်ခဲ့ခြင်းအရင်းရှင်လုပ်ငန်းကြီးများကို Capitalist strike) ရပ်စဲ ပစ်ခြင်း စတာလင်ဒေါ်ယာနှင့်သာ ကုန်သွယ်မှုကိုချုပ်နှောင်ထား ခဲ့ခြင်းစသည် ဤအချင်းအရာများသည် ဗြိတိသျှနယ်ချဲ့ သမားများက လွတ်လပ်ရေး ရပြီးနောက်၊ မြန်မာပြည်သူ တို့အားချုပ်၍ ကျီဆယ်သမှု ခြင်းလေသည်ဟု ကိုချမ်းအေးက ယူဆပါသလား။

ထို့မှတပါး အမေရိကန်၏ ကူမင်တန် ကျူးကျော်ရေး ပြဿနာ (ကိုရီးယားကျူးကျော်ရေးတွင် အတင်းအကြပ် ထောက်ခံခဲ့ရသည့် ပြဿနာများ) နှင့် အမေရိကန် ဂျူနှင့် မြန်မာ့ဆီ တိုက်ပွဲများစသည်တို့ သည် လွတ်လပ်ရေးရပြီးနောက် မြန်မာပြည်သူတို့အားအမေရိကန်နယ် ချဲ့သမားက လွတ်လပ်ရေးလက်ဆောင်ပါးလေသည်ဟု ကိုချမ်းအေးက ယူဆပါသလား။

ဤအချိန်မှသည် ယနေ့အထိ မြန်မာပြည်သူတို့သည် အလုပ်နေကြ ပါသနည်း။ မြန်မာပြည်သူတို့သည် ဖဆပလ အစိုးရ ပိုးတိုးဝါးတားနှင့်

မပြတ်မသား ဖြစ်နေချိန်တွင် လွတ်လပ်ရေးအနှစ်သာရပြည့်ဝသော
အတွက် နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများကို တဟုန်တည်း၊ တသမ
တည်း၊ ဆက်လက်တိုက်ပွဲဝင်နေကြပါသည်၊ ရှေ့အဖို့လည်း အရင်း
ပဋိပက္ခ၏ နောက်ဆုံး ခြေချက်ရေး အဆင့်သို့တိုင်အောင် ပြည်သူ
သည် ဆက်လက်ချီတက်ကြဦးမည် ဖြစ်ပေသည်။

ထို့ကြောင့်လည်း၊ ယနေ့ အာရှအရပ်တွင် ဖဆပလ အစိုးရအ
ဗမာ့ပြည်သူတို့၏ တိုက်ပွဲ တမူ၊ ပြည်သူတို့၏ တိုက်ပွဲများကြော
မူ-၅-ချက်ကို လက်ခံဆောင်ရွက်လာသည်အထိ ဗိုလ်အောင် နိုင်ခဲ့
၍သည်မှာ ပြည်သူတို့က လွတ်လပ်ရေး၏ အနှစ်သာရကို တဖြေးဖြေ
ပြည့်ဝလာစေအောင် တိုက်ပွဲများဖြင့် ဖြည့်ခဲ့ရသည် မဟုတ်လော။

၎င်းသို့ပြည်သူ့ တိုက်ပွဲများဖြင့် လွတ်လပ်ရေး ပြည့်ဝလာမှုသည်
စီးပွားရေးလွတ်လပ်လာမှုအတွက် ကြိုးပမ်းရန် အခြေအနေပေးလာ
တဖက်တွင် နယ်ချဲ့သမားတို့၏ စီးပွားရေးချုပ်ကိုင်မှုကို ဟန့်တား
သမျှ ဟန့်တားလာနိုင်၍ (ဘီး-စီ-အေ ရုပ်သိမ်းပစ်ရေး အရင်းရှင်
ဝယ်နှင့်သော တဖက်သတ် စီးပွားရေး ဆက်ဆံရေးကို ဖျက်သိမ်း
စသည်တို့ကိုအောင်မြင်ခဲ့) အခြားတဖက်တွင်လည်းအမျိုးသားစီးပွ
ရေးအခြေခံများကို တည်ဆောက်နိုင်သမျှတည်ဆောက်လာနိုင်ခဲ့သည်
(နိုင်ငံပိုင်လုပ်ငန်းများ တိုးချဲ့နိုင်ခြင်း စသည်)

အချုပ်ကိုဆိုရသော် လွတ်လပ်ရေးကို အသေပစ္စည်းတရပ်အဖြ
မမြင်အပ်ဘဲ ပြောင်းလဲနေသော အရည်အချင်းတရပ် အဖြစ်ဖြင့်သ
သုံးသပ်အပ်ပေသည်။ နယ်ချဲ့အမြစ်ခံ စခန်းများနှင့် နယ်ချဲ့အကျိုးစ
များရှိနေသေးသမျှ ပဋိပက္ခသဘောတရားအရ ပြည်သူတို့၏ ခုခံ
တိုက်ပွဲဖြင့်သာ တိုးတက်ပြောင်းလဲ ပြည့်ဝလာစေရမည်ဟူသည့်အ
အဆသာ အနှပဋိလောမ ကျပေသည်။

ဗမာပြည်အမျိုးသားလွတ်လပ်ရေး တစတစ ပြည့်ဝလာမှုမှာလည်
တဖက်တွင် နိုင်ငံတကာရေးရာ အခင်းမှလည်း ကမ္ဘာ့အလုပ်သမ
လူတန်းစားခေါင်းဆောင်သည့်ကမ္ဘာ့ဆိုရှယ်လစ်စံနစ်ကြီးထွားအော
မြင်လာမှုကြောင့်လည်း ဖြစ်ပေသည်။

ထိုအကြောင်းများကြောင့် ဤအရင်းခံ ပဋိပက္ခကို ဆင်နွှဲခြေချက်

ရာ၌ တဖက်သော နယ်ချဲ့သမားတို့သည် ၎င်းတို့၏ တည်နေဆဲအား
ခဖြို့နေဆဲ အခြေခံစခန်းများမှ နည်းအမျိုးမျိုး၊ ပုံစံအမျိုးမျိုးကိုယ်စား
လည်း အဝဝတို့ဖြင့် ပြည်သူတို့၏ ခုခံခြေချက်မှုကို နှိပ်ကွပ်ပေလိမ့်မည်။
လူမျိုးရေး အမိကာရုဏ်းလမ်းကြောင်းနှင့် ဖိနှိပ်လျှင် အမျိုးသားချင်း
သွေးစည်းရေးလမ်းကြောင်းဖြင့် ပြည်သူတို့ကပြန်လည်ခုခံရပေလိမ့်မည်။
(အိန္ဒိယပြည်) နယ်ချဲ့တို့က တန်ပြန်တော်လှန်ရေး ပြည်တွင်းစစ်လမ်း
ကြောင်း၊ သို့မဟုတ် ကျူးကျော်ရေး စစ်လမ်းကြောင်းနှင့်ဖိနှိပ်လာလျှင်
တော်လှန်ရေးပြည်တွင်းစစ်၊ သို့မဟုတ် အမျိုးသား လွတ်မြောက်ရေး
စစ်ဖြင့် ပြည်သူတို့က ပြန်လည်ခုခံရပေလိမ့်မည်၊ (တရုတ်ပြည်၊ ကိုရီးယား၊
ဗီယက်နမ်၊ အီဂျစ်၊ အယ်လ်ဂျီးရီးယား၊ မလေး၊ စသည်) (Subjective)

ရုပ်ဝတ္ထုတိုးတက်ဖြစ်ပေါ်မှု ဖြစ်စဉ်တွင် ပဋိပက္ခသဘောတရား၏
ဥပဒေသအတိုင်း ဖိနှိပ်ရေးပုံစံနှင့်အညီ ခုခံရေးတိုက်ပွဲပုံစံအား အဆုံး
အဖြတ်ပေးလိမ့်မည်သာဖြစ်ပေသည်၊ ကိုချမ်းအေးပြောသလို "ဖြစ်သမျှ
အကြောင်း-တရုတ်ပါဘီ၏ခေါင်း" ဟူ၍သာ နယ်ချဲ့သမား၏အခင်း
ကို ကွယ်ဖြောက်၍ ဆုံးဖြတ်လျှင် ဆန္ဒ အတိုင်း ဆုံးဖြတ် ခြင်း ဖြစ်၍
တက်တက်စင် မှားလိမ့်မည်သာ ဖြစ်ပေသည်။

ဗမာပြည်တွင် ပြည်တွင်းစစ် ဖြစ်ပေါ်ခဲ့ရခြင်းနှင့် ပါတ်သက်၍ဗမာ့
လွတ်လပ်ရေး အနုရာယ်ကို ဗမာပြည် ဆိုရှယ်လစ်ပါတီ ဗဟိုကော်မ
တီကပင်လျှင် ၎င်း၏ ၁၂-၃-၄၉ နေ့စွဲ တိုင်းပြည်သို့ ထုတ်ပြန်ခဲ့သော
နိုင်ငံရေးစာတမ်း၊ စာမျက်နှာ ၁၂-တွင် အောက်ပါအတိုင်းမှန်ကန်စွာ
သုံးသပ်ခဲ့ဘူးပေသည်။

"နယ်ချဲ့သမားတို့၏ ပရိယာယ်များ–

(၁) ဗမာပြည်တွင်းရှိ လက်ဝဲအင်အားစုများကို ကွဲပြားအောင်
ဖြို၍ အချင်းချင်း တိုက်ခိုက် နိုင်းခါ ပြည်တွင်းစစ်ကို ဖန်တီးရန် ဖြစ်၏။

(၂) ၎င်းသို့လက်ဝဲအင်အားစုအချင်းချင်း တိုက်ခိုက်နိုင်းခါ ပြည်
တွင်းစစ် ဖြစ်နေစဉ် ဖောက်ပြန်ရေး အင်အားစုများနှင့် ပူးပေါင်း၍
အာဏာသိမ်းပိုက်ရန်ဖြစ်၏။"

ဤသို့ဖြင့်လွတ်လပ်ရေးကြေငြာပြီးနောက်နယ်ချဲ့သဘော၏အန္တရာယ်များကို မှန်ကန်စွာ သုံးသပ်တင်ပြခဲ့ဘူး၏။

ကိုချမ်းအေး၏ ၁၉၅၇-ခုနှစ် သုံးသပ်ချက် ကျခါမှ ၁၉၄၈-ခုနှစ် လွတ်လပ်ရေးသည် ပြည့်ဝသော နယ်ချဲ့အန္တရာယ် ကင်းရှင်းသော လွတ်လပ်ရေးမှု၍ သုံးသပ် ထားသည်မှာ များစွာ အံ့အားသင့်စရာ ဖြစ်နေပေသည်။

အခန်း (၄)

ဗမာပြည်စီးပွားရေးဖြစ်ပေါ်တိုးတက်မှု၏ ရာဇဝင်အရ မြင့်ဘွန်းသောပုံသဏ္ဌာန်။

ဤအခန်းတွင် ကိုချမ်းအေးက ဗမာပြည်၏ စီးပွားရေးဖြစ်ပေါ်တိုးတက်မှုတွင် ကုန်လုပ် ဆက်ဆံရေးနှင့် ကုန်ထုတ်စွမ်းအား စများသည် အဆင်ပြေနိုင်သေးသည့် အဆင့်တွင် ရှိနေသဖြင့် လူမှုတော်လှန်ရေးအတွက် လက်နက်ကိုင်တိုက်ပွဲ ပုံသဏ္ဌာန်သည် လုံးဝမလို၊ လုံးဝမဖြစ်နိုင် ဟုဆိုပေသည်။

ဤနေရာတွင် ကိုချမ်းအေးသည် ကမ္ဘာရုပ်တခု၏ အလားအလာနှင့် ပစ္စက္ခဖြစ်ရပ်ကို ခွဲခြား၍ မရှုမြင် တတ်သောကြောင့်သာဖြစ်ပေသည်၊ ဆိုလိုသည်မှာ (Objective Possibility) နှင့် (Objective Fact) ကို ပိုင်းခြား သိရမည်ဟု ဆိုလိုသည်၊ သာဓကအားဖြင့် သရက်စေ့ တခုအတွင်းရှိ မီဇရုပ် အလားအလာသည် သရက်ပင်ကြီးတပင် ဖြစ်နိုင်၍ ဝေဆာ ဝါဝင်းသော အမြွတ်အမြွတ်သော သရက်သီး ခိုင်များကို ဖြိုင်ဆိုင်စွာသီးနိုင်သော အလားအလာ ရှိလေသည်ကား မှန်ပေသည်၊ သို့သော်လည်း ပစ္စက္ခရုပ်မှာမူကား၊ သရက်စေ့ တခုသည်သာ ထီးထီး ရှိနေပေသေးသည်ကို သတိချပ်ရာသည်။

သရက်စေ့ တခုရလျှင်ပင် သရက်ပင်ကြီးတပင် မုချဖြစ်ရမည်၊ သရက်သီး ခိုင်ကြီးတခိုင်ကိုလည်းခူးနိုင်ရမည်ဟု ဗိဇ္ဇဆိုခဲ့လျှင် ကဗ္ဗာ ဗိုင်းချင်းရောနှင့် အဆက် အစပ် တို့ကို ကင်းကွာ ကွယ်ပြောက် ပစ်ရာ ရောက်ပေလိမ့်မည်။

ဤသို့သာဆိုရလျှင်၊ လူသမိုင်းဖြစ်စဉ် အစဦးပင်ကမ္ဘာ့သက်တမ်း၏ တချိန်၌ ကွန်မြူနစ် လူ့အဖွဲ့အစည်းတရပ်ဖြစ်လာရန် ကမ္ဘာရုပ် အလားအလာ ရှိနေပြီးဖြစ်၍ ဘာမှလုပ်စရာ မလိုတော့ပေ၊ အလိုအလျောက် ဖြစ်ပေါ်ရေးတရား (Theory of Spontaniety) ကို လက်ခံ၍လေထဲတွင်

တိုက်အိမ်သောက် နေသော ပီတိမျိုးနှင့် စောင့်မြော် နေရှုသာ ရှိပေချိမ့်မည်။

ဤသို့ကား မဟုတ်ပေ။

(ဗမာပြည်၏ စီးပွားရေး တိုးတက်ဖြစ်ပေါ်မှု ခရီးစဉ်သည် ကမ္ဘာရပ်အလားအလာ၏ စဉ်းလုံးချော အတိုင်းသာဆိုလျှင်၊ ကိုချမ်းအေး၏ ညွှန်ပြချက်သည် မှော်ဆိုဝါဒ၏ယေဘုယျ ညွှန်ကြားချက်အရင်းခံဖြစ်၍ ဘာမှအငြင်းပွားစရာမလိုပါ။)

သို့သော်လည်း၊ နယ်ချဲ့စီးပွားရေးက ဗမာ့အတွင်းတွင် နှစ်ပေါင်း ၁၅၀-နီးပါး သက်ဆင်းချုပ်နှောင်ခြင်း ခံခဲ့ရပြီးနောက်၊ နိုင်ငံရေးအာဏာတဆင့်တိုးတက် ကူးပြောင်းမှုရှိရုံမျှသာဖြစ်ပြီးလျှင်၊ ပကတိလူမှုအဆောက်အအုံမှာလည်း၊ ကိုလိုနီတပိုင်း-ပဒေသရာဇ်တပိုင်းအခြေခံတွင်ပင် ပစ္စက္ခရုပ်အားဖြင့် ရှိနေသေးရကား....သရက်သင်ကြီး ဆီသို့အေးအေးဆေး ပုလွေမှုတ်၍ ချီတက်သွားနိုင်ပြီဟု ယူဆ လိုက်လျှင်....မှားခြင်းကြီး မှားပေလိမ့်မည်။

(တိုးတက်ဖြစ်ပေါ်မှု တရားတိုင်းတွင် အဆက် အစပ် ရှိပေသည်။ မှော်ဆိုဝါဒသဘောတရားတွင်၊ မည်သည့်ပြဿနာကိုမဆို "ဆက်စပ်မှုတရားအားလုံးနှင့်သာတိုးတက်ဖြစ်ပေါ်မှုကိုလေ့လာရမည်" (Things in their relation and their Development)ဟု ညွှန်ပြပေသည်။)

ယနေ့ကမ္ဘာတွင်၊ အကြင်နိုင်ငံတနိုင်ငံ၏ စီးပွားရေး တိုးတက်ဖြစ်ပေါ်မှုများကို စီးပွားရေးသွေးဖုံတန်ယယ် ကျဉ်းလာသာခသာတ်၊ ပိုမိုရက်စက်ဖွာသွေးစုတ်လာရသော နယ်ချဲ့စီးပွားရေးစနစ်ကြီးနှင့်မည်သို့အဆက်အစပ် အချုပ်အနှောင် အဟန့်အတား အထိအတွယ် ရှိနေသနည်း....? ဟူသောအချက်ကိုအထူးမပြုဘဲ၊ စဉ်းလုံးချောမွေ့ရာပေါ်ကမ္ဘာ့ရပ်အတိုင်း တွက်ချက်လျှင်၊ သန့်ရှာဆန်သည့်သဘောတရားသာ ဖြစ်ပေလိမ့်မည်။

ထို့ကြောင့်-ဗမာပြည်လို နယ်ချဲ့စီးပွားရေး အခြေခံစခန်းများရှိနေပြီး၊ အားဖြိုးနေပြီး အဆက်အစပ်များအရဆိုလျှင် တည်နေဆဲနယ်ချဲ့စီးပွားရေးရုပ်နှင့် အန္တရာယ်များကို ဖေါ်ထုတ်ထား၍ ကဘွဲ့အသား

အလာများကိုဖွံ့ဖြိုးအောင်လုပ်ဆောင်မိပါက 'ဖိုးသာကုန်၍ မောင်ပိုစောင်းမတတ်' သည့်ဘဝသို့ ရောက်ရပေချိမ့်မည်။

ဤအချင်းအရာများသည်၊ ယနေ့ဗမာပြည်အစိုးရ၏တိုးတက်သောလက္ခဏာကို ဆောင်ကျဉ်းသည့် စီးပွားရေး စီမံကိန်းကြီးများ အချို့တွင်မြော ဖျက်ဆီး ခံရခြင်းများက-သက်သေ ခံလျက် ရှိပေသည်။ (အကျယ်ကိုညှိနှိုင်းလိုပါလျှင်၊ ကျွန်ုပ်တို့ပါတီ၏ (၆) ကြိမ်မြောက်ဗဟိုကော်မတီ အစီရင်ခံစာကိုလေ့လာပါလေ)။

(ထို့နောက်-ကိုချမ်းအေးကဆက်၍ ဗမာပြည်၏ စီးပွားရေးဖြစ်ပေါ်မှုတွင်၊ နိုင်ငံပိုင်လုပ်ငန်း (ဝါ) အစိုးရ၏ အရင်းရှင်စနစ်သည်၊ မလွဲမသွေ ဖြစ်ပေါ်ရမည့် ဖြစ်ပေါ်ချက်ဖြစ်၍ တိုးတက်သောလက္ခဏာကိုလည်း ဆောင်ကျဉ်းပေသည်ဟု ဆိုလေသည်။)

ဤသဘော ထားချက် အတိုင်းပင်၊ ကျွန်ုပ်တို့ပါတီသည် နှေးမဆွကပင် ပါတီကွန်ဖရင့်၏စာတမ်းများ၊ ကြေငြာချက်များ၊ ထုတ်ဝေစာတွင်း ဝေဖန်ညွှန်ကြားချက်များအားဖြင့် အားပေး ထောက်ခံခဲ့သည်ထောက်ခံ အားပေးနေဆဲသည်သာဖြစ်သည်။

သို့သော်၊ ကိုချမ်းအေးကဲ့သို့ အစိတ် အပိုင်း အဆက် အစပ်နှင့်အခြေခံမှုကိုပါ ရောထွေး၍တလုံးထဲတကွင်းထဲပစ်၍ မထောက်ခံခဲ့ပေ။

အကြောင်းကား.....နိုင်ငံပိုင် လုပ်ငန်း များ၏ အဓိက ဆောင်ရွက်ရမည့်အင်္ဂါ ၂-ရပ်မှာ.....(၁) နယ်ချဲ့စီးပွားရေး အခြေခံ စခန်းများကိုဆန့်ကျင်ရှုပ်သိမ်း၍ ပြည်သူ့ အခြေခံစခန်းများကို အစားထိုး တည်ဆောက်ရမည်ဖြစ်ပြီး (၂) ဒုတိယအင်္ဂါအားဖြင့် အလုပ်သမားနှင့်ပြည်သူတို့၏ စားသောက်နေထိုင်ရေးအဆင့်အတန်းကိုအတိုင်းအတွာအလျောက် တိုးမြှင့်ပေးရန်ဟူသော အဓိကရည်ရွယ်ချက် ရှိရမည်ဖြစ်ပေသည်။

ယနေ့နိုင်ငံအစိုးရ၏နိုင်ငံပိုင်လုပ်ငန်းများသည်၊ မူအားဖြင့်တိုးတက်သော်လည်း၊ ဤအင်္ဂါကြီး၂ ချက်ကို ဆောင်ယူအခြေခံပါသလော....?

မဆောင်ယူပေ။

အကြောင်းကား...ပဌမ အင်္ဂါအားဖြင့် ယနေ့အစိုးရ၏ နိုင်ငံပိုင်လုပ်ငန်းများသည်၊ အမျိုးသား၏ဖွံ့အားမလနှင့်ဟည်ထွင်ဆန်းသစ်မှု

(Natural Initiative Efforts) အခေါ်တွင် အားကိုး အားထား... သည့်အတက်၊ အရှေ့အာရှတွင်နယ်ချဲ့စီးပွားရေးအောက်အစပ်အခေါ်တွင်သ... အသေးအဖွဲ့အားကိုးလုပ်ဆောင်နေခြင်းဖြစ်သည်ဟု... နိုင်ငံပိုင် လုပ်ငန်းများ၏အခြေခံငွေရင်းမှုဆောင်းမှုသည်၊ တောင်သူလယ်သမား များနှင့်အခွန်ထမ်း ပြည်သူများအပေါ်-အဆမတန် ခေါင်းပုံဖြတ်၍ ... ဆောင်းဖြစ်သည့်ယူနေရသည်ကောပြန်လည်အကျိုးပြုရာ၌လည်း အလုပ် သမားနှင့်ပြည်သူတို့၏ စားသောက်နေထိုင်ရေး အဆင့်အတန်းတိုးမြှင့် ပေးရေးထက်၊ အစိုးရအမြတ်ကြီးစားသော်ဝါဒပေါ်တွင်သာအခြေခံ၍ လုပ်ဆောင်နေပေသည်။

ဤသို့ဖြင့် တိုးတက်သောမှုကြီးတရပ်လုံးကို-ဤအင်္ဂါကြီး ၂-ပါး... ရိုက်ချိုးသွက်ရှိပေသည်။

နိုင်ငံပိုင်လုပ်ငန်းများ၏ အစိတ်အပိုင်း ချွတ်ယွင်းချက်များကိုမူ.... အောက်ပါအတိုင်းအကျဉ်းချုပ် ခေါင်းစဉ်တပ်၍ဖော်ပြလိုပါသည်။

(၁)။ နိုင်ငံပိုင်လုပ်ငန်းများသည်၊ နိုင်ငံအစိုးရ၏ ချုပ်ကိုင်မှု အောက်တွင်ရှိရာ၊နိုင်ငံအစိုးရ၏အင်္ဂါလက္ခဏာသည်၊ ... ဖြင့် အမျိုးသားကိုယ်စားသည့်အင်္ဂါ၊ ပြည်သူ့ကိုယ်စားသည့်အင်္ဂါရှိ မည်ဖြစ်ရာ၊ ယနေ့တွေ့သိနေရသည့်အရှင်းအရာမှာ၊ မူအရ လက်တွေ့ တွင်ပါ၊ ...အကျိုးဖြစ်ထွန်းရေးအတွက်သာ ... စီမံနေသည်ကိုတွေ့ရသည်။ (မလိုက်တန်သော ပါဝင်...စီးပွားရေး စားကျက်ကြီးများ ဖြစ်နေသည်ဟု ဆိုလိုသည်)

(၂) အစိုးရငွေရင်းမြှုပ်နှံမှုသည်၊ ပြည်တွင်းစက်မှု လုပ်ငန်းကြီး များမှာထက်-နယ်ချဲ့ကုမ္ပဏီကြီးများ၏အကျိုးကျေးဇူးအတွက်သယ်ယူ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းများတွင်သာ ပိုမိုအလေးပေး မြှုပ်နှံနေသည်ကိုတွေ့ရသည်။ ဆိုလိုရင်းမှာ စီးပွားရေး ... အတွက် ကုန်ပစ္စည်း စက်ပစ္စည်း ပိုမိုထွက်ရှိ ရေးထက်၊ ကုန်ပစ္စည်း မထွက်သေးသည့်နိုင်ငံတွင် သယ်ယူ ပို့ဆောင်ရေး လုပ်ငန်းကို... အလေးပေးနေသည်ဟု ဆိုလိုသည်။

(၃) စက်မှုလုပ်ငန်းကိုထူထောင်ရာ၌လည်း အမှီခိုကင်းရန် စက် ပစ္စည်းများထုတ်လုပ်ရန်ထက်၊ လုပ်သမျှလုပ်ငန်းကုန်ပစ္စည်းများသာထက်သို့

သာအလေးတောင်းထားပေသည်။စက်မှုပစ္စည်းထုတ်လုပ်ရေးဆိုရာ၌သံရည် ကြိုစက်တလုံးသာရှိသေးရာ၊ ၎င်းတွင်လည်း ပြည်တွင်း သံရိုင်းများတို ကြိုချက်ရန်မဖြစ်နိုင်ဟုဆိုပြန်ရာ၊နယ်ချဲ့စက်ပစ္စည်းများကို မှီခိုသွန်နေရ ပေဦးမည်။

(၄) နိုင်ငံပိုင် လုပ်ငန်းများသည် "အစိုးရ၏ အမြတ်ကြီးစား" လုပ်ငန်းများအဖြစ် (၄) ထားရှိလုပ်နေရာ၊ ပြည်သူတို့၏ နေထိုင်စား သောက်မှု အဆင့်အတန်းနှင့်ပတ်သက်၍ အကျိုးမပြုပေ။ မီးရထား၊ မီးသင်္ဘော ခရီးစရိတ်များ၊ သစ်၊ ဆန်စျေးကြီးလေးခြင်းများကသက်သေ ပြပေသည်။ပြည်သူ့ထောက်ပံ့ရေး ကုန်ပစ္စည်းတန်ဘိုးများကလည်း သက်သေပြပေသည်။

(၅) သမဝါယမလုပ်ငန်းများသည်၊ အရင်းအားနည်း သူတို့က နိုင်ငံပိုင်လုပ်ငန်းများနှင့် ဆက်စပ်၍ နယ်ချဲ့စီးပွားရေး လုပ်ငန်းများတို ခုခံဆန့်ကျင်ရမည့်အစား၊ နယ်ချဲ့စီးပွားရေး လောင်းရိပ်အောက်တွင် သာ အာဏာနှင့် ကြီးကြပ်လုပ်ဆောင်စေ၍ ပါဝင်သူများ၏ ပါဝင်ပိုင် စီးပွားရေး စားကျက်ကြီးများအဖြစ် လုပ်ဆောင်နေပေသည်။

ဤကား....နိုင်ငံပိုင်လုပ်ငန်းများ၏ တိုးတက်သောမှုတွင်၊ ချွတ်ယွင်း သောအင်္ဂါများနှင့်မှားယွင်းသောဦးတည်ချက်တို့ဖြစ်ပေသည်။

ထိုမှတပါး၊ နယ်ချဲ့ အရင်းရှင် ကြီးများနှင့် တပက် စောင်း နင်း အနင်းခံ၍ လုပ်နေရသော ဘီ၊ အို၊ စီ၊ ဘာသာဓားဆောက်ပိုရေးရှင်း၊ အင်္ဂလို အားဓားသံဖြစ်သည်ဆိုသည်ဖြင့် စီးခနည်း၊ အခြားဖက်စပ်လုပ်ငန်းကြီး များလည်း ရှိနေသေးသည်။ဤအရင်းအရာတို့သည်နယ်ချဲ့ စီးပွားရေး အခြေခံစခန်းများကို ချက်သိမ်းနေသော ဆိုရှယ်လစ် မျိုးစေ့လော... သို့မဟုတ် အင်အားဖြေနေသော ကိုလိုနီလက္ခဏာ မျိုးစေ့တွေလော ကိုချင့်ချိန်အားလည်း သိမြင်ဖြစ်ပါလိမ့်မည်။

ထို့ကြောင့်-ခြုံလိုက်လျှင်၊ ဗမာ့စီးပွားရေး တိုးတက်ဖြစ်ပေါ်မှုတွင် တမ္ဘောက်ရပ်လေးသာလွန်များ၏တိုးတက်မှုကို မကြွနယ်ချဲ့ စီးပွားရေး ရပ်များက အကျဉ်းတန်ချုပ်နှောင်ထားကြသည်။ လွမ်းမိုးထိန်းချုပ် ထားသည်ကို ... မျှော်လင့်ထားကြွမြင်ရမည်ဖြစ်ပေသည်။

အထူးအားဖြင့်၊ ဆိုရှယ်လစ်မျိုးစေ့ကို ရာဇဝင်အားဖြင့် မြုစိုက်ပိုင်ခွင့်ရှိသော အလုပ်သမားများ၏ အရေးပင် ဖြစ်ပေသည်။ ယနေ့နိုင်ငံပိုင်လုပ်ငန်းများနှင့် နယ်ချဲ့ဖက်စပ်လုပ်ငန်းများရှိ အလုပ်သမားတို့၏ဘဝသည်၊ ဆိုရှယ်လစ်မျိုးစေ့ကိုကိုင်တွယ်တွေ့ထိနိုင်သော အခွင့်အရေးဟူ၍ အာမျှမရှိကြောင်း ပစ္စုပ္ပန် ရုပ်များအရ ထင်ရှားနေပေသည်။ ဆိုလိုသည်မှာ နိုင်ငံပိုင် လုပ်ငန်းများအတွက် အရင်းငွေစုဆောင်းရာ၌ အလုပ်သမား လယ်သမားများအပေါ် အဆမတန်သွေးစုတ်ဖုဆောင်းနေရုံသာမက၊ အလုပ်သမားများသည်လည်းစီမံအုပ်ချုပ်မှုတွင်ပါဝင်ခွင့်မရှိပေ။

သို့ဖြစ်ရကား....ကိုချမ်းအေး တင်ပြသလို၊ ယနေ့ ဗမာ ပြည်၏ စစ္စုကျွစီးပွားရေးရုပ်သည်၊ကမ္ဘာ့ရုပ်အလေးအလာနှင့်မဟပ်မိသေး၊မတွေ့ထိသေး၊ ဆက်စပ်နေသောနယ်ချဲ့စီးပွားရေးအဖွဲ့ရာယ်များကချိုက်ချုံးလျက်ပင်ရှိနေသေးသည်။ တနေ့တခြားနက်ရှိုင်းလာသော စီးပွားပျက်ကပ်နှင့်သာတိုးရှေ့ခံစားနေကြရသည်။

ဤသိုအခြေအနေမျိုးတွင်၊ ပြည်သူတို့ဘက်က မိမိတို့တွင်ရှိနေပြီးကမ္ဘာ့ရုပ်စီးပွားရေးအလေးအလာများကို ညီညွတ်သောငြိမ်းချမ်းသော ဒီမိုကရေစီပြည်ထောင် တိုက်ပွဲပုံစံများဖြင့်သာ ဖွံ့ဖြိုးအောင် လုပ်လိုသည်။ နယ်ချဲ့သမားတို့ဘက်က ဤသို့မလိုလား၊သူတို့၏အခြေခံစခန်းများနှင့်ကိုယ်စားလည်များမှတဆင့်၊ မညီညွတ်သော မငြိမ်းချမ်းသော တိုင်းရင်းသားအချင်းချင်း လည်ပင်းညှိုးနေသော အခြေအနေများကို ဖန်တီး၍ မလှုန်နိုင်အောင် ငုံ့ခံ နေစေလိုသည်။

ရှင်းရှင်းဆိုရသော်၊ယနေ့ဖဆပလနှင့်ကွန်မြူနစ်တို့၏ အဓိကပဋိပက္ခကို (ဝါ) ပြည်သူချင်းချင်းအတွင်းပဋိပက္ခကိုငြိမ်းချမ်းစွာဖြေရှင်းဆုံဖြတ်ရ၌ အရင်းခံပဋိပက္ခဖြစ်သော နယ်ချဲ့နှင့်မြေရှင်ပဒေသရာဇ်စနစ်ကို ငုံဆိုင်လိုသည်။

ကျွန်ုပ်တို့က ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရေး တိုက်ပွဲပုံစံကို ရွေးလိုသည်။နယ်ချဲ့နှင့်နယ်ချဲ့ကိုယ်စားလည်တို့က စစ်ရေးပုံစံကိုရွေးချင်သည်။ ယနေ့ပစ္စုပ္ပန်ရုပ်တွင်၊ ဤပုံစံ ၂ ရပ် တန္တာနှင့်ချိန်၍ လွန်ဆွဲနေကြသည်။ အကယ်၍သာ ဗမာပြည်တွင် နယ်ချဲ့အခြေခံစခန်းများနှင့် နယ်ချဲ့ကိုယ်

စားလည် များသာမရှိခဲ့ပါက-ဖဆပလ ကွန်မြူနစ်တို့နှင့် တကွသောပြည်သူတို့သည်၊ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရေးပုံစံကိုသာ မုချရွေးချယ်ပြီးဖြစ်လိမ့်မည်။ယခုသော်ကား....ဤသို့မဖြစ်ခဲ့—

ဘာကြောင့် ဤသို့မဖြစ်ခဲ့ရကြောင်းနှင့် ရှေ့တယ်ကဲ့သို့ ဖြစ်မည်ကို ယနေ့ပြည်သူတို့၏ ငြိမ်းချမ်းရေးတိုက်ပွဲကြီးက အတိတ်သို့ပြန်၍ ထင်ရှားစွာသက်သေခံပါလိမ့်မည်။

အခန်း (၅)

ဗမာပြည်နိုင်ငံရေးအင်အားစုများ၏ အင်အားချင်း နှိုင်းယှဉ်ချက်။

ကိုချမ်းအေးသည်၊ ဤအခန်းအား ကွန်မြူနစ်ပါတီ၏ လက်ဝဲဝ... ရေးကို အထူးပြုလို၍သာ ဖွင့်လှစ်လိုက်ရကြောင်း ရှေးဦးစွာ ဖြော... ထား၏။

ထို့ကြောင့် ကျွန်ုပ်တို့၏ မူလသဘောထားအတိုင်း ကွန်မြူနစ်ပါ... လက်ဝဲသွေဖီသည့် မဖီသည့် ဗူဂ ခုနှစ်ပုန်ကန်ရေးဆုံးဖြတ်ချက်ချသည... မချသည်မှာ ကွန်မြူနစ်ပါတီ၏ တရားဝင်ဆုံးဖြတ်ချက် စာတမ်း... (သို့မဟုတ်) ဝန်ခံချက် ထွက်ပေါ်လာမှသာကျွန်ုပ်တို့က တရား... ဝေဖန်ရပေလိမ့်မည်။ ယခုသော်....ကိုချမ်းအေးနှင့် သူ၏ မိတ်ဝေ... တို့၏အညွှန်းပွားချက် အဆင့်တွင်သာ ထားရစ်ရပေလိမ့်ဦးမည်။

သို့သော်....ဤအခန်းကို လေ့လာရာ၌ ကိုချမ်းအေး၏ အ... သရုပ်တခုကို ဖေါ်ထုတ်တွေ့ရှိရပေသည်။ ၎င်းကားအခြားမဟုတ်...

ကိုချမ်းအေးသည်၊ လွတ်လပ်ရေးပြဿနာအခန်းကို ဝေဖန်ပြ... (ပြန်ကြည့်ပါဦး) ဗြိတိသျှနယ်ချဲ့သမားသည်ဗမာပြည်အား လွ... လပ်ရေး၏ အဓိကကျသောအကြောင်း ဖွင့်ဆိုသည့်အချက်ကိုသာမက၊ ... သာရအလုံးအရင်းနှင့် အတုံးအတစ်ပါမကျန် ပရိယာယ်မာယာ... နောက်ဆုတ်ပေးခဲ့ရကြောင်းနှင့်နယ်ချဲ့အင္ဂလိပ်နှင့် ပြန်လည်လုပ်... များကိုလျှော့လျှော့ပေါ့ပေါ့ကြီး ပေါ်၌ တွက်ချက် ပြခဲ့သည်။

ယခုအခန်း၌မူ၊ ကိုချမ်းအေးသည် ကွန်မြူနစ်ပါတီ၏လက်ဝဲ... ဖီရေးကိုအထူးပြုလိုပြန်ရကား....နယ်ချဲ့အင်္ဂလိပ်ကြီးမားနေပုံမျ... ပြန်လည်မောင်းထုတ်၍ အလေးပြုလာပြန်လေသည်။ပြပုံကား....

"ရပြီးသားလွတ်လပ်ရေးကို အချိန်မရွေး ချိမ်းခြောက် ခံရသေ... အင်္ဂလိပ်ဆည်ရှိနေမည်ဖြစ်၏။နယ်ချဲ့သမားသည် မိမိဆုတ်ခွါခဲ့ရ...

...ထုတ်ခဲ့ရသောနေရာများကို ပြန်လည်သိမ်းပိုက်ရန် အကြံအစည်သည် ရှိနေလိမ့်မည်ဖြစ်၏။ လွတ်လပ်သောအမျိုးသားနိုင်ငံများကို စစ်အုပ်စု အတွင်းသွင်းရန် မိမိ၏ကြိုတာခံနိုင်ငံအဖြစ်ပြောင်းလဲရန်ကြိုးပမ်းမှုသည် ရှိနေလိမ့်မည်ဖြစ်၏။ စစ်အုပ်စုများဖွဲ့စည်းခြင်းနှင့် အိဂျစ် အရေးသည် ဤအချက်များကိုထင်ရှားစေသည့်သာဓကဖြစ်၏။ထို့အပြင်-ဗမာပြည် လွတ်လပ်ရေးရပြီးသည့်နောက်၌ စီးပွားရေးအရ အမှိုခို ကင်းအောင် လုပ်ရန်ရှိလေ၏။ဤသည်ကား....နယ်ချဲ့ဆန့်ကျင်ရေးသရုပ်ဆောင်၏။ ဤသည့်တို့ကြောင့် ဗမာပြည်လွတ်လပ်ရေး ရပြီးသည့်တိုင်အောင်.... **နယ်ချဲ့ဆန့်ကျင်ရေးတာဝန်သည်၊ အဓိကတာဝန်အဖြစ် ကွန်မြူ နစ်ပါတီတွင်တင်ရှိလေသည်။"** (ဝေဖန်သူ၏မျဉ်းသားချက်)

ကိုချမ်းအေး၏ ဤညွှန်ပြချက် သဘောထားကို ကျွန်ုပ်တို့ပါတီက-လိုက်လျှောကြိုဆိုအပ်ပါ၏။

ကိုချမ်းအေးသည်၊သူ၏စာတမ်းတလျှောက်လုံးပါ ပြဿနာအသီး သီးကိုကိုဝေဖန်သုံးသပ်ဆက်စပ်စိစစ်သွားရာ၌ အကယ်၍သာအထက်ပါသဘောထားမှန်ကြီးကို-ပြဿနာအားလုံး၏ အခြေခံ ကွင်းဆက်အဖြစ်ထားရှိကျင့်သုံးသွားပါက-အဘယ်မျှ ကြယ်ဝပြည့်စုံ၍ လေးနက်နက်တန်မည်နည်း...?

ယခုတော့-ပင်ရင်းသံမပါသည့် တူရိယာသံစုံလို ပေါ့ပျက်ပျက်ဖြစ်ခဲ့ရပေသည်။

ကိုချမ်းအေးသည်၊ ဗမာပြည်၏ကိုလိုနီတပိုင်း ပဒေသရာဇ်တပိုင်း ဇာတ်ထုပ်ကြီးကို ၎င်း၏စာတမ်းတွင်သရုပ်ထုတ်ရာ၌ နိုင်ငံတကာရေး ရာဇာတ်ခုံပေါ်တွင် က,ခဲ့စဉ်ကရင်း၊ပြည်တွင်းရေးရာဇာတ်ခုံပေါ်တွင် က,ခဲ့စဉ်ကရင်း-ဤနယ်ချဲ့အင်္ဂလိပ်ကြီးတည်းဟူသော ပင်ရင်းသံကြီး ကိုထိရောက်မြင်ဆိုင်စွာသီဆို၍ အခြေမခံခဲ့။ (ဝါ) သံတီမထားခဲ့။ ကွန်မြူနစ်ပါတီ လက်ဝဲသွေဖီရေးဇာတ်ထုပ်ကိုသရုပ်လုပ်ခါမှသာ ပွဲဦး ထွက်ဦးပင် သံကုန်ဟစ်ခဲ့ရကား....တကွက်မညီလေခြင်း ဟုဦးတွား ရပေတော့သည်။

မည်သို့ပင်ဖြစ်စေ၊ ကိုချမ်းအေး၏ ဤသို့ညွှန်ပြသတိပေးချက်သည် မှန်ကန်ပေသည်။ထို့ကြောင့်-ကြိုဆိုရပေသည်။

ရှေ့ ,က,ကွက်များတွင်၊ ထိုပင်ရင်းသံဆက်၍ လိုက်-မလိုက်ေ လာကြဦးစို့။

ကိုချမ်းအေးက-ဗမာပြည်ရှိ အင်အားစု များကို နှိုင်းယှဉ် ပြ ၁၉၃၁ ခုနှစ်မှစ၍ ယနေ့တိုင် လက်ဝဲအင်အားစုများ၊ လက်ဝဲယိမ်း မှုများသည်၊ ပြည်သူတို့အတွင်းနက်ရှိုင်းစွာကျယ်ပြန့်လွှမ်းမိုးလျက်ရှိ လက်ျာပြဲဇာ၏ ကျဆင်းဒေဝါလီခံရမှုသည် အဆုံးသတ်ပြည့်စုံခြင်း ရောက်လေပြီဟု ဆို၏။

ဤသုံးသပ်ချက်နှင့်ပါတ်သက်၍လက်ဝဲပြဲဇာကျယ်ပြန့်မှုရှိသည်. ဆိုသောအချက်တွင်၊ အထူးအငြင်းပွားစရာမရှိ၊ သို့သော်လက်ဝဲပြ (ဝါ) ပြည်သူတို့၏ တော်လှန်ရေး ပြဲဇာသည် မျဉ်းတကြောင်းအ လိုက်သလို တခါတည်း တန်းထွက် မသွားသည်ကို သတိပြုရာ အတက်အကျ,အကွေ့,အကောက်,အနိမ့်အမြင့်သည် ရှိစမြဲဖြစ်၏။

သို့သော်—ယနေ့လူ့ သမိုင်းဖြစ်စဉ်၏အဟောင်းအသစ်ပဋိပက္ခ လူ့လောကနှင့်မထိုက်တန်တော့သည့် အကျိုးမပြုနိုင်တော့သည့်အ ရှင်စနစ်၏နေရာတွင်၊ သစ်လွင်တောက်ပလှသည့်ဗိုဇ္ဇာညာဏသမ္ပယ ယှဉ်သည့် ဆိုရှယ်လစ်စနစ်မှတပါး အခြားမရှိပေ။ ဤသည်သာ သမိုင်းဖြစ်စဉ်၏မ်မွတာနိယာ မတရားဖြစ်ချေသည်။

ထို့ကြောင့်-လက်ဝဲပြဲဇာ (ဝါ) ပြည်သူ့ တော်လှန်ရေး ပြ သည်၊ ဗမာပြည်တွင်သာမက-ယေဘူယျအားဖြင့် ကမ္ဘာနှင့်ချီ၍ ပြန့်ကာရမည့်ပြဲဇာ ဖြစ်ပေသည်။ ဗမာပြည်၌ကား.....အလုပ် သမ လယ်သမားတို့၏ နယ်ချဲ့ဆန့်ကျင်ရေးအခြေအမြစ်သည် အထူးဟ တောက်ပြောင်ထက်မြက်ခဲ့ရကား-သာလွန်ပင်ဖုတ်မှန်ပေသည်။ လ ငင်းသာမကတရပ်မှာ-နယ်ချဲ့သမားနှင့် လက်ပါးစေများသည် လှန်ရေးပါတီ အဖွဲ့အစည်းအချို့အား ပြည်သူတို့နှင့် ကင်းကွာ ချောင်ပိတ်သတ်နိုင်ရန်တောတွင်းသို့ မောင်းချခဲ့သော်လည်း၊ ထိုပါ အဖွဲ့အစည်းများသည်၊ ကြေမွ ပျက်စီးခြင်းသို့ မရောက်ဘဲ ၉ နှစ် ထိုင်ပြည်သူတို့၏လက်ဝဲပြဲဇာ ပြဲနှံပြန့်လည်ခုခံနေနိုင်ရုံသာမက ပေါ ခဲ့သူတို့၏ပြည်တွင်းစစ်ကို ခြေဖျက်ရပ်စဲနိုင်ရန်ပင်ပြည်သူ့အားနှင့် ပန်းလျက်ရှိနိုင်ကြပေသည်။

ဤသို့ဆွင်သာမကသေးပါ၊ ၁၉၅၀-ခုနှစ်မှစ၍ တည်ဆောက်ခဲ့သော ကျွန်ုပ်ဘ့်ပါတီနှင့် အခြားသောလက်ဝဲအင်အားစုများသည်၊ မြေပေါ် တွ နယ်ချဲ့ပြဲဇာဖြင့် ဤဖျဖိန္ဒိပ်ညှင်းဆဲ ခံနေရသည့်အကြားမှ နယ်ချဲ့ ပြဲဇာကို မားမားမတ်မတ် ပြန့်လည်ဆန့်ကျင်နေနိုင်ခြင်းသည်၊ ပြည်သူ တို့၏လက်ဝဲပြဲဇာကျယ်ပြန့်မှုကြောင့်သာဖြစ်ပေသည်။

ယင်း၍ ပါတ်ဝန်းကျင်ချင်သာမကတရပ်နှင့်ကျေးဇူးပြုပြန်ရကား.... ကမ္ဘာ့လူသားတို့၏ဂုံပုံတပုံရှိသော—သန်း ၆၀၀ ကျော် တရုပ် ပြည်သူ တို့၏ အာရှတိုက်တခုလုံးကိုလွှမ်းခြုံရိုက်ခတ်နိုင်သည့် လက်ဝဲပြဲဇာကြီး ဘဲဖြစ်လေသည်။

သို့ဖြင့်-ကျွန်ုပ်တို့သည်၊ ကိုချမ်းအေးဆက်လက်တင်ပြသလို၊ ဗမာ ပြည်တွင် လက်ျာပြဲဇာ ကျဆင်းမှုသည် ဒေဝါလီခံရမှု ပြည့်စုံခြင်းသို့ ရောက်လေပြီဟုပင်ရင်းသံကိုမြှုပ်ပြန်၍ကောက်ချက်ချလိုက်လျှင်လည်း မှားသွားချေဦးမည်။

ဤသို့ကား.....မဟုတ်ပေ။

အဘယ့်ကြောင့်နည်း.....?

ဗမာပြည်၏ ယနေ့လူမှုအဆောက်အအုံကိုတည်နေသဲစဉ်းလုံးချော ပဆိုင်း မီးစ်လျှင်၊ လက်ျာပြဲဇာကိန်းဝပ်ရာအခြေခံဖြစ်သည့် တိုင်း ရင်းသားအရင်းရှင်အင်အားနှင့်နယ်ချဲ့လက်ဝေခံအင်အား နည်းသည် ကားမှန်၏။ သို့သော်-အင်အားနည်း၍လည်း နယ်ချဲ့လက်ဝေခံအင်အား ကိုလှေးဆုပ်နိုင်သည့် ကြီးထွားစေနိုင်သည်ကိုသတိပြုရာ၏။ ထိုမှတပါး ဗမာပြည်၏ကိုလိုနီတပိုင်းအခြေတွင်ဘော်ပြပြီးအတိုင်း နယ်ချဲ့အခြေခံ ခန်းများသည်ဆက်လက်တည်ရှိနေသဲအားခဖြ့နေသဲဆက်လက်ချယ် လှယ်နေသဲဖြစ်၏။ တနိုင်ငံတည်းမှာပင်နယ်ချဲ့စစ်အုပ်စုများက (ဆိုတိုး သည်) ပိုင်းရန် ချိမ်းခြောက်လျက် ရှိနေ၏။ ဆွဲသွင်းလျက်ရှိနေ၏။ ဗမာပြည်အတွက် နယ်ချဲ့တို့သည် ၎င်းတို့၏ စစ်ရေးနှင့် စီးပွားရေး အခြေခံစခန်းများကို ပေါင်းကူးပေးရန် ကြိုးပန်းလျက်ရှိနေ၏။ လက်ဝဲ ပြဲဇာလွှမ်းမိုးခဲ့ဘူးသော တောင်ပိုင်းဗီယက်နမ်နှင့် အင်ဒိုနီးရှားတို့တွင် ကားနယ်ချဲ့တို့တစ်စစ်ရေးများဖြင့် လက်ျာပြဲဇာနှင့်အာဏာ သိမ်း ကိရေးကို ပိုးတင်လျက်ရှိနေ၏။ တောင်ကိုးရီးယား- တောင်ဗီယက်

နမ်ခွန့်ဗီလီပိုင်တို့တွင် နယ်ချဲ့တို့၏လက်နက်ပြည်ဇာ မြှင့်တင်ရေးသည် အခိုက်အတန့်အားဖြင့်-အောင်မြင်နေ၏။

ဤမျှသာလော—မဟုတ်သေး....

ဗမာပြည်တွင် နယ်ချဲ့တို့၏လက်ကိုင်တုတ်ကို မင်းတန်ကျူးကျော်တ တပ်များသည် အလုံးအရင်းနှင့်ပင် မှောင်ခိုချ်တပ်ဖွဲ့လျက်ရှိနေသေး အစိုးရအဖွဲ့အတွင်းတွင်၎င်း၊ အုပ်ချုပ်ရေး ယန္တရားအတွင်းတွင် စစ်ရေးအင်အားစုများအတွင်းတွင်၎င်း၊ နယ်ချဲ့တို့သည်၎င်းတို့၏ စားလည်များကိုထိုးသွင်းမြှုပ်နှံ လျက်ရှိနေ၏ ဤအချက်ကိုရုပ်သာ ထင်ဟပ် မှုများက ခေ့စဉ်နှင့်အမျှ သက်သေခံလျက်ရှိ၏။

ယနေ့နိုင်ငံရေးအာဏာ၏ မဏ္ဍိုင်ဖြစ်သောဆိုရှယ်လစ်ပါတီတွင် အာဏာရအစိတ်အပိုင်းသည်၊ မဲ့ကျွဲဒါကို ဟန်လုပ်၍ပင်မပြော တော့၊ အမေရိကန်ကိုယ်စားလည်တစုပါဟု ကျမ်းကျိန်၍ မကြေငြာ တမယ်သာ ရှိတော့သည်ကို မသိနိုင်လေသလော။

ထို့ကြောင့် ယနေ့ဗမာပြည်တွင် တဖက်၌ လက်ဝဲပြည်ဇာတိုးသ လျက်ရှိနေသော်သည်း နယ်ချဲ့ပယောဂကြောင့် လက်ဝဲအင်အားစု ပြိုကွဲနေသေးလျက်၊ တဖက်တွင် အာဏာရ-အာဏာဖွဲ့လက်ျာပြ အခြေခံစခန်းများကို နယ်ချဲ့သမားများက ပြည်တွင်းပြည်ပနည်းမျိုး နှင့် ကျားကန်၍ပေးနေရကား ကိုချမ်းအေး ဖော်ပြလိုသော လက်ျာ ဇာ ဓေဝါလီခံရမူ၊ ပြည့်စုံခြင်းသို့ မရောက်သေးပါ၊ ကမ္ဘာရုပ်အား ကျဆင်းနေသော လက်ျာပြည်ဇာအား နယ်ချဲ့သမားသည် အချိန်မ အသက်သွင်းပေး၍ ဗရမ်းဗတာ ထတောက်သော မီးတောက်မျိုး အခိုက်အတန့်အားဖြင့် ထချိတောက်နိုင်သေးသည့် အလားအလာရှိ ပါသေးသည်ဟု အခါမလင့် သတိကြီးစွာပြုသွားလိုပါသည်။

တခုဝေဖန်ရန် ကျန်သေးသည်....

ဤအချက်မှာ အခြားမဟုတ်၊ ပါလီမန်ဒီမိုကရေစီတွင် ပြည်သူ က ရွေးချယ်ရာ၌ယနေ့ဗမာပြည်တွင် ဖဆပလကိုလော—သို့မဟုတ် မြန်နစ် ပါတီကိုလော....ဟူသော ပြဿနာတွင် ကိုချမ်းအေးဘ ဖလ ကိုမကြိုက်လျှင် ကွန်မြူနစ်ပါတီသည်ပြည်သူတို့အတွက်တိုက်ရိုက် အရွေးချယ်ခံဖြစ်နိုင်သည်ဟု တင်ပြထားပေသည်။

ဤနေရာ၌ ကိုချမ်းအေးသည် ယနေ့ ဗမာပြည်၏ ရာဇဝင်ပေးတာ ဝန်တရပ်ဖြစ်သော တပ်ပေါင်းစု အခက်းကဏ္ဍကို မေ့ပြောက်ချန်လှပ် ခဲ့ပြန်ပေပြီ။ ၁၉၄၈-ခုနှစ်မှ ယနေ့ အထိ၊ ထိုအခက်းကဏ္ဍကို မေ့ ပြောက်ရန်မဖြစ်ပေ၊ အထူး အလေးအနက် ပြုရသည့် ရွေးအဘို့တွင် လည်း နယ်ချဲ့ပဒေသရာဇ်ဆန့်ကျင်ရေးအင်အားစုများအားလုံးပါသည့် ညီညွတ်သည့် ပြည်သူ့တပ်ပေါင်းစုကြီးအားဖြင့်သာ ပြည်သူ့အာဏာ ကို တည်မြဲမ်စွာ ထိမ်းသိမ်းနိုင်၍ အဆင့်ဆင့်အားဖြင့် ဆိုရှယ်လစ်ရေး သို့ကိုင်အောင် ချီတက်သွားနိုင်မည်ဖြစ်ပေသည်။

တပါတီ လွှမ်းမိုးကောင်းလှပ်၍ မရပေ၊

ကိုချမ်းအေး တွက်ဆသလို ကွန်မြူနစ်ပါတီသည်သာ "တိုက်ရိုက် အရွေးချယ်ခံဖြစ်ရမည်" ဟု ခွဲထုပ်လိုက်ပါက၊ ကွန်မြူနစ်ပါတီအား ပြည်သူ့တပ်ပေါင်းစုမှကင်းကွာစေအောင်ပြုလုပ်သကဲ့သို့ရှိပေမိမ့်မည်။

အခန်း (၆)

ဒီမိုကရေစီရေး။

ဤပြဿနာနှင့်ပါတ်သက်၍ပြီးခဲ့သော အခန်းများတွင်အခွင့်အခါကြုံတိုင်း ကြုံတိုင်း တို့ထိ ဖော်ပြခဲ့ပြီးဖြစ်သည်။

ဗမာပြည်လို ကိုလိုနီတပိုင်းပဒေသရာဇ်တပိုင်း၊ လူမှုအဆောက်အအုံ၏တည်နေဆဲ ရုပ်ပေါ်တွင် ဘာမျှ အပြင်းထွက်ပေါ်မှုမရှိလျှင်၊ ထိုနိုင်ငံ၏ဒီမိုကရေစီရေး အတိုင်းအတွာကို ဆုံးဖြတ်ရာ၌ ဘာသိအချက်သည်အရင်းခံ ဖြစ်သနည်းဟူသော 'ယထာဘူတ-တခု'ကို ဦးစွာရှာဖွေရန် လွယ်ကူပါပေသည်။

လူသတ္တဝါသည် တခါတရံ ရိုးရိုးအမှန်တရား ကလေးများကို မေ့လျော့နေတတ်ပေသည်၊ နေ့စဉ်တွေ့ထိနေတိုင်းနေသော မိမိအိမ်ခန်း ဖြစ်လင့်ကစား၊ မိမိကိုယ်တိုင်မိမိအိမ်က လှေခါးငယ်ကိုနေ့စဉ်နှင့်အမျှ ဆင်းတက်နေလင့်ကစား၊ တစုံတယောက်သော ပုဂ္ဂိုလ်ကသင့်လှေခါးတွင် လှေခါးဘယ်နှစ်ထစ် ရှိပါသလဲဟုမေးလျှင် ငိုင်ကျသွားတတ်ပေသည်။

အလားတူပင် ကျွန်ုပ်တို့နေထိုင်နေသော ဗမာပြည် အိမ်ကြီးသည် တည်နေဆဲရုပ်အရ ကိုလိုနီတပိုင်း၊ ပဒေသရာဇ်တပိုင်းအဆောက်အအုံသာ ရှိနေသေးသည် ဟူသောအချက်ကို မျက်ခြေမပြတ်ဘဲအထူး လိုအပ်ပေသည်။

ဤသို့ရှင်းပြီးသော လက်ရှိအချက်ကို အလေးအနက်စိုင်နိုင်ပါလျှင် ယနေ့ ဗမာပြည်ဒီမိုကရေစီရေး၏အတိမ်အနက်အတိုင်းအတွာကို အခြေမဟုတ်ဖြစ်စဉ်နှင့် တိုင်းတွာလို့ ရအပ်ပါပေသည်။

မည်သို့နည်း၊

ပြည်သူတို့ဘက်က လိုလားရသော ဒီမိုကရေစီရေးသည် ဘာအတွက်နည်း၊ မိမိတို့၏နိုင်ငံရေး အချုပ်အခြာအာဏာနှင့် အမျိုးသား

လွတ်လပ်ရေး ပြည့်စေရေးအတွက် လှုပ်ရှားကြိုးပမ်း လိုသောကြောင့်သာဖြစ်သည်၊ ဤအတွက်ဒီမိုကရေစီရေးကိုရယူလိုခြင်းဖြစ်သည်။ သို့ဖြစ်လျှင် ဒီမိုကရေစီရေးသည် ကုန်ပစ္စည်းတခုလို ပေးလို့ ယူလို့ ရကောင်းသော ပစ္စည်းမျိုးဟုတ်သလော-မဟုတ်ပေ၊ ပဋိပက္ခတခု၏တိုက်ပွဲဖြစ်စဉ်တရပ်မှ အရည်အချင်းအရပြောင်းလဲဖြစ်ပေါ်လာသော ပြည်သူတို့၏ အခွင့်အရေးများဖြစ်လေသည်။

သို့ဖြစ်လျှင်၊ ဘယ်အရင်းခံပဋိပက္ခနည်း၊ မည်သူနှင့်မည်သူတို့ တိုက်နေသည့် ပဋိပက္ခနည်း…။

အခြေကား….ဗမာ့လူမှုအဆောက်အအုံ၏ တည်နေဆဲ ရုပ်အရ၊ အရင်းရှင်နယ်ချဲ့နှင့်မြေရှင်ပဒေသရာဇ်စနစ်ကတဘက်၊ ပြည်သူတို့က တဘက်တိုက်နေရသော အရင်းခံ ပဋိပက္ခပင်ဖြစ်ပေသည်။ အမျိုးသားလွတ်လပ်ရေးရရှိခြင်းသည်၊ ထိုပဋိပက္ခကိုချေဖျက်၍ ပြည့်ဝသော ဒီမိုကရေစီရေးကိုရယူရန်-ကောင်းသောအခြေအနေ တရပ်သာဖြစ်ပေသည်။ ထိုအခြေအနေကောင်းကို ပြည်သူတို့ဘက် အသုံးပြုလို၍ နယ်ချဲ့တို့ဘက်မှ အသုံးပြုခွင့်မရစေအောင်၊ နည်းမျိုးစုံနှင့် ချေဖျက်လိုသည်မှာ…. (ဝ၁)ချေဖျက်နေသည်မှာ ကိုချမ်းအေးစာတမ်း အခန်း ၅ တွင်ဝန်ခံ ဖြောင့်ဆိုထားပြီးသည့်အတိုင်းပင်ဖြစ်ပေသည်။

ထို့ကြောင့်လည်း၊ နယ်ချဲ့သမားနှင့် ၎င်းတို့၏ကိုယ်စားလှယ်များသည်၊ အနည်းနည်းနှင့်လွတ်လပ်ပါစ တိုင်းပြည်အသီးသီးတွင်ပုံစံအမျိုးမျိုးဖြင့် ပြည်သူတို့ရအပ်သော ဒီမိုကရေစီရေးကို (ဝ၁) တိုက်ပွဲဖြစ်စဉ်ကိုဖျက်ဆီးနှိပ်ကွပ်နေသည်မဟုတ်ပါလော။ ၎င်းတို့၏ စစ်ဒေသစုအတွင်း ပါဝင်သော လွတ်လပ်သည်ဆိုသောနိုင်ငံများအားတို့ဆိုလျှင်၊ ကွန်မြူနစ်ဆန့်ကျင်ရေးဟုတံဆိပ်တပ်၍၊ မျက်မကြောက် ပြောင်ပြောင်ပင် ဝင်ရောက်ဖွက်ဖက် နှိပ်ကွပ်နေသည် မဟုတ်ပါလော။

နိုင်ငံတကာတွင်၊ နယ်ချဲ့သမားနှင့် ၎င်းတို့၏ကိုယ်စားလှယ်များတို့က ကွန်မြူနစ်ဆန့်ကျင်ရေး လေမုန်တိုင်းကြီးတိုက်လွှင့်နေရပါသည်ဆိုသော အချိန်အခါသည်၊ အလုပ်သမား လယ်သမားနှင့်အညွန့်ဆယ်ခံ ပြည်သူတို့၏ ဒီမိုကရေစီရေး ထက်ကြွလှုပ်ရှားမှုကြီးကို ခြေမှုန်းနေရပါသည်ဟုဆိုခြင်းပင်ဖြစ်ပေသည်။ ပြည်သူ့တရုပ်ပြည်ကြီးမြန်လည်း ထယ်

တင်ရေးဆိုသည်မှာလည်း၊ ဤအဓိပ္ပါယ်ပင်ကောဓမ္မဖြစ်ပေသည်။ ကွန်မြူနစ်ဆန့်ကျင်ရေးဟုတံဆိပ်တပ်၍ ပုံစံအမျိုးမျိုး၊ လမ်းကြောင်း အသွယ်သွယ်မှ အပြင်းအပြော နည်းမျိုးစုံနှင့် ကိုယ်စားလှယ်မျိုးစုံကိုဖန်တီး၍ တက်စုရွက်စုရှင်၍တိုက်နေခြင်းသည်လည်း၊ အလုပ်သမား လယ်သမား နှင့်ပြည်သူလူထုတို့၏နယ်ချဲ့ဆန့်ကျင်ရေး ဒီမိုကရေစီရေးအခွင့်အရေးကြီးကို ဖိနှိပ်ပစ်ရန် ကြံစည်မှုကြီးသာဖြစ်ပေသည်။

ဤအချင်းအရာကြီးများသည်၊ နယ်ချဲ့ဂိုဏ်းက တကမ္ဘာလုံးနှင့် ချီ၍ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး စိတ်ဓါတ် စစ်ဆင်ရေး များအားဖြင့်..... မဟာ စက်မောင်းကြီးအမျိုးမျိုးကိုတပ်ဆင်မောင်းတင်၍ နေ့စဉ်နှင့်အမျှ ဓိနှိပ်ရှိသည်နှင့်အမျှ ခုတ်မောင်းလျက်ရှိပေသည်။ ဤအချက်ကိုကြီးစွာ သတိပြုအပ်ပေသည်။

ဗမာပြည်တွင်၊ ယခုဖြစ်ပေါ်နေသော ဒီမိုကရေစီ ဆိုင်သည့်အရေး ခြင်းသို့ ပွဲဆောင်နေသော ပြည်တွင်းစစ်ကြီးကို တာရှည်ထက်တာ ရှည်အောင်၊ နည်းမျိုးစုံနှင့်ကျားကန်ဖန်တီးပေးသည်မှာလည်း၊ ဤရည် ရွယ်ချက်ပင်ဖြစ်ပေသည်။ ယခုသော်-တဆင့်ပင်တက်လာပေပြီ၊ ထိုအ ဆင့်ကား အခြားမဟုတ်၊ လွတ်လပ်ရေးပြဿနာ ဒီမိုကရေစီရေး ပြဿ နာ စသည့်ဖြင့် နိုင်ငံရေးပြဿနာအပေါ်သဘောကွဲလွဲ၍ တိုက်ခိုက်နေ ရသော ပြည်တွင်းစစ်ထက် နယ်ချဲ့သမားတို့ကကွန်မြူနစ်ဝါဒဆန့်ကျင် ရေးစစ်ပွဲအဖြစ် (Free People's war Against Communism) တဆင့် တက်၍ဖန်တီးနေကြပေပြီ။ ဖဆပလ အစိုးရအဖွဲ့အတွင်းပုဂ္ဂိုလ်အချို့၏ ယူဆပြုလုပ်လာပုံ အဖြစ်အပျက်များက ဤသဘောကို ညွှန်ပြနေပေ သည်။

ထို့ကြောင့်-အားလုံးကိုခြုံရသော်၊ ကိုချမ်းရေအေး တွက်ချက်ပြသလို နယ်ချဲ့ချုပ်ကိုင်ကြီးပန်းမှုအခက်းများကိုပေါ်၍ မြေရှင်ပဒေသရာဇ် ကုန် ထုပ်ဆက်ဆံရေးအခက်းကို ရှောင်ပြီး၊ နှင်းသီကော်ဇောပေါ် လမ်း သလားရသလို ပြည်သူတို့၏ဒီမိုကရေစီရေးတိုက်ပွဲသည် မလွယ်ကူပေ၊ ဒီမိုကရေစီအစဉ်အလာ ရင့်ကျက်ခဲ့ပါသည်ဆိုသောအမေရိကန်အရင်း ရှင်ဒီမိုကရေစီနိုင်ငံကြီး၌ပင်လျှင်၊ ယခုပြည်သူတို့၏ ဒီမိုကရေစီရေးများ သည်၊ အဘယ်ပုံရိုက်ချိုးခံနေရသည်များကို (ကမ္ဘာကျော်အမေရိကန်

စာရေးဆရာကြီး (Albert E-Kahn ရေး၍ နယူးယော့ခ်မြို့မှ Lear Publishers) မှ ၁၉၅၁ ခုနှစ်တွင် ထုတ်ဝေသော HIGH TREASON) ခေါ် စာအုပ်ကြီးကို လေ့လာကြည့်ပါက-ထင်ထင်ရှားရှား သိရှိနိုင်မည် ဖြစ် ပေသည်။

သို့ဖြစ်ရကား.....ဗမာပြည်သူတို့၏ ဒီမိုကရေစီရေး တိုက်ပွဲသည်- အရင်းခံပဋိပက္ခဖြစ်သော နယ်ချဲ့မြေရှင်ပဒေသရာဇ် ဆန့်ကျင်ရေးကိုက် ပွဲမှ ပေါက်ဖွားဖြစ်ပေါ်လာသော ဖြစ်စဉ်တရပ်ဖြစ်ရာ၊ ဗမာပြည်ယခု ဒီမိုကရေစီရေးအခြေအနေကို ဤအခြေခံဖြင့် စစ်ဆေးကြည့်ကြရအံ့။

(၁) ဖက်ဆစ်စနစ်အတွက်၊ ဗမာပြည်တွင်စီးပွားရေး ရုပ်အခြေခံရှိသလော—

ဖက်ဆစ်စနစ်အတွက်၊ ဗမာပြည်၏စီးပွားရေး အရင်းခံရုပ်အတွင်း တွင် အခြေခံမရှိပါ၊ သို့သော်-ဗမာပြည် စီးပွားရေး၏ အရင်းခံ ရုပ် ဝတ္ထုသည် သီးခြားတည်နေသည်မဟုတ်၊ ကမ္ဘာနှင့်ချီနေသော နယ်ချဲ့ စီးပွားရေးရုပ်ဗိုမိုကျရှုံး၍ ဗိုမိုပေါက်ပြန့်လာသော ထိုစီးပွားရေးရုပ်နှင့် ဆက်စပ် လွှမ်းမိုးခြင်းခံနေရသဖြင့် နယ်ချဲ့၏ပေါက်ပြန့် ကြမ်းတမ်းမှု များသည်၊ ဗမာပြည်၏ဒီမိုကရေစီရေးကို ၎င်းတို့၏ အခြေခံစခန်းများ နှင့်ကိုယ်စားလှယ်များမှတဆင့် ဖိနှိပ်ရိုက်ချိုးလျက်ရှိနေပါသည်။ လက် တွေ့ခံစားနေရမှုများကလည်းသက်သေခံလျက်ရှိနေပါသည်။ စပိန်ပြည် ၏အရင်းခံစီးပွားရေးသည် ကျရှုံးပေါက်ပြန့်လာသော လက်ဝါးကြီး အုပ် အရင်းရှင် စီးပွားရေးရုပ်မဟုတ်ပါ၊ သို့သော်-ကမ္ဘာ့ အရင်းရှင် လက်ဝါးကြီးအုပ်စီးပွားရေးရုပ်၏ လွှမ်းမိုးချုပ်ကိုင်မှုကို ခံနေရသော အခါ၊ ဖက်ဆစ်သူချုပ်ပေါ်၍ ပြည်သူတို့၏ ဒီမိုကရေစီအခွင့်အရေးကို ထောင်းထောင်းကြေအောင် ရိုက်ချိုးလျက်ရှိနေပါသည်။ အလားတူ တောင်ဗီယက်နမ်၊ ကိုရီးယား၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ ဖေါ်မိုဆာ၊ ယိုး ဒယားတို့၏ သာဓကများကိုကြည့်ပါ။

(၂) ဗမာပြည်တွင်ပဒေသရာဇ်စစ်ဝါဒီထွန်းကားနိုင်သလော

မြေယာပိုင်ဆိုင်မှုနှင့်ပဒေသရာဇ်အာဏာတွဲဘက်နေသော ရှမ်းပြည် စသောပြည်နယ်အချို့တွင်မူ၊ အခြေခံရှိနေပါသေးသည်။

ဗမာပြည်မတွင်မူ၊ မြေရှင်ကြီးစနစ်ကို ဖဆပလအစိုးရကစေ့စပ်၍ရုပ်သိမ်းစေရန် ကြိုးပမ်းနေသော်လည်း၊ ထိုကြိုးပမ်းချက်တွင် မြေရှင်စနစ်နှင့်မြေရှင်ကျွန်ယုပ်ဆက်ဆံရေးစနစ်ကို အဆုံးစေသည့်လမ်းစဉ်မဟုတ်ပါ၊ ၎င်းတို့၏မြေယာဝေခွဲမ်းရေးသည် မြေရှင်ကြီးစနစ်ကိုရုပ်သိမ်းစေ၍ မြေရှင်ကလေးများကိုဆက်လက်ထိမ်းသိမ်းစေ၍ ဆင်းရဲသော လယ်သမားများနှင့်လယ်ယာ အလုပ်သမားများ၏လုပ်ခွင့်များကို ပိုမိုဖျက်ဆီးစေသောစနစ်ကြီးပင်ဖြစ်ပါသည်။ မြေယာဝေခွဲမ်းသော နယ်များကို လက်တွေ့စမ်းကြည့်ပါလေ။

ထို့ကြောင့်-ယနေ့ဗမာပြည်တွင် မြေရှင် ကလေးများနှင့် ချမ်းသာသောလယ်သမားကြီးများ၏ဩဇာသည်ကျေးလက်နယ်ပယ်တွင်တနေ့တခြား ထိုးဖေါက်ကျယ်ပြန့်၍လာပေသည်။ လက်ဝင်းအားဖြင့် ၎င်းတို့သည်သာ၊ များသောအားဖြင့်ဖဆပလခေါင်းဆောင်၊ ဗတလစ ခေါင်းဆောင် မြေယာ၊ ဒိမတီလူကြီး၊ပြူမစာသိမ်းခေါင်းဆောင်၊ ဒီမိုကရေစီဒေသန္တရလု ါး စသည်ဖြင့် နိုင်ငံရေးအာဏာ၊ မြေယာစီမံခန့်ခွဲမှုအာဏာ၊ အုပ်ချုပ်ရေးအာဏာများကိုရယူ၍ တောင်သူလယ်သမားထုကြီးအား နှိပ်စက်ညှဉ်းပန်းလျက် ရှိကြပေသည်။ အရေးရာတို့တွင်ပြည်သူ့အခြေခံ၊ ပြည်သူ့အကျိုးကျေးဇူးအတွက် ဦးတည်သည့်ထက် တပါတီအကျိုး၊တပါတီအခြေခံဖြင့် စခန်းသွားနေသဖြင့် အုပ်ချုပ်ရေးနယ်ပယ်မှာရော၊ မြေယာစီမံခန့်ခွဲမှုမှာရော—ပါတီဗျူရိုကရေစီသည် အလုံး အရင်းနှင့်ဝင်ရောက်လွှမ်းမိုးလျက်ရှိပေသည်။ အထူးသဖြင့် ကျေးလက်အုပ်ချုပ်ရေးနှင့်မြေယာခင်းတွင်၊ ပါတီဗျူရိုကရေစီသည် ဖူးမြောင်လှသောခေါင်းပိုက်ဆောင်တစ်များဖြင့် နက်နဲစွာအခြေစိုက်၍သရဖူဆောင်းလျက်ရှိပေသည်။

ဤအချင်းအရာများသည်၊ မြေရှင်ကြီးစနစ်ကို ခေတ့စပ်ရေးဖြစ်၍ပြီးဖွံ့စေပြီးနောက်၊ အစားထိုးလာသော မြေရှင်ကလေးစနစ်တွင် အမြစ်တွယ်ထားလေသည်။ ထိုအမြစ်သည်တနေ့တခြား တိုးပွားလာ၍မြေရှင်များသည် ၎င်းတို့၏ မြေရှင်စနစ်သွေးစုတ်ဆက်ဆံမှုများကို (မြေခွန်-မြေခပေးပေး၊ တင်းတိုး၊ ငွေတိုးစသော မြေရှင်စနစ် အရင်းရှင်စနစ်ဆက်ဆံ

ရေးများ) ကို လက်နက်ကိုင်အခြေခံတပါတီ ဗျူရိုကရေစီအာဏာနှင့် ကာကွယ် မြှင့်ကျင့်လျက်ရှိကြပေသည်။

ထိုအကြောင်းများကြောင့်၊ ယနေ့ဗမာပြည်တွင် ယေဘုယျအားဖြင့် ပဒေသရာဇ်စစ်ဝါဒီအခြေခံမှု ရှိခြားလည်း၊ မြေရှင်စနစ်ဆက်လက်တည်ရှိနေမှုနှင့်တပါတီဗျူရိုကရေစီ လက်နက်ကိုင် ချုပ်ကိုင် ထားမှုအရင်းအမြစ်သည် လယ်ယာအလုပ်သမားနှင့် တောင်သူလယ်သမားများ၏ ဒီမိုကရေစီရေးအား ထောင်းထောင်းညက်အောင် ခြေမှုန်းလျက်ရှိပေသည်။

ထိုအမြစ်အပျက်များသည်၊ ဖြစ်ပေါ်နေသော ပြည်တွင်းစစ်ကိုပိုမိုနက်ရှိုင်းစေ၍ မြေရှင်စနစ် ဆက်လက်တည်တန့်ရေးအတွက် ဦးတည်နေသောလမ်းစဉ်နှင့်ရပ်အခြေခံတွင်အမြစ်စွဲနေရကား မည်သည့်နည်းနှင့်မျှ ခွင့်လွှတ်နိုင်စရာ လမ်းမရှိပေ။

ထို့ကြောင့်လည်း၊ ဤအောက်ဆုံးအခြေခံအချင်းအရာမှ အထက်ဆုံးအဆင့်အထိ ကွင်းဆက်သဖွယ်ပေါင်းစပ်လိုက်သည်ရှိသော်၊ နယ်ချဲ့ထောက်ခံသော မြေရှင်စနစ် ဆက်ဆံရေးအခြေခံ တပါတီဗျူရိုကရေစီ ချုပ်ကိုင်မှုတို့သည် ထင်ရှားဖြစ်ပေါ်လျက် ရှိပေသည်။ ထို့ကြောင့်... ဖက်ဆစ်ဝါဒ အရင်းအမြစ်မရှိသော်လည်း၊ လက်တွေ့ မြှမ့်ဆောင်ရွက်ချက်များတွင် ပဲပက်၍ကဆုံး ကြမ်းတမ်းလာသော လက်ဝါးကြီးအုပ်အရင်းရှင်စနစ်၏ ဆက်စပ်တွန်းကန်မှုကြောင့် ဖက်ဆစ်စနစ်သရုပ်ဖြစ်ပေါ်၍ တဘက်၌မူ၊ လက်နက်ကိုင်ချုပ်ကိုင်မှု မြေရှင်စနစ်ဆက်ဆံရေးအခြေခံကြောင့်ပဒေသရာဇ်စစ်ဝါဒီဆန်လာလေသည်။ ဤအချင်းအရာကို အကျဉ်းမျှ ဆက်၍ ရှင်းဦးအံ့၊

ဗမာပြည်ကိုကိုလိုနီတပိုင်း၊ ပဒေသရာဇ်တပိုင်း[illegible] ဒီမိုကရေစီရေးသည် ပြည်သူတို့၏အရင်းရှင်နယ်ချဲ့နှင့်မြေရှင်၊ [illegible]ရာဇ်ဆန့်ကျင်ရေး တိုက်ပွဲအခြေခံပေါ်တွင် တည်ရှိနေကြောင်း အာလကာလပေါ်ပြခဲ့ပြီးဖြစ်၏။

ထို့အတူဗမာပြည်၏ မြေရှင်ပဒေသရာဇ်စနစ်[illegible]ကျင်ရုပ်သိမ်းစေရေးသည် ဗမာလူမှုဘောင်လှုပ်ရှားရေး၏ ဝင်ရိုးပင်[illegible]ဝ်လည်းသီးခြားထီးထီးသောသီးခြားတိုက်ပွဲတရပ်အားမဟုတ်၊ အရင်း[illegible] ဝချဲ့ဆန့်ကျင်ရေး

တိုက်ပွဲနှင့်ဆင်ဖင်နေသည်ဟူသော အချက်ကိုလည်း အထူးသတိပြုရမည်ဖြစ်ပေသည်။

နယ်ချဲ့အခြေခံ စနစ်များ ဆက်လက်တည်တန့် နေစေရေးသည် မြေရှင်စနစ် ဆက်လက်တည်တန့်နေစေရေးနှင့် အကျိုးပြုအကျိုးခံများ ဖြစ်ပေသည်။

ထို့ကြောင့်အရင်းရှင်နယ်ချဲ့အခြေခံစနစ်များ ဆက်လက်တည်ရှိနေသ ဝင်ရောက်ဖိုးဖေါက်အားဖြေ့နေဆဲ ခံနေရသော ဗမာပြည်တွင် အဘယ်မှာလျှင် မြေရှင်ကြီးစံနစ် ယိုင်လဲပြိုကျသွားလေပြီဟု အဆုံးစွန်သောစကားကို ဆိုနိုင်ပါအံ့နည်း၊ ဤသို့ဆိုလျှင် အရင်းရှင်နယ်ချဲ့ အခြေခံစနစ်များလည်း ယိုင်လဲပြိုကျသွားပြီးဖြစ်သည်ဟုပြောဆိုယူဆရောက်ပေလိမ့်မည်၊ အလုပ်သမား လူတန်းစားနှင့် တောင်သူ လယ်သမားများ၏သွေးစည်းညီညွတ်မှုသည်လည်းခိုင်မာပြည့်ဝခြင်းသို့ ရောက်ရှိနေပြီးဖြစ်ပေသည်ဟု ယူဆပြောဆိုရပေလိမ့်မည်။

ဤသို့ကား မဟုတ်သေးပေ၊

ဤသို့မဟုတ်သဖြင့်သည်း ဖဆပလတို့၏ မြေယာလမ်းစဉ်သည်နယ်ချဲ့သမားတို့၏အလိုကျ မြေရှင်ကြီးများကို အခယောက်စေ့စပ်၍ မြေရှင်စနစ်ဆက်လက်တည်တန့်ရေးအတွက် တပါတီလက်နက်အာဏာချုပ်ကိုင်မှုဖြင့် အဘင်းဖွတ်လုပ်၍-နရခြင်းဖြစ်ပေသည်၊ ထို့ကြောင့်လည်း မြေယာမဲ့တောင်သူလယ်သမားတို့၏ အကြီးဆန့်ကျင်မှုအတိုင်းအတာသည် တိုင်းပြည်တွင် ဤမျှကြီးမားကျယ်ပြန့်လျက်ရှိပေသည်၊ (သက်သေအထောက်အထားများကို အမြို့အစ သံရှိလိုမှ တ-လ-ည-စ ပွဲ၊ နှုပ်မှဒိုရှိသော တောင်သူလယ်သမားတိုက်ပွဲစာအုပ် စာမျက်နှာ ၁၁၅-မှ ၁၇၀-အထိ ကြည့်ပါလေ)။

ဗမာပြည်ထို-ကိုလိုနီတပိုင်း၊ပဒေသရာဇ်တပိုင်းနိုင်ငံ၌မြေယာတော်လှန်ရေးသည် အလုပ်သမားလယ်သမားတို့၏ သွေးစီး ညီညွတ်မှုဖြင့် နယ်ချဲ့အခြေခံစနစ်များကိုရင်း၊ မြေရှင်ပဒေသရာဇ် အခြေခံစနစ်များကိုရင်းတချိန်တည်း-တခါတည်း ဦးတည်ဖြိုချက်ရမည့်လမ်းစဉ်မဟုတ်ပါက မည်သည့်နည်းနှင့်မှမြေရှင်ကြီးစံနစ်သည် အဆုံးပြိုလဲသွားမည်မဟုတ်ပေ။ နယ်ချဲ့အလိုကျလူတန်းစားချင်း ကြေအေးစေရေးရှေ့ပြည်

အေး လမ်းစဉ်ဖြင့်သော မြေရှင်စနစ်ကို ပုံအမျိုးမျိုးပြောင်း၍ ဆက်လက်တည်တန့်နေစေမည်သာ ဖြစ်ပေသည်။

တနည်းအားဖြင့် ဖဆပလ တို့၏ မြေယာလမ်းစဉ်သည် နယ်ချဲ့အခြေခံ စနစ်များကိုဖြိုချက်၍ ဆိုရှယ်လစ်ပန်းတိုင်သို့ဦးတည်ချီတက်ရေးတွင် မြေယာမဲ့တောင်သူလယ်သမားများအား အလုပ်သမားလူတန်းစား၏“အရံတပ်မဟာကြီး”တခုအဖြစ် စုစည်းစေရမည့်အစားအရင်းရှင်နယ်ချဲ့သမားများနှင့် တိုင်းရင်းမြေရှင်ကြီးများ၏ “သွေးစုတ်ခံ အခြေခံ အင်အားစုကြီးအဖြစ်”တွင်သာတောင်သူလယ်သမားများအား ဆက်လက်ထားရှိစေမည့် မြေယာလမ်းစဉ် ဖြစ်နေပေသည်။

ထို့ကြောင့်လည်း ယနေ့ နယ်ချဲ့လောင်းရိပ်အောက်တွင် ရှေ့ပြည်အေးလမ်းစဉ်နှင့် မြေယာဝေခြမ်းခြင်းခံနေရသော တောင်သူလယ်သမားတို့၏ တနေ့တခြားစီးပွားရေး ကြပ်တည်းနက်ရှိုင်းလာမှု မြေယာကုန်လုပ်ငန်းများ ကျဆင်းလာမှု သီးနှံပစ္စည်းများအပေါ်ပိုမိုလက်ဝါးကြီးအုပ်သွေးစုတ်ခံလာရမှု မြေရှင်အရင်းရှင်စံနစ် ဆက်ဆံ သွေးစုတ်မှုများ ပိုမိုပြင်းထန်လာမှု(ONE CROP) တသီးနှံထွက် ကိုလိုနီ စီးပွားရေးလက္ခဏာဆက်လက်တည်မြဲလာမှုများဖြင့် စီးပွားပျက် ကပ်ဆိုက်လာလေတော့ရာနောက်ဆုံးအရင်းအမြစ်စစ်လိုက်လျှင်နယ်ချဲ့ဆန့်ကျင်ရေးလက္ခဏာရှိသည့် အမျိုးသားစက်မှုသက်မှု ထူထောင်ရေး စီးပွားရေးလမ်းစဉ်အား မြေရှင်စံနစ်အခြေခံဆုတ်ယုတ်သော မြေယာစီးပွားရေးလမ်းစဉ်ကဆန့်ကျင်လာသည့် ပဋိပက္ခသည် တမျိုးသားလုံး၏စီးပွားရေးအကြပ်အတည်းကို ပိုမိုနက်ရှိုင်း [illegible]ခြင်းဖြင့် ဖဆပလ တို့၏မှုမမှန်သောမြေယာ လမ်းစဉ်ကိုလည်းထင်ရှားစွာ သရုပ်ဖေါ်လျက်ရှိပေတော့သည်။

ဤနေရာ၌ မောင်စူးစမ်း ဆိုသူ ယခု ကိုချမ်းအေးကိုယ်တိုင်ပင်လျှင်တချိန်က ဗမာ့စီးပွားရေး လောကကို ဂယက် ရိုက်ခဲ့သည့်“ဗမာ့စီးပွားရေးစစ်တမ်း”ခေါ်စာအုပ်ကိုပြုစုခဲ့ပေသည်၊ ထိုအချိန်က မောင်စူးစမ်းနှင့် ယခုကိုချမ်းအေး၏သဘောထားများမှာကွာခြားလျက်ရှိနေသည်ကို တွေ့ရပေသည်။

ထိုအချိန်က မောင်စူးစမ်းက သူ၏စာအုပ် “ဗမာ့မြေယာ

စီးပွားရေးခေတ်း"တွင် ဖဆပလတို့၏ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေးလမ်းစဉ်ကို စစ်ဆေးသုံးသပ်ပြထားပေသည်၊ ၎င်းတွင် သူ၏ ကောက်ချက်များကို ဘော်ပြနိဂုံးချုပ်ရာ၌....

"လယ်ယာမြေနိုင်ငံပိုင် ပြုလုပ်ရေးကြောင့် ကျေးလက်၏ အရှင်သခင်များသည်အဘယ်သို့ပြောင်းလဲသွားမည်နည်း၊ မပြောင်းလဲ၊ မြေသိမ်းခံရသော မြေရှင်တို့သည်၎င်း၊ အသိမ်းမခံရသော အရင်းရှင်ဆန်သော မြေရှင်တို့သည်၎င်း၊ ဆက်လက်လွှမ်းမိုးနေဦးမည်မှာ သေချာသည်၊ × × ×

ကျွန်တော်၏ ဆိုလိုချက်ကား....

(၁) မြေရှင်သွေးစုတ်မှု၏ ပုံသဏ္ဌာန် ဖြစ်သော ငွေတိုးချေးစားသမားများ၊ အရင်းရှင်ဆန်သောမြေရှင်များ ချမ်းသာသော လယ်သမားတို့သည် ကျေးလက်၏အရှင်သခင်များ၊သမဝါယမများ၏ အရှင်သခင်များဖြစ်လာလိမ့်ဦးမည် သူတို့သည်ပင် ဖဆပလမြေယာပြောင်းလဲရေးအတွက်'လူတန်းစားအခြေခံများ ဖြစ်လိမ့်မည်။

(၂) ဤသို့ဖြစ်လေ စပါးရောင်းချမှုဒါက်နှင့်ပေါင်းစပ်ခါ လယ်သမားလူထုအတွင်း လူတန်းစား အလွှာကွဲပြားလာမှုသည် ပို၍ ထင်ရှား လာလေသာဖြစ်ပေမည်။

× × × ထို့ကြောင့်၊ ဖဆပလ၏ လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးသည် မြေရှင်စနစ်ကို ဖျက်သိမ်းပါ၏လော ဟု ကျွန်တော် မေးလျှင်—မြေအောအများအပြား ပိုင်ဆိုင်သည့် မြေရှင်စနစ်ကို သိမ်းယူ ခဲ့သည်တော့ "စစ်မှန်၏ သို့သော် အခြေ...မှ၍ မြေရှင်စနစ်ကိုအရင်းရှင်ဆန်အောင်လုပ်ခြင်း သာဖြစ်...ပြောလိုပေသည်၊ (စာမျက်နှာ ၂၇၅-သူတို့သာ ကျေးလက်၏ အရှင်သခင် ဟူသောအခန်း၌)

နောက်ဆုံးတွင် မောင်မှုန်းသည် ဗမာ့မြေယာစီးပွားရေး ...ကို အပြီးသတ် ကောက်ချက်ချထုတ်ရာ၌....

"ကျွန်ုပ်...မြေရှင်စနစ်လည်းရှိ၊ အရင်းရှင်ကုန်လုပ်ဆက်ဆံရေးလည်းရှိသော ...သည့် ဗမာ့မြေယာ စီးပွားရေး

စနစ်သည် မြေရှင်ကုန်လုပ်ဆက်ဆံရေး၏ပဋိပက္ခရော၊ အရင်းရှင်ကုန်လုပ်ဆက်ဆံရေး၏ ဥပဒေသအတိုင်း ဖြစ်တတ်သော ပဋိပက္ခတို့ကိုပါ ရောပေါင်း၍ လေးလေးပင်ပင် ထမ်းထားရလိမ့်မည်။

ဤဝန်ထုပ်ကြီးသည် ဗမာ့မြေယာစီးပွားရေးအတွက် ပိလ္လွန်းလေးလွန်းသည်ဖြစ်ရာ အရိုးစွဲနေပြီဖြစ်သော "မြေယာကပ်ထဲမှ ကျွတ်လွတ်နိုင်စေဘို့အလွန်ခက်ခဲစေပေမည် ပိုလို့တောင်အတွင်းထဲ ခပ်နက်နက်တွန်းပို့လိမ့်ဦးမည်။

ဤအခြေအနေကရှိနေစဉ် လက်ငင်းဖြစ်နေသော ဆံစပါးရေး ကျဆင်းမှုကို ကမ္ဘာ့အရင်းရှင် စီးပွားပျက်ကပ်ကလည်း တွန်းဆော်ဦးမည်ဖြစ်လေရာ ဤသို့ဖြစ်လာတိုင်း ဖြစ်လာတိုင်း ဗမာ့မြေယာ စီးပွားရေး၏ ကံကြမ္မာသည် သီးခံမနိုင်လောက်အောင် ညှိုးဝါးဘွယ်ရှိလေသည်။

ထို့ကြောင့် ရှေ့အခြေအနေသည် လယ်သမားထုအဘို့ အဘယ်သို့ရှိအံ့နည်း" (စာမျက်နှာ ၂၀၅)

သို့ဖြစ်ရာကား နယ်ချဲ့သွေးစုတ်မှုလောင်းရိပ်အောက်မြေရှင်စနစ်၏ ဆက်လက် ညှင်းပန်းမှု ဒါဏ်များကို ဆက်လက် ခံစားနေရသော တောင်သူလယ်သမားများအတွက် မည်သို့သောဒီမိုကရေစီ အခွင့်အလမ်းများကိုရရှိရန် တိုက်ပွဲပေါ်တဲ့နှင့်မြော်လင့်လို့ရပါမည်နည်း။

ကိုချမ်းအေး"စာတမ်းတွင် ပါရှိသည့်" ဖဆပလအစိုးရသည် မိမိ မလွဲမရှောင်သာတည်ဆောက်ရသော အစိုးရအရင်းရှင်စနစ်နှင့်မြေရှင်စနစ် ပြိုကျယိုင်လဲစေခြင်း၏ အကျိုးစီးပွားအတွက်ပင်မလွဲမသွေဒီမိုကရေစီစနစ်ကို ထူထောင်ရပေမည် ဟူသော သဘောသည်အထက်ဖော်ပြပါအတိုင်း နယ်ချဲ့အခြေခံစခန်းများနှင့် မြေရှင်ပဒေသရာဇ်အခြေခံစခန်းများကို အလုပ်သမားနှင့် တောင်သူလယ်သမားတို့၏သွေးစည်းညီညွတ်မှုဖြင့် ဖြိုဖျက်နိုင်စေသည့်လမ်းစဉ်ကို ဖဆပလက ဦးတည်ရမှတ်နေပါက ဟုတ်ပေ-မှန်ပေလိမ့်မည်၊ သို့မဟုတ်သဲ အခုတော့ နယ်ချဲ့သွေးစုတ်မှုများကို ဆက်လက်,လက်ခံစေ၍ မြေရှင်ကြီးစံနစ်ကိုရှေ့ပြည့်အောင် လမ်းစဉ်နှင့်နှစ်သိမ့်စေခါ၊မြေရှင်စံနစ်ဆက်လက်တည်တံ့ရေးအတွက်

တပါတီချုပ်ကိုင်မှုဖြင့် ဖွတ်အတင်းရိုက်သွင်းနေသောလမ်းစဉ်ဖြစ်နေ ထား၊ ပဒေသရာဇ် စစ်ဝါဒီဆန်ဆန် အလုပ်သမား လယ်သမားများ အား ရိုက်နှက်သွေးခွဲ၍ တပါတီ အာဏာတည်မြဲရေး မှန်ဦး သို့သ မရွဲမရွေ့ ချီတက်သွားလိမ့်မည်မှာ သွားနေ့သည်မှာ ကိုယ်တွေ့မျက်မြင် ဝင် ဖြစ်နေပေတော့သည်။

ယနေ့နိုင်ငံတွင်ဖြစ်ပေါ်နေသော ဖဆပလ-ဆိုရှယ်လစ်တို့၏ ပဋိပက္ခ လုပ်ရပ်များက နေ့စဉ်နှင့်အမျှ သက်သေခံချက် ရှိနေသည်။

ထို့ကြောင့် ဗမာပြည်၏ ဒီမိုကရေစီရေးပြဿနာကို လေ့လာရာ မြေယာခေါ်ပါ လက်တွေ့သရုပ်ဆောင်ချက်များနှင့် ဆက်စပ်စိစစ်ရန် လိုအပ်ပေသည်။

ထို့ကြောင့်လည်း ကွန်မြူနစ်တို့ပါတီက ဤအခြေအနေများကြောင့် ပြည်တွင်းစစ် ရပ်စဲရေးတွင် အမျိုးသား လွတ်လပ်ရေးကို အခြေခံ ဒီမိုကရေစီ အခွင့်အရေးချက်များဖြင့်မှတည်၍ တမျိုးသားလုံး အကျိုး အတွက် ငြိမ်းချမ်းစွာယှဉ်ပြိုင် အားပြိုင် နိုင်ကြစေရေးအတွက် တွေ့ဆုံ ဆွေးနွေးကြပါ၊ ဒီမိုကရေစီ ငြိမ်းချမ်းရေးကို တည်ဆောက် ကြပါဟု ထပ်ခါတလဲလဲ ကြေးကြော်တောင်းဆို နေခြင်းပင် ဖြစ်သောသည်။

(၃) ဖက်ဆစ်တော်လှန်ရေး အစဉ်အလာကြီးသည် ဒီမိုကရေစီရေးကို ကျေးဇူးမပြုပါသလော။

ကျေးဇူးပြုသည် မှန်ပါသည်။

ဆိုအသော်လည်း ဖက်ဆစ်ဝါဒကို ဤကမ္ဘာတွင် ထပ်မံ ပေါက်ဖွား ပေနိုင်သေးသည့် သူ၏မြစ်ခံအို အရင်းရှင်နယ်ချဲ့စနစ်သည် လုံးဝကျ ဆုံးခြင်းသို့ ဆိုက်ရောက်သေးပါ၊ သူ၏ မြစ်ခံနှင့် ဆက်စပ်နေသော အခြေခံစနစ်များသည်လည်း ဗမာပြည်တွင် ဆက်လက်တည်နေ အားမြဲ့နေဆဲပင်ဖြစ်ပါသည်၊ ထိုအခြေခံအဆောက်အအုံများကို ပြည်သူတို့က လုံးဝချုပ်သိမ်းနိုင်သည်အထိ မရောက်သေးပါ၊ တိုက်ပွဲဖြစ်နေ အတွင်း၌သာရှိပါသေးသည်။

အကြင်အခါ၌ အတိတ်ကာလက ကောင်းသော အစဉ်အလာတရပ် သည်များပျော်ခွင်ရှင်းလှသောပဋ္ဋက္ခ (Subjective Factor) လုပ်ရပ်များ က ပိတ်ဆို့ထားသဖြင့်ညှိုးမှိန်နေရသည်များလည်းရှိပါသည်၊ ယနေ့ပြည်

တွင်းစစ် အရေးအခင်းတွင် ဖက်ဆစ်တော်လှန်ရေး၌ တောက်ပြောင် ခဲ့ကြသည့် ပြည်သူ့အရေးတော်ပုံပါတီ ခေါင်းဆောင် အချို့တို့သည် အုပ်ချုပ်ရေး စစ်ရေးဆက်ဆာဝန်ခံ ရာထူးကြီးများကို ကိုင်တွယ်လျက် လူ့သားမဆန်သော ရက်စက်မှုကြီးများကို ကျူးလွန်ခဲ့ရက်ကြသည့် အချက်များက သက်သေပြပေသည်။

ထို့ကြောင့် ဖက်ဆစ်ဆန့်ကျင်ရေး အစဉ်အလာကြီးကို ဆက်လက် ထိန်းသိမ်းရေး ပို၍တောက်ပြောင်ရေးအတွက် ပြည်သူတို့၏နယ်ချဲ့ဆန့် ကျင်ရေး ဒီမိုကရေစီရေး တိုက်ပွဲများဖြင့်သာ အသက်ဆက်ပေးရန်အ ထူးလိုအပ်နေပေသည်။

(၄) လွတ်လပ်ရေးရပြီးနောက်ပေါ်ပေါက်ရသည့်အခြေခံအဆောက်အအုံသည် ဒီမိုကရေစီသာမဟုတ်ပါလော။

ဟုတ်ပါသည်။

ဤသို့ဟုတ်မှန်ပါရန် ဤကမ္ဘာ့ရှုပ် အသားအလာကို ပကတိရုပ်ဝတ္ထု အကောင်အထည် ဖြစ်ပေါ်လာရန်ကိုလိုနီတပိုင်း၊ ပဒေသရာဇ်တပိုင်း အခြေခံအဆောက်အအုံကို ဖျက်ဆီးပစ်ရန်လိုပါသည်၊ ဤသို့ပြည်သူ တို့က ဖျက်ဆီးပစ်နိုင်မှ ရှေ့အထက်က ဆိုခဲ့သည့်အတိုင်း သရက်စေ့ မှသည် သရက်ပင်ကြီးသို့ ဆိုက်ရောက်ပေလိမ့်မည်၊ ထို့ပြင် အဟန့် အတား (Subjective hinderance) ပယ်ဖျက်ရေးကိုအထူးသတိပြု မျက် ခြေမပြတ်ဘို့ လိုအပ်ပေသည်။

(၅) ဗမာပြည်ဆိုရှယ်လစ်ပါတီ၏ဝါဒသည် ဒီမိုကရေစီကို မတောင်းဆိုပါလော။

ထိုပါတီသည် ယေဘူယျအားဖြင့် မာ့က်ဝါဒကို ထောက်ခံပြောဆို သည့် ဘိုဆော်ပါတီတရပ်၏ အင်္ဂါလက္ခဏာများကတော့ ဆိတ်သုဉ်း လျက်ရှိပေသည်၊ ထိပ်ပိုင်းလူတစုက နိုင်ငံရေးအာဏာနှင့် ချဲ့ရထား သည့် အသွင်သာဖြစ်၍ ပါတီဝင် ထုတွင်မူကား များသောအားဖြင့် မှိုင်းပတ်စေတော်များအတွင်းသာ နေကြရရှာပေသည်၊ ပါတီဝင်ထု၏ ဒီမိုကရေစီနှင့် အထက်မှ ဦးစီးခေါင်းဆောင်မှု ကွာဟနေခဲ့သည်မှာ ဆိုရှယ်လစ်ပါတီကို စတင်ထူထောင်ခဲ့သည့် ၁၉၄၅-၄၆ ခုနှစ်မှ ယနေ့ တိုင် ၁၂-နှစ်မျှရှိနေပေပြီ၊ ပါတီဝင်ထု၏ ဒီမိုကရေစီကို ဖျက်ပြန်စွာ

တည်ရှေဆောက်မြှင့်တင်ရေးအတွက် အဘယ်သို့သော ပါတီကွန်ဖရင့်၊ ပါတီကွန်ဂရက် တစုံတခုကိုမှ ခေါ်ယူကျင်းပသည်ဟူ၍ မရှိခဲ့ဘူးပေ။ ပါတီဝင်ထုမှာအမိန့်ပေး-အမိန့်ခံ အဝင်္ဂသာ ရပ်တည်နေကြရပေသည်။ ထိပ်ပိုင်း၌ ခေါင်းဆောင် တစုတိုကသာ....သူ့အစုနှင့်သူ အစုအဝေးလုပ်၍ လက်နက် အာဏာဖြင့် ချိမ်းခြောက်၍တဖုံ၊ အခွင့်အရေးပေး၍တမျိုး ထိမ်းမတ်ထားကြရပေသည်။

ပါတီတွင်းဝါဒပညာပေးရေးနှင့် သံမဏိစည်းကမ်းထိမ်းသိမ်းလိုက်နာရေးဆိုသည်မှာလည်း ဘာမျှမယ်မယ်ရရမရှိပေ၊ ခေါင်းဆောင်ပိုင်းရှိ အစိတ်အပိုင်း တရပ်ကမှ မာ့က်စ်ဝါဒကို ရှေးယခင်ကပင် လက်ခံယုံကြည်သူများမဟုတ်ပေ။ ပရိသတ်ရှေ့မှောက်တွင်လည်း မပြောမိရန်ယနေ့အထိ အထူးရှောင်ကြဉ် ကြသူတို့လည်းဖြစ်ပေသည်။ ထိုအစိတ်အပိုင်း၏ဝါဒအရင်းအမြစ်သည် "ချော်ဗီနစ်ဇင်" ခေါ် အယူသီးလူမျိုးကြီးဝါဒဖြစ်၍ မာ့က်စ်ဝါဒကို လုံးဝ ပစ်ပယ်သည့်အပြင် တတ်နိုင်လျှင်ဗမာပြည်တောလုံးကြီးအား အမေရိကန်ကိုးပေါက်သို့ ပစ်သွင်းရန် နေ့မအား ညမအား ကြိုးပန်းနေသည့် လူတစုဖြစ်ပေသည်။

ဤသို့ကျွန်ုပ်တို့က ဝေဖန်စစ်ဆေးပြခြင်းသည် ဆိုရှယ်လစ်ပါတီအားဂိုဏ်းဂဏဝါဒနှင့် ရှုချလို၍ မဟုတ်ပေ။ ကိုချမ်းအေး မြွက်ဆိုခဲ့သလိုမာ့က်စ်ဘောင်မှ အခြေခံသည့်ပါတီတွင်း ပါတီပ ဒီမိုကရေစီ အခြေအ၀ ထူထောင်နေသည့် ပါတီတရပ်ဖြစ်လာလို၍သာ အမှန်ကို ဖေါ်ထုတ်တင်ပြခြင်း ဖြစ်ပေသည်။

ထို့ကြောင့် ပါတီတွင်း၌ပင် ဒီမိုကရေစီမရှိသော ဆိုရှယ်လစ်ပါတီက ဒီမိုကရေစီ ပေးအပ်လာလိမ့်မည်ဟု အခြောက်တိုက် မြော်လင့်နေသည်ထက် ဆိုရှယ်လစ်ပါတီသည် ဒီမိုကရေစီပါတီတရပ် ဖြစ်ပေါ်လာရေးနှင့် ဘိုင်းပြည်တွင်လည်း ဒီမိုကရေစီ အခွင့်အလန်းများ ပြန်လည်လန်းဆန်းလာရေးအတွက် ပြည်သူတို့၏နယ်ချဲ့ဆန့်ကျင်ရေး ဒီမိုကရေစီရေး တိုက်ပွဲများကိုသာ အရှင်းခံမြှင့်တင်ပေးဘို့ လိုအပ်ပေလိမ့်မည်။

၎င်းအတွက်တခုတည်းသော နည်းလမ်းကား တွေ့ဆုံဆွေးနွေး ဒီမိုကရေစီ အာမခံချက်ပေးသောနည်းဖြင့် ပြည်တွင်းစစ်ကိုရပ်စဲစေရန်ပင် ဖြစ်ပေသည်။

ထို့ကြောင့်- ခြုံလိုက်လျှင် ဗမာပြည်၏ ဒီမိုကရေစီရေး ကမ္ဘာရပ်အလားအလာကိုပစ္စုပ္ပန်လုပ်ရပ်နှင့် ဆက်စပ်အကောင်အထည်ဖေါ်ရာ၌ (၁) ဓိတက်ရမည့်ခရီးစဉ်၌ ပြည်သူတို့ဘက်က လက်နက်ကိုင်ခုခံမှုသည်၊ ထိုခရီး၏တယ်အကျေ့အကောက်၌မဆို၊ လုံးဝမလိုဟူ၍၎င်း-လုံးဝလိုသည်ဟူ၍၎င်း၊ တရားသေမပိုင်းဖြတ်ဘဲ ဗဋ္ဋိပက္ခသဘောတရားချေဖျက်ခဏ်း၌ ပြဆိုသည့်အတိုင်း တချိန်တခါ၌ ဘက် ၂ ဘက်အတူတကွ တည်ငြိမ်စွာယှဉ်တွဲရင်ဆိုင်နေခြင်း၊ အချိန်တခါ၌ပေါက်ကွဲခြင်း၊ တဖန်ငြိမ်သွားပြန်ခြင်း၊ အသွင်တမျိုးနှင့်ပေါက်ကွဲပြန်ခြင်း၊ သို့သော်...နောက်ဆုံး၌ (Absolute Change) ခေါ် မူချ အရည်အချင်း အားဖြင့် ပြောင်းလဲချေဖျက်ခြင်းသို့ ဆိုက်ရောက်ရပေမည်။

ဤဘွင်-အလုပ်သမားလူတန်းစားနှင့် ပြည်သူတို့ဘက်ကမူ၊ ခုခံရေးဘက်ကသာ အစဉ် နေပေလိမ့်မည်။ အရင်းရှင်လူ့ဘောင် အတွင်းမှ အလုပ်သမားလူတန်းစားပေါ်ထွက်လာရခြင်းမှာလည်း ခုခံပေါ်ထွက်ရေး၌သာ-အစတည်ခဲ့ပေသည်။ အနိုင်နိုင်ငံအလုပ်သမားနှင့် ပြည်သူတို့၏သမိုင်းဖြစ်စဉ်ကလည်း ဤအတိုင်း သက်သေခံပေသည်။ အလုပ်သမားလူတန်းစားနှင့် ပြည်သူတို့သည်၊ ဘယ်သောအခါမှ စတင်ကျူးကျော်ရေးဘက်က မနေကြပေ၊သဘာဝလည်းမဟုတ်ပေ။

ဗမာပြည်တွင်မှ-တမ္ဘာနှင့်ချီ၍အဆန်းတကျယ် ဖြစ်တောင့် ဖြစ်ခဲ၊ အလုပ်သမားနှင့်ပြည်သူတို့က ဗိုနိုင်အုပ်စိုးသူ ဖဆပလ အစိုးရအပေါ်တွင် စတင်ကျူးကျော်သည်ဟုဆိုလျှင်တော့-လူ့သမိုင်းဘောင်၏အပြင်ဘက်ကအဖြစ်အပျက်တခုဟုသာဆိုရပေချိမ့်မည်။ ဤသို့ကားမဖြစ်နိုင်ပါပေ။

အခန်း (၇)

လက်နက်ကိုင်တိုက်ပွဲ လမ်းစဉ်သည်မှန်သလော—

ဤအခန်း၌ ကိုချမ်းအေးသည်၊ သူ၏မိခင် ကွန်မြူနစ်ပါတီ၏ အတွင်းရေးများနှင့် လမ်းစဉ်များကိုသာ-ဝကွက်၍ ဖေါ်ထုတ် ဝေဖန်သော အခန်းသာဖြစ်ချေသည်။

ထို့ကြောင့်-ကွန်မြူနစ်ပါတီအနေနှင့် အတွင်းနိုက်၍ဝေဖန်စစ်ကြော ရန်-မစွမ်းသာပေ။ တာဝန်လည်းမရှိပေ၊ သဘောတရားရေးရာအရင်းခံ များအတွက်မူ၊ ရှေးရှေးသောအခန်းများတွင် ပြည့်စုံစွာဝေဖန်ခဲ့ပြီးဖြစ် ပေသည်။

ဤနေရာ၌ ပြည်တွင်းစစ်နှင့်ပါတ်သက်၍ ကွန်မြူနစ်တို့၏ အရင်းခံ ယုံ ကြည်ချက်များကားရှိပေသည်။ ထိုအချက်များကား အခြားမဟုတ်- ယနေ့တိုင်းပြည်တွင်ဖြစ်ပေါ်နေသော ပြည်တွင်းစစ်သည် (၁) တိုင်း ပြည်တွင်းရှိ လူမှုအဆောက်အအုံ ရုပ်ဝတ္ထုအချင်းအရာ အခြေခံများ (Social Bases) နှင့် ကင်းလွတ်၍ မဖြစ်ပေါ်နိုင်၊ လူတစ်စုတစ်ယောက်- တဖွဲ့တပါတီ၏ဆန္ဒ ဓေါဝါဒနှင့်သာအဆက်အဖပ်မရှိဖြစ်နေရပါသည် ဟု ဆိုလျှင်လည်း၊ အနုပဋိလောမ ရှုဝါဒအရ တိုးတက် ဖြစ်ပေါ်မှု တရားနှင့် လုံးဝဆန့်ကျင်ပေသည်။ (၂) ဤပြည်တွင်းစစ်သည်၊ ဗမာ ပြည်၌ ကိုလိုနီတပိုင်း-ပဒေသရာဇ်တပိုင်း အခြေအနေတွင် ဖြစ်ပွားရ သောကြောင့် လက်ဝါးကြီးအုပ်အရင်းရှင်နယ်ချဲ့သမားများ၏လုပ်ကြံ ချယ်လှယ်မှုပယောဂသည် အဓိကအကြောင်းရင်းခံ (ဝါ) တစ်တရားခံ ဖြစ်သည်ဟု အခိုင်အမာယုံကြည်သည်။ (၃) ဘာ့ကြောင့်ဖြစ်ခဲ့ရသည်၊ ဘယ်သူ့ကြောင့် ဖြစ်ခဲ့ရသည်-ဆိုသည်ထက် ယခုဖြစ်ပေါ်ပြီး ဖြစ်ပေါ် နေဆဲရွေးထွက်သိယိုမှုများကား အဆုံးမသတ်နိုင်သေးပေ။ ထို့ကြောင့် မည်သို့ အဆုံးသတ်ကြမည်နည်း ဟူသော ပြဿနာက ရှေ့တန်းတွင်

ရောက်ရှိနေသည်။ (၄) ထိုသို့အဆုံးသတ်ရာ၌ ပုံစံအမျိုးမျိုးနည်းအမျိုး မျိုးကိုအသုံးပြုနိုင်သော်လည်း၊ အနှစ်သာရအားဖြင့်မူကား....အရင်းခံ ပဋိပက္ခဖြစ်သော နယ်ချဲ့ဆန့်ကျင်ရေး ဒီမိုကရေး ဖြစ်စဉ် အခြေခံပေါ် တွင်သာနောက်ဆုံး၌ အဆုံးသတ် ရလိမ့်မည်သာ ဖြစ်ပေသည်။ ဤသို့ ကွန်မြူနစ်တို့ ခံယူသည်။

ဤအခန်းတွင်ကိုချမ်းအေးက ပြည်တွင်းစစ် ဖြစ်ပွားခဲ့ရခြင်းသည် ဗမာပြည်ကွန်မြူနစ်ပါတီ၏ ၁၉၄၈—ခုနှစ် ဇန်နဝါရီ လက်နက်ကိုင် တော်လှန်ရေး လမ်းစဉ်ဆုံးဖြတ်ချက်ကြောင့်သာ ဖြစ်ပေါ်ခဲ့ရသည်ဟု (ဝါ) ဗမာပြည်ကွန်မြူနစ်ပါတီကြောင့်သာဖြစ်ခဲ့ရသည်ဟုတထိုးထိုးကြီး အဆက်အစပ်မရှိကောက်ချက်ချလိုက်ပေသည်။

ဤကောက်ချက်ကို ကွန်မြူနစ်ပါတီက အကြောင်း ၃ ပါးကြောင့် လုံးဝ လက်မခံနိုင်ပေ။

အကြောင်း ၃ ပါးကား....(၁) သဘောတရားရေးကြောင်း.... (၂) ရာဇဝင်ကြောင်း (၃) ပဋိပက္ခဖြစ်ရပ်ကြောင်းတို့ကြောင့်ဖြစ်ပေ သည်။

သဘောတရားရေးကြောင်းကားအသို့နည်း....

ပြီးခဲ့သော အခန်းကဏ္ဍများတွင်လည်း အတော်အတန်ပြည့်စုံစွာ ပြဆိုခဲ့ပြီးဖြစ်သည်။ ဗမာပြည်၏လူမှုအဆောက်အအုံရုပ်ဝတ္ထုချင်းရာမှာ ကိုလိုနီတပိုင်း ပဒေသရာဇ်တပိုင်း အခြေခံတွင် ရှိပေသည်။ နယ်ချဲ့ သမားသည် ပြည်သူတို့၏ ရာဇဝင်တလျှောက်တိုက်ပွဲကြောင့်နိုင်ငံရေး အားဖြင့်အချုပ်အချာအာဏာကိုခြေတလှမ်းဆုတ်၍ ပေးအပ်ခဲ့ရသော် လည်း၊ ၎င်းတို့၏စီးပွားရေး၊ စစ်ရေး၊ ဘဏ္ဍာရေး ချုပ်ကိုင်ချယ်လှယ်မှု အခြေခံစခန်းများကိုကား လက်မလွှတ်နိုင်၊ နည်းအမျိုးမျိုး ပရိယာယ် အမျိုးမျိုးတို့ဖြင့်ဆက်လက်ချုပ်ကိုင်ခံဆဲအားဖြင့်နေဆဲပင်ဖြစ်သည်။ နု-အက်တလီ စေ့စပ်ရေးစာချုပ်သည် ထိုအချင်းအရာများ အားလုံး အတွက်. ပင်မ ရေစီးကြောင်းကြီးဖြစ်ခဲ့သည်။ ထို့အတူ လွတ်လပ်ရေး ရကြောင်း နိုင်ခဲ့သော်လည်း ပြည်တွင်းမြေရှင် ပဒေသရာဇ် စနစ်သည် အတိုင်းအတွာလျော့မသွားပုံစံဟောင်း အတိုင်းပင်တည်ရှိနေခဲ့သည်။ ဤအချင်းအရာများ အားလုံး ရှိနေကြောင်းကိုလည်း ကိုချမ်းအေး၏

စာတမ်းအခန်း (၅) တွင် ဖေါ်ပြ ဝန်ခံချက် ပါရှိပြီးဖြစ်သည်။ ထို့ကြောင့်သမိုင်းတရားရေးအားဖြင့် ကောက်ချက်ချလျှင်၊ ဗမာပြည်၏ ဤသို့သောအခြေအနေတွင်၊ အရင်းခံပဋိပက္ခသည် ဆက်လက်တည်ရှိနေပြီးဖြစ်သည်။ဘာကြောင့်နည်း....ထိုအရင်းခံ ပဋိပက္ခဖြစ်ပေါ်နိုင်ရာ လူမှုအဆောက်အအုံနှင့် လူမှုဆက်ဆံရေးများ (Social Bases) က ဆက်လက်တည်ရှိနေသောကြောင့်ပင်ဖြစ်သည်။

(ထိုအရင်းခံပဋိပက္ခကား အခြားမဟုတ်၊ အလုပ်သမား တောင်သူလယ်သမားနှင့် ပြည်သူတို့တဘက်၊ အရင်းရှင်နယ်ချဲ့နှင့် မြေရှင်ပဒေသရာဇ်များကတဘက်၊ဤပဋိပက္ခသည် လွတ်လပ်ရေးကြေငြာပြီးနောက် အမျိုးသားလွတ်လပ်ရေးပြည့်ဝစေရေးအတွက်ပြည်သူတို့ကဆက်လက်ဖြေရှင်းရမည့် အရင်းခံပဋိပက္ခကြီးပင်ဖြစ်သည်။)

သို့ဖြစ်လျှင်၊ဗမာပြည်နိုင်ငံရေး လွတ်လပ်ရေးရခဲ့မှုက ဘယ်အခန်းတွင် အသုံးပြုရမည်နည်း။ ထိုလွတ်လပ်သော နိုင်ငံရေး အချုပ်အချာ အာဏာကို (၀၊) ကိုလိုနီတံပိုးကို ခါချနိုင်ခဲ့ပြီး အခြေအနေသစ်ကို ပြည်သူတို့ကအရင်းခံပဋိပက္ခကိုအပြီးအပိုင်ဆက်လက် ဖြေရှင်းနိုင်ရေး အတွက် လက်နက်ကောင်း တရပ်အဖြစ်အသုံးပြုသွားရန်ဖြစ်သည်။

နယ်ချဲ့တို့ဘက်ကဆိုလျှင် ထိုလွတ်လပ်ရေးအခြေအနေသစ်ကိုပြည်သူတို့က လက်နက်အဖြစ် အသုံးပြု၍ သူတို့၏ ဆက်လက်တည်နေဆဲ၊ လုပ်ကြံအားဖြင့်နေဆဲ အခြေခံစခန်းများကို ဆက်လက်မရှိဖျက်နိုင်ရန် (ဝ၊) အရင်းခံပဋိပက္ခကို အပြီးအပိုင် မဖြေရှင်းနိုင်ရန် တန့်တားချုပ်နှောင်ထားရမည်ဖြစ်၏။ တနည်းအားဖြင့် ပြည်သူတို့၏လွတ်လပ်ရေး အခြေအနေသစ် လက်နက်ကို တုံးစေအောင် ပြယ်စေအောင် ကျွေးအောင် ပြိုပျက်စေအောင် လုပ်ရမည်ဖြစ်၏။ ထိုသို့လုပ်နိုင်ရန် နယ်ချဲ့သမားသည် နု-အက်တလီစာချုပ်ပါ နှောင်ကြိုးများဖြင့် ဗမာပြည်အား အရင်းရှင်လောက ဘောင်အတွင်း၌သာ စကာတည်းက လွတ်ထွက် မသွားအောင် ချည်ထားပြီး ဖြစ်၏။ ဤအချက်ကို ငြင်းနိုင်မည်လော။

နယ်ချဲ့သမားသည် ထိုသို့ပြုကျင့် နိုင်ရန်အတွက် အရင်းခံ ပဋိပက္ခ ဘောင်အတွင်းရှိ ပြည်သူတို့ဘက်က (Non Principal Aspect) ၎င်း၏

နှင့် မစေ့စပ်စတမ်း ရင်ဆိုင်တိုက်ခိုက်မည့် ဦးဆောင် လူတန်းစားနှင့် ပါတီကို ဦးတည်ထိုးနှက်ရမည်ဖြစ်၏၊ ထိုလူတန်းစားနှင့် ပါတီကား အခြားမဟုတ် ဗမာပြည်အလုပ်သမားလူတန်းစားနှင့်၎င်း၏ရှေ့ဆောင် တပ်ဦး ဗမာပြည်ကွန်မြူနစ်ပါတီပင်ဖြစ်၏။ထို့ကြောင့်ထိုပါတီ၏ခေါင်းဆောင်မှု ညီညွတ်မှု ပြည်သူလူထုနှင့် ဆက်စပ်မှုများကို ဖျက်ဆီးနိုင်သမျှ ဖျက်ဆီးပစ်ရမည်ဖြစ်၏ ဤသဘောသည် အရင်းရှင် နယ်ချဲ့နှင့် အလုပ်သမား လူတန်းစား၏ ကမ္ဘာနှင့်အဝှမ်း တိုက်ပွဲ ရာဇဝင် တလျှောက်လုံး၏ သက်သေခံဖြစ်၍ ငြင်းကွယ်စရာမရှိ။

တချိန်တည်းမှာပင် နယ်ချဲ့သမားသည် အလုပ်သမားလူတန်းစားနှင့် ပြည်သူတို့ကို ချုပ်ကိုင်နိုင်ရေးအတွက် ပြည်တွင်းတွင် ၎င်းတို့နှင့် စေ့စပ်ပူးပေါင်းမဟာမိတ်ပြုရန် အလားအလာရှိသည့်အင်အားစုများကို ရွေးချယ်မြှင့်တင်ပေးရန်ဖြစ်၏၊ တံဆာခံအဖြစ်လုပ်ရန်ဖို၏ ၎င်းအတွက် နယ်ချဲ့သမားသည် တိုင်းရင်းသားအရင်းရှင်ကိုယ်စားလှယ်များ မြေရှင်ပဒေသရာဇ် ကိုယ်စားလှယ်များကို ခေါင်းဆောင်ကိုယ်စားပြုနိုင်သည့် နေရာတွင် ကွန်မြူနစ်ပါတီ ကွန်မြူနစ်ဝါဒ ဆန့်ကျင်ရေးအခြေခံဖြင့်ရောက်ရှိနေသော လူလတ်တန်းစားပါတီတရပ်ဖြစ်သည့် ဆိုရှယ်လစ်ပါတီကိုတွေ့၏။ တွေ့သည့်အတိုင်းနယ်ချဲ့သမားသည်ဆိုရှယ်လစ်ပါတီ ခေါင်းဆောင်သည့် ဖဆပလနှင့်အပေးအယူ ပြုလုပ်ခါ အာဏာအပ်နှင်း၍ ပြည်သူတို့အား အရင်းခံပဋိပက္ခကို ဖုန်းကွယ်စေ၍ ဖဆပလနှင့်ဆိုရှယ်လစ် ပါတီနှင့် အလုပ်သမား လူတန်းစား ပါတီက ခေါင်းဆောင်သည့် ပြည်သူတို့တိုက်ခိုက်ရမည့် အဓိက ပဋိပက္ခတရပ်ကို ဖန်တီးခဲ့၏။

ဤနေရာတွင် ဂိုဏ်းဂဏဝါဒသည် နယ်ချဲ့သမား၏ အကျိုးစေ့ဆွေးအတွက် ဘယ်ကဲ့သို့ ကျက်စားခဲ့သနည်းဟု မေးရန်ရှိ၏။

ဖဆပလတပ်ပေါင်းစုအတွင်းတွင် ကွန်မြူနစ် ပါတီသည် ၎င်း၏ ခေါင်းဆောင်မှုကို တည်ဆောက်ရာ၌ ဂိုဏ်းဂဏဝါဒမကင်းခဲ့၊ အလုပ်သမားလူတန်းစား၏ မိတ်ဆွေဖြစ်နိုင်မည့် အင်အားစုများကိုလည်းရန်သူလို ဆက်ဆံခဲ့၏ နောက်ဆုံးပြည်သူတို့နှင့် ဆက်စပ်မှုရှိနေရာ တပ်ပေါင်းစု အခန်းကဏ္ဍကိုပင် ပစ်ပယ်ရာသို့ ရောက်ခဲ့၏။ အလားတူ

ဆိုရှယ်လစ်ပါတီကလည်း ဂိုဏ်းဂဏဝါဒဖြင့် ပြန်၍တိုက်ခဲ့၏၊ အလားတူ ရဲဘော်အဖွဲ့ကလည်း ကွန်မြူနစ် ဆိုရှယ်လစ်ပါတီများသည် လေပန်းခနကြိုသောသဘောတရား ဆရာကြီးများ ဖြစ်ကြသည်ဟု ရှုံ့ချ၍ ဂိုဏ်းဂဏဝါဒဖြင့် ထပ်၍ တိုက်ပြန်၏၊ နောက်ဆုံးကမ္ဘာ့တွင် မကြုံဖူးအောင် ကွန်မြူနစ် ၂-ပါတီဖြစ်သည့်တိုင်အောင် ဂိုဏ်းဂဏဝါဒသည် ကျက်စားညှင်းဆဲခဲ့၏။

ဤသို့တစ်ပေါင်းစုအတွင်း၊ လက်ဝဲအင်အားစုများ အတွင်း ဝဝလင်လင်ကြီး ကျက်စားခဲ့သော ဂိုဏ်းဂဏဝါဒ၏ မှေ့နောက်ချက်များသည် နယ်ချဲ့သမားများအတွက် အတိုးတန် ဖြစ်ရပ်များအဖြစ် အသုံးချခွင့် ရရှိခဲ့ရာ ၎င်းတို့ဖန်တီးနေသော အရင်းခံ ပဋိပက္ခ ဖုံးကွယ်ရေး ဗမာပြည်သူတို့အတွင်းအဓိကပဋိပက္ခကြီးဖန်တည်းပေါ်ထုပ်ထွားကြိုင်းစေရေးအတွက် အောင်ပွဲဆင်နိုင်ခဲ့ကြပေသည်။ ထိုအခါမှစ၍ အကွဲအပြဲတို့သည် ယနေ့တိုင် မရပ်စဲ နိုင်ကြသေးပေ။

နောက်ဆုံး၌ကား ဆိုရှယ်လစ်ပါတီက နယ်ချဲ့နှင့်စေ့စပ်ပူးပေါင်း အာဏာယူ၍ထိုအဓိကပဋိပက္ခ၏တဘက်သောအချိုးအရာကိုဆောင်ယူခါ အလုပ်သမား လယ်သမားနှင့်ပြည်သူတို့သည် ကွန်မြူနစ်ပါတီများနှင့် အခြားပြည်သူ့အဖွဲ့အစည်းတို့၏ ဦးဆောင်မှုဖြင့် အခြားအချိုးအရာကို ဆောင်ခဲ့ကြရလေတော့သည်။

၎င်းအချိုးအရာတို့နှင့် တဆက်တည်း နယ်ချဲ့သမားများသည် လူမျိုးစုများအတွင်း ရိုးသား၍သဘာဝကျသည့် မကြေမနပ်မှုများကို အဓိက ပဋိပက္ခ ဖုံးဖို့ထွားကြိုင်းစေရေးအတွက် လူမျိုးစုဆိုင်ရာ အခက်အခဲ ချက်ကျကျ အသုံးချပြန်လေသည်၊ ထိုကဲ့သို့နယ်ချဲ့တို့က အသုံးချမှုကို နယ်ချဲ့အကျိုးပြုနေရာရောက်နေရသည့် ဆိုရှယ်လစ်ပါတီက လူမျိုးကြီးဝါဒ အင်ပေါ်ဒီး ကျင့်စဉ်များနှင့် ဖြည့်လှန် နှိမ်နင်းခဲ့ရာ နောက်ဆုံး လူမျိုးရေးအဓိကရုဏ်းများဖြင့် ပဋ္ဌမအဆင့်တွင်သွေးချောင်းစီးခဲ့ရသောသည်။ ယခုသော်ကား အလုပ်သမားလူတန်းစားပါတီများ၏ကြိုးပမ်းမှုကြောင့် ရိုးသား၍သဘာဝကျသော ခုခံမှုများဖြင့်ဆက်လက်ချိတက်နေကြပေသည်။

ဤတွင်ဆိုရှယ်လစ်ပါတီနှင့် ကွန်မြူနစ်ပါတီ အစရှိသော ပြည်သူတို့၏ အဓိကပဋိပက္ခသည် ငြိမ်းချမ်းစွာ ဒီမိုကရေစီ အောင်အောင်မြင်မြင်သာ တိုက်ခိုက်ခြေရှုံကြရန်မဖြစ်ပါသလော၊ အဘယ့်ကြောင့်ပြည်တွင်းစစ်လက်နက်ကိုင် ပဋိပက္ခကြီးသို့ တိုင်အောင် သရဖူဆောင်းသွားရပါသနည်း။ ကိုချမ်းဓား ထီးထီးကြီး ကောက်ချက်ချသလို ကွန်မြူနစ်ပါတီ၊ တပါတီတည်းကြောင့်လော၊ မည်သူ့ကြောင့်လော၊ ရာဇဝင်ကြောင်းကိုစစ်ဆေးကြည့်ကြဦးစို့။

ရာဇဝင်ကြောင်းကား အကျဉ်းနည်း။

ဒုတိယကမ္ဘာစစ်ကြီးပြီးနောက် ပြည်တွင်းစစ်ဖြစ်ရသောနိုင်ငံသည် လူဦးရေသန်းပေါင်း ၁၃၀၀-ကျော်ရှိသည့်အာရှတိုက်ကြီးတွင်ဗမာပြည် တနိုင်ငံတည်းသာမဟုတ်ပေ၊ နယ်ချဲ့သမားတို့၏ ရောမ ဒေသကျက်ကြီးဖြစ်သောအာရှတိုက်တွင် အမျိုးသားတော်လှန်ရေးများဖြင့် အုံကြွပွက်လာခဲ့ရာ နယ်ချဲ့သမားတို့သည် နည်းအမျိုးမျိုး ပရိယာယ် အမျိုးမျိုးဖြင့် ထိုထိုသောနိုင်ငံများ၏ သီးခြားအခြေအနေအရ ၎င်းတို့၏ မဟာ့ယျ သေနင်္ဂမြူဟာကြီးကို အကွက်ချခဲ့ကြပေသည် အကွက်ချနေဆဲလည်းဖြစ်ပေသည်။

အိန္ဒိယနိုင်ငံကြီးကို လွတ်လပ်ရေး ပေးခဲ့ရပြီးနောက်၊ ဟိန္ဒူစတန်၊ ပါကစ္စတန်ဟူ၍အစိတ်စိတ်ခွဲခါ ကသ္မီရနယ်မြေပြဿနာနှင့် လူမျိုးရေးသွေးခွဲမှုများကို သွေးထွက်သံယိုမှုကြီးများဖြစ်ကြရသည်အထိ လုပ်ကြံခဲ့ပြီးလုပ်ကြံနေဆဲရှိသေး၏။ ဗြိတိသျှအင်ပိုင်ယာ ကွန်မြူနစ်ပါတီများ၏ ကွန်ဖရင့်ဆုံးဖြတ်ချက်ကြောင့်လော-မဟုတ်ပေ။ နယ်ချဲ့လုပ်ကြံမှုကြီးပင် ဖြစ်ပေသည်။

တရုတ်ပြည်ကြီးတွင်ကွန်မြူနစ်ပါတီနှင့်ပြည်သူတို့က ငြိမ်းချမ်းသော ဒီမိုကရေစီ ပြည့်ဝသော၊ သာယာဝပြောသော တရုတ်ပြည်ကြီးအဖြစ် စစ်ပြီးနောက် ဆက်လက် ထူထောင်လိုကြသည့် ရသလော-မရပေ။ အမေရိကန် နယ်ချဲ့သမားသည် ပြည်တွင်းစစ်ကို ဆက်လက်ထိုးဆွ၍ နယ်ချဲ့နှင့်ပြည်သူ အရင်းခံပဋိပက္ခကိုဖုံးကွယ်စေ၍ ကူမင်တန် ကွန်မြူနစ် အဓိကပဋိပက္ခကို (ဝါ) နယ်ချဲ့လက်ပါးစေ ချန်ကေရှိတ်အင်အားအားစုနှင့် ပြည်သူတို့၏အဓိကပဋိပက္ခကို မီးဟုန်းဟုန်းတောက်စေခဲ့လေ

သည် အရင်းခံအားဖြင့် တရုပ်ပြည် ကွန်မြူနစ် ပါတီကြောင့်လော-မဟုတ်ပေ၊ နယ်ချဲ့ပရောဂ ကြီးပေတည်း။

အလားတူ အင်ဒိုနီရှား၏ပြည်တွင်းစစ်တွင် ကွန်မြူနစ် ဆိုရှယ်လစ်နှင့်မူစလင် ပါတီများ၏ ပဋိပက္ခသက်သက်မဟုတ်ပေ။ယနေ့တိုင် အမေရိကန် နယ်ချဲ့သမား ဒပ် (ချ) နယ်ချဲ့ သမားတို့၏။ ပရောဂများသည် ပေါလောကြီးပေါ်လျက်ရှိနေပေသည် အဓိကပဋိပက္ခကိုဖန်တီးရာ၌ ပြည်သူတို့အတွင်းမှ မရနိုင်သည့်အဆုံး၌ စစ်တပ် အတွင်းမှပင် တပ်စု၍ မီးရှို့ပေးခဲ့လေသည်။

အလားတူ ကိုရီးယားတွင် တောင်ပိုင်းမြောက်ပိုင်း ပြည်တွင်းစစ်မှ အမေရိကန်နယ်ချဲ့သမား၏ ကျူးကျော်ရေး စစ်ပွဲကြီးသို့ တိုင်အောင် ပို့ဆောင်လုပ်ကြံခဲ့လေသည်။

အလားတူ၊မလေးနိုင်ငံလွတ်မြောက်ရေးစစ်သည်အရင်းခံအားဖြင့် ဗြိတိသျှနယ်ချဲ့သမား၏ ကိုလိုနီစစ်ပွဲပင်ဖြစ်ပေသည်။

ဗီယက်နမ် နိုင်ငံတွင်လည်း ကိုလိုနီစစ်မှပြည်တွင်းစစ်သို့ပို့ဆောင်ခဲ့သည်၊ ပါသက်လာဒီတွင် အစိုးရသူပုန် ငြိမ်းချမ်းရေးညီညွတ်ရေး ရပြီးမှ အမေရိကန်နယ်ချဲ့က ဖြောင်ဝင်ရောက်ဖွက်ဖက် ငြိမ်းချောက်နေပေသည်-ထင်ရှားလှသည် မဟုတ်ပါလော... ထနိုင်ငံတည်း ၌ပင် တောင်နှင့်မြောက် ပြည်တွင်းစစ်ပွဲကြီးကို ဖန်တီးရန် ဂျနီဗါသဘောတူ စာချုပ်ကြီးကို နင်းဆုတ်ခြေဖွလျက်ရှိနေပေသည်။

ယိုးဒယားဖိလစ်ပိုင်တို့တွင်လည်း၊ဆီတိုးစာချုပ်ဖြင့်အပိုင်စီး၍ ပြည်သူတို့၏ ခုခံဆန့်ကျင်ရေးကို ဖိနှိပ်ဖျက်ဆီးလျက်ရှိလေသည်။

ဂျပန်တွင်မူ၊ အနုမြူဗုံးကြံ၍ တပ်ကြီးများချ၍ ကုန်း, ရေ,လေ,စစ် အခြေခံစခန်းများတိုးချဲ့၍ အမေရိကန်ဆန့်ကျင်ရေး ပြည်သူ့လှုပ်ရှားမှုကြီးကို ကွန်မြူနစ်ဆန့်ကျင်ရေး တံဆိပ်တတ်၍ အပြင်းအထန် နှိပ်ကွပ်လျက်ရှိပေသည်။ဂျပန်အရင်းရှင်ကြီးများနှင့် အလုပ်သမားပြည်သူတို့၏ အဓိကပဋိပက္ခကို ထွားကြိုင်းအောင်လုပ်၍အမေရိကန်နယ်ချဲ့ဂျပန်ပြည်သူတို့၏ အရင်းခံပဋိပက္ခကို ဖေးသိမ်ဖုံးကွယ်သွားအောင် ကြိုးပန်းနေပေသည်။

အာရှ ဒုလယ်ပိုင်းဒေသတွင်မူ၊ အာရပ် ရဟူဒီပဋိပက္ခကို အဓိက

ပဋိပက္ခအဖြစ်ဖန်တီး၍ နယ်ချဲ့နှင့်ပြည်သူတို့၏အရင်းခံပဋိပက္ခကိုဖေးသိမ်ဖုံးကွယ်ရန်ကြိုးပန်းလေသည်။ ထိုကြိုးပန်းချက်မအောင်မြင်သောအခါ၊အရင်းခံပဋိပက္ခ၏ပုံစံရင်းအတိုင်းအီဂျစ်နိုင်ငံအား ကိုလိုနီစစ်ပွဲဖြင့်ကျူးကျော် ထိုးနှက်ခဲ့ပေသည်။

သို့ကလောက်ဆိုရင်၊ ရာဇဝင်ကြောင်းအားဖြင့်ရှင်းလောက်ပေပြီ။

ဤရာဇဝင်ကြောင်းတွင်၊ နယ်ချဲ့သမားတို့၏ အာရှတိုက်စားကျက်ကြီး ပြန်လည်တပ်စွဲရေး သေနင်္ဂဗျူဟာကြီးသည် ဗမာပြည် ပြည်တွင်းစစ်ကိုမှ ကျက်၍ ချန်ပစ်ခဲ့သည်၊ လုံးဝလစ်လျူရှုခဲ့သည်၊ လက်ပိုက်ကြည့်နေခဲ့သည်၊ ကွန်မြူနစ်ပါတီကြောင့်ဖြစ်ရသော ဆိုရှယ်လစ် ကွန်မြူနစ်ပဋိပက္ခမျှသာဟုဆိုလျှင်၊ မည်သို့သောသဘောတရား အောက်ချက်မျိုးဟု အမည်တပ်ရပါမည်နည်း....? ကွန်မြူနစ်ပါတီကြောင့်သာဟုခေါင်းခေါက်၍ ထွပ်စွဲခြင်းသည်၊ ကိုချမ်းအေးကိုယ်တိုင်နှစ်ပေါင်းများစွာပါဝင်အမှုထမ်းခဲ့သော ကွန်မြူနစ် ပါတီနှင့် နယ်ချဲ့သမားသည် အကြံတူဥာဏ်တူ တသားတည်း တထပ်တည်း ကျနေပေပြီဟု ဆိုလိုရာရောက်ခဲ့ပေသည်။ဤသို့ကား....တယ်နည်းနှင့်မျှ မဖြစ်နိုင်ပေ။

ထို့ကြောင့်ဗမာပြည်တွင်၊ ပြည်တွင်းစစ် ဖြစ်ရခြင်းသည် နယ်ချဲ့သမားတို့၏ အခြေခံစခန်းများ သွေးစုတ်ချယ်လှယ်မှုများကို အရင်းခံသည့်အရင်းခံပဋိပက္ခ၏ ရုပ်ဝတ္ထု အချင်းအရာပေါ်တွင် လက်ဝဲ အင်အားစုများ၏ ဂိုဏ်းဂဏဝါဒ ရောဂါများကိုအသုံးချ၍ နယ်ချဲ့သမားသည်သာ တစ်တရားခံအဖြစ် လုပ်ကြံခဲ့ခြင်းဖြစ်ပေသည်။

ဤသို့ ဗမာပြည်၌သာမဟုတ်၊ အာရှတိုက်တဝှမ်းလုံးတွင် နယ်ချဲ့သမားသည်၊ ၎င်း၏ ယေဘုယျသေနင်္ဂဗျူဟာကို နိုင်ငံအသီးသီး၏ သီးခြားအခြေအနေအရ၊ ပုံစံအမျိုးမျိုးကို ဖန်တီး၍ လုပ်ကြံ ဖိနှိပ်ခဲ့ခြင်း၊ ဖိနှိပ်နေခြင်းဖြစ်ပေသည်။

ပဋိပက္ခ ဖြစ်ရပ်ကြောင်းများကို ဆက်၍စစ်ဆေးကြည့်ကြဦးစို့....

၁၉၄၇-၄၈ ခုနှစ်က ပဋိပက္ခဖြစ်ရပ်ကြောင်းများ၏ အဓိကအချက်များကို-ဆွဲထုတ်ကြည့်ကြဦးစို့။

နယ်ချဲ့ပယောဂနှင့်ဂိုဏ်းဂဏဝါဒသည်၊ဖက်ဆစ်တော်လှန်ရေးကြီး၏ ရှေ့ဆောင်ပါတီများအတွင်းတွင် အမြစ်အလှန်အကျွံပြန်ရာဇဝင်

တွင် မကြာဘူးအောင်ဖြိုးတန်စေခဲ့ပြီး၊ နောက်ဆုံး၌ ဆိုရှယ်လစ်ပါတီသည်၊ နယ်ချဲ့သမားနှင့်ပူးပေါင်းစေ့စပ်၍ တခုကည်းသောအာဏာရပါတီအဖြစ် ကြွင်းကျန်ရစ်ခဲ့သည်။ အခြားအခြားသော ပါတီများသည်လည်း နယ်ချဲ့ဆန့်ကျင်ရေးအခက်းမှ အဓိတ်စိတ်အမွှာမွှာကွဲပြားလျက် အာဏာမဲ့ပါတီများဘဝသို့ ရောက်ရှိကုန်ကြသည်။ အခြေခံအားဖြင့်မူ နယ်ချဲ့အကျိုးပြုရေးလမ်းစဉ်နှင့်နယ်ချဲ့ဆန့်ကျင်ရေးလမ်းစဉ်တို့သည် ကွဲလွဲ တိုက်ခိုက်လျက်ရှိကြသည်။

ထိုလမ်းစဉ် ကွဲလွဲချက်ကို အကြောင်းပြု၍ အာဏာရှိ, အာဏာမဲ့တို့အသည်၊ညည်းခံကြသည်၊ ယှဉ်ပြိုင်ကြသည်၊ တိုက်ခိုက်ကြသည်၊ ဆိုရှယ်လစ်ပါတီသည် အာဏာရအပေါ်စီးနည်းဖြင့် အနိုင်ယူရန်လုပ်သည်။ ကွန်မြူနစ်ပါတီနှင့်အခြားသော ပါတီတို့သည်အောက်စီးနှိပ်စက်ခံရေးဖြင့်ခံကြသည်။ ထိုအခြေအနေကိုနယ်ချဲ့ပယောဂနှင့် ဂိုဏ်းဂဏပါဒသည် ပြင်းထန်သည်ထက်-ပြင်းထန်လာအောင်ချက်ချကွလွှဲ့ဆော်ပေးလျက်ရှိနေသည်။

အဓိအဖြစ်စဉ်များကား-

(၁) အလံနီကွန်မြူနစ်ပါတီသည်၊ လူထုတိုက်ပွဲများကိုဆင်နွဲနေ့ရာမှ ဘုရင်ခံက မတရားသင်းကြေညာ၍မြောင်းထုတ်ခဲ့သည်။

(၂) ဗမာပြည်ကွန်မြူနစ်ပါတီသည်၊ နအက်တာသိစာချုပ်ကို ကန့်ကွက်နေရာမှ အလုပ်သမားများ၏အခွင့်အရေးအမှန်ဆုံးရှုံးခံနမှုများကြောင့်ပြိမ်းချမ်းသွားသပိတ်များကိုဆင်နွှဲခဲ့သည်၊ ထိုအခါ အာဏာရ ဆိုရှယ်လစ်ပါတီသည်၊ အလုပ်သမား သပိတ်များကိုရက်စက်စွာ အာဏာဖြင့်ခေလကြမ်းဖြိုခွဲခဲ့သည်။ ("ဖြစ်သမျှ သပိတ်တို့ကိုလည်း အစိုးရအာဏာဖြင့် ဖြိုဖျက် ခဲ့ရပေသည်။ ပစ္စည်းမဲ့အပေါင်းတို့၏အကျိုးကို ကိုယ်စားပြုရမည့်ပါတီအတွက် အလွန်ဝမ်းနည်းဖွယ်ကောင်းသော အချက်ဖြစ်၏။" ဆိုရှယ်လစ်ပါတီတွင်း ပြန်တမ်းအမှတ် ၁၊ စာအုပ်စာမျက်နှာ ၇-မှ [၁၉၄၇-ခုနှစ်] မှ ကိုးကားသည့်ဝန်ခံချက်) ထို့နောက်၌ကား အစိုးရ၏ အသက်တက်ဖိနှိပ်မှု ပြင်းထန် လာမှုများကြောင့်-မပြိုကွဲသည်ပြင်းထန်လာပြီး နောက်ဆုံးတွင်ကား....ကွန်မြူ

နစ်ပါတီဝင်များနှင့် ဋ္ဌာန်ချုပ်ကိုခလကြမ်းဝိုင်းဖမ်းကြသည်။ ကစဉ့်ကလျဖြစ်ကုန်ကြသည်။ တောတွင်းသို့ မောင်းနှင်ပစ်လိုက်ကြသည်။ ကွန်မြူနစ်ပါတီက လက်နက်ကိုင် တော်လှန်ရေးကို ပြင်ပြီး ဆင်ပြီး အခြေအနေတွင် မဟုတ်၊ ဖိနှိပ်မှုများ ခုခံရေး အခါင့်တွင် ကစဉ့်ကလျ အမောင်းချခံလိုက်ရသည်မှာ—မှန်ပေသည်။ တကယ့်အဖြစ်မှာ-သူပုန်ထ၍ တောခို ရခြင်းမဟုတ်၊ တောခိုစေရန် မောင်းချခံရ၍ သူပုန်ထ, ခုခံရခြင်းသာ.... တကယ့်အဖြစ်မှန်ဖြစ်ပေသည်။ ဤသို့သော ပဋိပက္ခဖြစ်ရပ်က သက်သေခံပေသည်။

(၃) ပြည်သူ့ရဲဘော်အဖွဲ့မှာမူ၊ သာလွန်၍ ထင်ရှားသည်။ နု-မူ.... ရဲဘော်မှုဟူ၍ အော်ရင်း ဟစ်ရင်း ကွန်မြူနစ် ဖဆပလ စေ့စပ်ပါဟု အော်ရင်း ဟစ်ရင်းနှင့်ပင် ထင်သင်ရှားရှား တောထဲသို့ မောင်းချခံလိုက်ရသည်။

၅၃အဓိကပဋိပက္ခ ဖြစ်ရပ်များကား....ပြည်တွင်းစစ်အစတွင် ထင်ရှားဖြစ်ပေါ်ခဲ့သော-ဖြစ်ရပ်များပေတည်း။ ထိုအဖြစ်အပျက်များအရင်း၊ သဘောတရားရေးကြောင်းနှင့် ရာဇဝင်ကြောင်းများအရရင်း.... ဗမာပြည်၏ ပြည်တွင်းစစ်အတွက် ကွန်မြူနစ်, ဆိုရှယ်လစ်, ရဲဘော်အဖွဲ့တို့သည်-ဂိုဏ်းဂဏဝါဒ ရောဂါကြီးများကြောင့် တာဝန်မကင်းခဲ့ဟူ၍ကား....ဝိဇ္ဇ ကောက်ချက်ချနိုင်ပါ၏။ သို့သော် ပြည်တွင်းစစ်၏ အဓိကတာဝန်ရှိသူများကားမဟုတ်၊ အဓိကတာဝန်ရှိသူမှာ နယ်ချဲ့သမားဖြစ်၍ ၎င်း၏အလိုကျ သက်လက်တာရှည်စေရေးကို ယနေ့အထိ တာဝန်ခံသူမှာ ဖဆပလ ဆိုရှယ်လစ်ပါတီသာဖြစ်ပေသည်။

ထို့ကြောင့် ဆိုရှယ်လစ် ကွန်မြူနစ် ရဲဘော် စသည့်တို့အပါအဝင် ပြည်တွင်းရှိအင်အားစုအားလုံးတို့ကပြည်တွင်းငြိမ်းချမ်းရေးကိုတကယ်လိုလားပါလျှင်၊ အမြီးအမြိုင် အဆုံးသပ် ရပ်စဲနိုင်မည့် လမ်းစဉ်သည် "နယ်ချဲ့ဆန့်ကျင်ရေး ဒီမိုကရေစီရေး လမ်းစဉ်ပေါ်၌သာ အဆုံးသတ်နိုင်မည်။ (ဝ) ၁၉၄၆ ခုနှစ် ဖဆပလ ညီလာခံကြီး၏ လမ်းစဉ် များ

အပေါ်၌သာ မှီခြမ်းမြဲ၍ အခြေအနေ သစ်များအရ မြပြင် အပ်သည့် လမ်းစဉ်သစ်များအရသာအဆုံးသတ်နိုင်သည်။

ထိုသို့အဆုံးမသတ်နိုင်မှီစပ်ကြား, ပြည်တွင်းစစ် အဓိကပဋိပက္ခကြီးကိုလက်နက်ကိုင်ပုံစံမှ ငြိမ်းချမ်းစွာဖြေရှင်းရေး, ဒီမိုကရေစီရေး ပုံစံသို့သာ ကြေကြေလည်လည် တွေ့ဆုံဆွေးနွေးစေ့စပ်ရေးဖြင့် ကူးပြောင်းကြစို့။ လက်နက်ကိုင်ပုံစံအတွင်း ဖြစ်ပျက်ခဲ့သမျှကို သင်ပုန်းချေကြစို့။ ပါတီအဖွဲ့အစည်းတိုင်း ဒီမိုကရေစီဘောင်အတွင်း၊ ဒီမိုကိုရေစီ အာမခံချက်များနှင့်ပြန်လည်နေရာချထားကြစို့။ ဤသို့ငြိမ်းချမ်းရေးအင်အားစုများက တောင်းဆိုလျက်ရှိကြသည်။ တောတွင်း အင်အားစုများက အကြိမ်ကြိမ် ကမ်းလှမ်းလျက် ရှိကြသည်၊ တနည်းအားဖြင့် ဖိနှိပ်ရေး လက်နက်များနှင့် ခုခံရေး လက်နက်များကိုပါ ကြေလည်စွာ တွေ့ဆုံဆွေးနွေးပြီးနောက်ကိုင်ဆွဲကျင့်သုံးခြင်းမှ စွန့်လွှတ်ကြကာ အဓိက ပဋိပက္ခကို ဒီမိုကရေစီပုံစံဖြင့် ဆက်လက်ဖြေရှင်းကြပါစို့၊ ထိုမှတဆင့် နယ်ချဲ့ဆန့်ကျင်ရေး ဒီမိုကရေစီရေး လမ်းစဉ်သို့တိုင်အောင် ဂိုဏ်းဂဏ ရောဂါရှင်းရှင်းနှင့် ဖြေရှင်းနိုင်ကြပါလျှင် အရင်းခံပဋိပက္ခကို ချေဖျက်၍ အမျိုးသားလွတ်လပ်ရေး ပြည့်စုံရေးနှင့် ဆိုရှယ်လစ်ရေးသို့အထိ ဦးတည်ချီတက် သွားနိုင်ကြမည်ဖြစ်ပေသည်၊ ဤသို့ပေါက်ရှိလျှင် ဗမာပြည်သူတို့၏ အောင်ပွဲကြီးပင်ဖြစ်တော့သည်။

ဤသို့ ပြည်သူတရပ်လုံးနှင့် တောတွင်း ပါတီ များက ကမ်းလှမ်း တောင်းဆိုနေကြသည်၊ ဖဆပလ ဆိုရှယ်လစ် တို့က ခေါင်းမာနေဆဲဖြစ်ကြသည်။

ယနေ့အဘို့ မည်သူတို့က မှန်နေ၍ မည်သူတို့က မှားနေဆဲဖြစ်နေသည်ကို ဖဆပလ ဆိုရှယ်လစ် ပါတီက ဝန်မခံ နိုင်သေးသော်လည်း ဖဆပလဆိုရှယ်လစ်ပါတီက တာဝန်ခံအုပ်စိုးနေသော ပြည်ထောင်စု ဗမာနိုင်ငံ၏ ယနေ့လောကွဲစီးအခြေအနေများက ထင်ရှားစွာသက်သေခံလျက်ရှိနေပေသည်။

ထိုအကြောင်းများကြောင့် ဤအခက်တွင်ပြည်တွင်းစစ်ဖြစ်ရသည်မှာ ကွန်မြူနစ်ပါတီ၏ လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်မှားယွင်းမှုကြောင့်သာဟု ကိုချမ်းအေးက လှေနံ့ထားထစ် တထစ်ချ ကောက်

ချက်ဆွဲလိုက်ခြင်းသည် တစ်တရားခံ နယ်ချဲ့ခက်းကို ဖုံးကွယ်ပစ်ရာ ရောက်၍ (ဝါ) အရင်းခံ ပဋိပက္ခကို ဖုံးကွယ်နှစ်မြှုပ် ပစ်ရာရောက်၍ တဖက်တွင်လည်း ဂိုဏ်းဂဏဝါဒရောဂါဖြင့် ထပ်လောင်းထိုးနှက်လှံဆော်ပေးလိုက်သည် မည်ရကား ပြည်တွင်းစစ်ကို ပိုမိုနက်ရှိုင်းစေခြင်းသို့ ကာယကံမြောက်အားဖြင့် ဦးဆောင်လိုက်ခြင်းဖြစ်ပေသည်။

ယနေ့အဘို့ရာတွင် ကိုချမ်းအေးက ပြဿနာကိုပုံဆင်ရာ၌ "လက်နက်ကိုင်တိုက်ပွဲလမ်းစဉ်သည်မှားသလော-မှန်သလောဟုပုံဆင်ထားပေရာ တကယ်အမှန်ပုံဆင်ရမည့် ပြဿနာမှာ ပြည်သူတို့အတွက်ပြည်တွင်းစစ် ဆွေးတွက်သံယိုမှုကြီးကို မည်သို့ အမှန်ဆုံးနှင့်အမြန်ဆုံးရပ်စဲပစ်နိုင်သနည်း ဟူ၍သာ ဖြစ်သင့်ပေသည်။

အခန်း (၇)

ဖ၊ဆ၊ပ၊လ အစိုးရအား လူတန်းစား လက္ခဏာ ဖြတ်ချက်

ဤအခန်းတွင် ကိုချမ်းအေးက ကွန်မြူနစ်ပါတီ တရပ်က မျက်မှောက်ပြုနေသော အစိုးရတရပ်၏ လူတန်းစားလက္ခဏာဆုံးဖြတ်ချက်အပေါ်တွင် မှားယွင်းလျှင် တိုက်ပွဲပုံသဏ္ဌာန်ကိုလည်း မှားယွင်းစွာ ချမှတ်နိုင်တတ်၏ ဟုဆိုသည်။

ယေဘုယျ မှန်ပေသည်။

သို့သော်လက်တွေ့တွင် အစိုးရတရပ်၏ လူတန်းစား လက္ခဏာကို မည်သို့ပင်ဆုံးဖြတ်စေ တိုက်ပွဲပုံစံကိုရွေးချယ်ရာ၌ လက်နက်ကိုင်တိုက်ပွဲပုံစံတခုတည်းကိုသာ တန်း၍ရွေးရတော့မည်လို့ တပေ်ချ တရားသေ မဟုတ်ပေ။

ဆိုပါတော့ လက်ဝေခံ မိနရှင်မြေရှင်အစိုးရပင်ဖြစ်စေ၊ တိုက်ပွဲပုံစံတွင် ဥပဒေတွင်းပုံစံနှင့် ဥပဒေမဲ့ပုံစံ ဟူ၍ အခြေအနေအရ ရွေးချယ်နိုင်လေသည် ဥပဒေမဲ့ ပုံစံ ၌ပင် ပုံစံ အမျိုးမျိုး ရှိနိုင်ပေ သေးသည်၊ တိုက်ပွဲပုံစံဆိုသည်မှာ တဖက်က ဖိနှိပ်ရေးပုံစံနှင့်အညီသာ ခုခံရေးပုံစံကိုရွေးချယ်ရလေသည်၊ လူတန်းစားအကဲဖြတ်ချက်နှင့်တိုက်ရိုက်မသက်ဆိုင်ပေ။

ယနေ့ဖဆပလအစိုးရ၏ လူတန်းစား အကဲဖြတ်ချက်များပေါ်တွင် ကွန်မြူနစ်ပါတီ အနေနှင့် ဘယ်ကဲ့သို့မှားယွင်းခဲ့ကြောင်း ကိုချမ်းအေးက တခန်းတနား ပေါ်ပြီးနောက် ကိုချမ်းအေးကိုယ်တိုင် အကဲဖြတ်သောအခါ၌မူ "ထို့ကြောင့် ဖဆပလ အစိုးရသည် ဆိုရှယ်လစ်ဝါဒ လိုလားသူများက ခေါင်းဆောင်သည့် အရင်းရှင်များနှင့်လူလတ်တန်း

စားများ အများအပြားပါဝင်သည့် အစိုးရဖြစ်လေသည်" ဟု ကောက်ချက်ဆွဲချခဲ့ပေသည်။

ဖ-ဆ-ပ-လ အစိုးရကို အဘယ် လူတန်းစားက ခေါင်းဆောင်မှု (Class Leadership) ပေးနေသနည်း၊ ဆိုရှယ်လစ် ဝါဒကို လိုလားသူ လူတစုက ခေါင်းဆောင်မှုပေးနေသည်ဟုဆိုရာ၌ထိုလူတစု၏လူတန်းစား ကိုယ်စားပြု အရင်းအမြစ်သည် ဘာဖြစ်ပါသနည်း၊ ဤသော့ချက်ပြဿနာကို ကိုချမ်းအေးသည် မဖြေရဲ (Composition of Cabinet) ကဲ့ဘိနက် ဖွဲ့စည်းပုံကို ပြော၍သာလူတန်းစားအကဲဖြတ်ချက်ဟုတံဆိပ်တပ်လိုက်လေသည်။

ကျွန်ုပ်တို့ပါတီ၏အယူအဆအားဖြင့် ဖဆပလအစိုးရသည်အရင်းရှင် နယ်ချဲ့ဂိုဏ်းနှင့် အကျိုးပြုအကျိုးခံ လက်ဝေခံ လုပ်ငန်းများလည်း ထင်ရှားရှိနေသဖြင့် လက်ဝေခံအရင်းရှင်ခံလက္ခဏာလည်းသက်ရောက်သည့် တချိန်တည်းမှာပင် အလုပ်သမားလယ်သမား အကျိုးကျေးဇူးထက် အချင်းရှင်စံနစ် အရင်းရှင်အကျိုးကျေးဇူးကိုလည်း ပိုမိုအလေးပေးတည်ဆောက်လျက်ရှိသည်၊ ထို့ကြောင့် အရင်းရှင် လူတန်းစား လက္ခဏာရှိသည်၊ ထို့ကြောင့်အစိုးရသည် လက်ဝေခံလက္ခဏာအရ၊ နယ်ချဲ့ဘက်သို့ ယိမ်းညွှတ်သည့် လက္ခဏာပြသည်အခါပြ၍ တိုင်းရင်းသား အရင်းရှင်ဘက်သို့ ယိမ်းညွှတ်သည့် လက္ခဏာလည်း ပြသည်၊ တချိန်တည်းမှာပင် မြေရှင်ကြီးစံနစ်ကိုဖျက်သိမ်းရန်ကြိုးစားသော်လည်း မြေရှင်စံနစ်ဆက်လက်တည်တံ့ရေး မြေရှင်စံနစ်ဆက်ဆံသွေးနှုတ်ရေးကိုလည်းမပိတ်ပင် ခွင့်ပြုလျက်ရှိသေးသည်။ ပဒေသရာဇ် အစိတ်အပိုင်းကိုသည်း အစမဟုတ်နိုင်ရသေး။

တချိန်တည်းမှာပင် မြည်တွင်းမြည်ပ ပြည်သူတို့၏တိုးတက်သောလူ့သဘောင်းဖြစ်စဉ်၏ ဆိုရှယ်လစ်လှုပ်ရှားမှု ဂယက်ကြီးနှင့် နိုင်ငံတွင်းလက်ဝဲဝါဒ၏အစဉ်အလာနှင့်ညီစာကြောင့်အချို့သောအစိတ်အပိုင်းက ဆိုရှယ်လစ် စကားများကို တွင်တွင်ကြီးပြောနေကြသည်၊ အစိုးရ၏ရည်ရွယ်ချက် ပန်းတိုင်ကိုလည်း ဆိုရှယ်လစ်ပန်းတိုင်ဟုပယောက်ရိုက်စေသည်၊ ထို့သို့ အစိုးရ၏ (Socialist Pattern of Society) ဆိုရှယ်လစ်ပန်းတိုင် တို့ကြည့်ပါ၊ မည်သို့ပင်ဖြစ်သော်လည်း ကျွန်ုပ်တို့ကမပိတ်ပင်

မရှိချေပါဘိုက်ဖြင့် ပြောလာအောင် လုပ်လာအောင် တွန်းကန်ပေးရမည် ဖြစ်ပေသည်။

သို့သော်ဝေဖန်ချက်၌ ဆိုရှယ်လစ်ပါတီ အတွက် ၎င်း၏ပန်းတိုင်သည်ဆိုရှယ်လစ် ပန်းတိုင်ဖြစ်ပါက ဆိုရှယ်လစ်စနစ် ကူးပြောင်းရေး၏ အနှစ်သာရဖြစ်သော အလုပ်သမားလယ်သမားအာဏာပိုင်စနစ်တည် ဆောက်ရေးဦးတည်ချက်သည် ရှိပါသလော ထားပါသလောဟူသော သော့ချက် မေးခွန်းကို မေးမြန်းစိစစ်ရန် အထူးလိုအပ်ပေသည်။

[ဆိုရှယ်လစ်ပါတီသည် ဤသို့အလုပ်သမား လယ်သမား၏ခေါင်းဆောင်မှုကို ခံယူဦးတည်မည်ဟုဆိုပါလျှင် အဘယ့်ကြောင့်အလုပ်သမားလယ်သမား အခွင့်အရေးများနှင့် လယ်သမား ရပ်တည်ဖွံ့ဖြိုးရေးမှုများကို ပစ္စကွဲတွင်ဖိနှိပ်သွေးခွဲနှိမ်နင်းနေပါသနည်း၊ အလုပ်သမားလယ်သမား၏ လှုပ်လှုပ်ရှားရှားစည်းရုံးလှုပ်ရှားမှုများကို ပိတ်ပင်ထားပြီးနေပါသနည်း၊ အလုပ်သမား လယ်သမား၏ နိုင်ငံပေါင်းစုံ သွေးစည်းရေးဝါဒကို အဘယ်ကြောင့် တည်ငြိမ်လိုက်လျှောစွာ မတည်ဆောက်နိုင်ပါသနည်း၊]

ထို့ထက်ကွဲပြားနေသော အလုပ်သမား လယ်သမားပါတီများကို ဂိုဏ်းဂဏစိတ် ရှင်းရှင်းနှင့် အဘယ့်ကြောင့်ငြိမ်းချမ်းစွာ တွေ့ဆုံနိုင်ခြင်းမပြုနိုင်ပါသနည်း။

> [လိုရင်းကို ချုပ်ရသော်၊ ဖဆပလ အစိုးရ၏ လယ်ယာစားလက်ကျထားသည် မြေရှင် အရင်းရှင်အစိုးရသာဖြစ်ပေသည်၊ ထိုတွင် သိမှတ်ရာကား အစိတ်အပိုင်းအားဖြင့် လက်ဝဲလက္ခဏာနှင့် ပဒေသရာဇ် လက္ခဏာရှိသည်လည်း ရှိနေသေးသည်ဟူသောအချက်ပင် ဖြစ်ပေသည်။]

အခန်း (၉)

ဆိုရှယ်လစ် စနစ်ကို ငြိမ်းချမ်းစွာ ထူထောင်နိုင်သည် အလားအလာ ရှိပါသလော။

“အရင်းရှင်စနစ်မှ ဆိုရှယ်လစ်စနစ်သို့ ကူးပြောင်းရာ၌ကာလအတွင်း ပြောင်းလဲနေသော အချိန်အခါနှင့်အခြေအနေများအရ နိုင်ငံအသီးသီးတို့၌ ထီးခြားထူးခြားသောအချင်းအရာ ပုံစံအမျိုးမျိုးများနှင့်အညီချဉ်းကပ်လုပ်ဆောင်နည်း အဖုံဖုံကို ရှိပေလိမ့်မည်” ဤကား မာ့က်စ် လီနင်ဝါဒ၏ အရင်းခံ သွန်သင်ချက်ပင်ဖြစ်ပေသည်၊ တကယ်ကတော့ နှစ်ဆယ်ရာစုနှစ်ကျမှ အဆန်းတရား မဟုတ်ချေ၊

သို့သော်မည်သည့်ပုံစံ မည်သည့်ချဉ်းကပ် လုပ်ဆောင်နည်းနှင့်ပင် ကူးပြောင်းရသည့်ဖြစ်စေ၊ ထိုသို့သော်လည်းကူးပြောင်းမှု၏ အနှစ်သာရကား “အလုပ်သမားလယ်သမား အာဏာရှင်စနစ်တည်ဆောက်ရေး ဦးတည်ချက်”ကတော့ သော့ချက်ပြဿနာ ဖြစ်ရမည် ဖြစ်ပေသည်။

ဆိုရှယ်လစ်ပန်းတိုင်ကို ကိုင်၍ ငြိမ်းချမ်းစွာ ပါလီမန် နည်းနှင့်ကူးပြောင်းနေသော ဗြိတိသျှလေဘာပါတီသည် ၎င်း၏ အနှစ် ၅၀-ကျော် သမိုင်းတွင် ဤသော့ချက် ပျောက်ခဲ့လေသဖြင့် ယခုတိုင် “လုံးလည်” လိုက်နေရပေသည်။

ထို့ကြောင့် ဤပြဿနာတွင် ဤအချက်ကို ရှေးဦးစွာ သတိချပ်ဘို့ အရေးကြီးလှပေသည်။

ထိုနောက် ကိုချမ်းအေး၏ စာတမ်းပါ ဤအခန်းရှိ ဆောင်ပြချက်တရပ်ကိုဝေဖန်ကန့်ကွက်ရန်ရှိလေသည်၊ ထိုအချက်ကား အခြားမဟုတ် သူ၏‘ငြိမ်းခိုး’အတိုင်း နယ်ချဲ့အင်္ဂလိပ်ရယ်ခေတ်ကို‘ဖေါ်’၍ ယနေ့ကမ္ဘာ၏ အခြေအနေကို သုံးသပ်ထားလေသည်၊ သူ၏သုံးသပ်ချက်၌ “အရင်းရှင်ပိုင်းဝန်းပိတ်ဆို့မှုစည်းသည်ကျိုးပေါက်သွားပြီဟုဆိုနိုင်လောက်ပေသည်” ဟူ၍ ဖြစ်ပေသည်။

ဤသို့အထိ'အလင်းကြည့်'ကို အလေးမပိုသင့်ပေ၊ အကြောင်းကား ယနေ့ကမ္ဘာတွင် ဆိုရှယ်လစ်လောကအား အမေရိကန်စစ်ဝါဒီအရင်းရှင်ကြီးများက ခေါင်းဆောင်သည့် နယ်ချဲ့ဂိုဏ်းကြီးက ခြောက်များလှစွာသော စစ်အုပ်စု စစ်အခြေခံစခန်းများနှင့် ဝိုင်းဝန်းဆို့ပိတ်ချိန်းခြောက်လျက်ရှိနေသည်မှာ မျက်မြင်ထင်ရှားပင် မဟုတ်ပါလော။

သို့သော်လည်း ကမ္ဘာ့ငြိမ်းချမ်းရေး အင်အားစုများနှင့် နယ်ချဲ့ဂိုဏ်းအတွင်း ပဋိပက္ခများက ၎င်းတို့ကို ဟန့်တား ထားနေနိုင်သည့် အခြေတွင်ကား ရှိနေပေသည်။ တချိန်တည်းမှာပင်- ဆိုရှယ်လစ်လောက၏ တိုးတက်မှုများကလည်း၊ အရင်းရှင်လောကကို ယှဉ်ပြိုင်၍ ခုခံဟန့်တားနိုင်သည့်အခြေတွင်ရှိနေပေသည်။ ထို့အပြင် ကမ္ဘာနှင့်ချီ၍ ဆိုရှယ်လစ် သဘောတရားဩဇာများကျယ်ပြန့်၍အလုပ်သမားလုတန်းစား၏ ခေါင်းဆောင်လှုပ်ရှားမှု များကလည်း ထူးခြားစွာ တက်ကြွလျက်ရှိပေသည်။ ဤမှုသာဖြစ်ပေသည်။

ထို ဤမှု သော-အလားအလာသည်၊ဆိုရှယ်လစ်စနစ်ကို ငြိမ်းချမ်းစွာ ကူးပြောင်းနိုင်ရေးအတွက်၊ ကမ္ဘာတွင်ကောင်းသော ယေဘူယျ အခြေအနေနှင့် အလားအလာများ ဖြစ်နိုင်ပေသည်။ ဤသို့သာ အကြိမ် ၂၀-မြောက်ဆိုဗီယက်ပါတီ ကွန်ဂရက်ကအဖြေကဲဖြတ်ပေသည်။

ဤအကဲဖြတ်ချက်၏သဘောသည်၊ကမ္ဘာ့ယေဘူယျအလားအလာကိုသာပြသည်။ နိုင်ငံတိုင်း၌ဖြစ်နိုင်ပြီဖြစ်ရမည်ဟူသည့် (*Universal Truth*) နေရာမရွေး မှန်သောသစ္စာတရားအဖြစ်သို့ကားမရောက်သေးပေ။ တနိုင်ငံစီ၏ သီးခြားအခြေအနေနှင့်ထူးခြားချက် အချင်းအရာများအရသာ ကမ္ဘာ့ယေဘူယျအလားအလာကို အသုံးချဘို့ဖြစ်ပေသည်။

ဤအချက် အရေးကြီးပေသည်။

တဖန်-တနိုင်ငံစီ၏ သီးခြားအခြေအနေများကိုယေဘူယျရည်ညွှန်းပြန်ရာ၌လည်း အောက်ပါအခြေခံကို ပါဝင်ပေသည်။

(ဆိုဗီယက်ယူနီယံ အကြိမ် ၂၀ မြောက်ကွန်ဂရက်အစီရင်ခံစာမှ)

"အချို့သော အရင်းရှင် ဗိုလ်ကျေစီ နိုင်ငံများတွင် ညီညွတ်သော အလုပ်သမားလုတန်းစား၏ခေါင်းဆောင်မှုဖြင့် တောင်သူလယ်သမားများ၊ တိုးတက်သော ပညာတတ်အင်အားစုများနှင့်အခြားသော ပြည်

ချစ်ဗိုလ်ကျေစီအင်အားစုများအားလုံးကိုအများစုအားဖြင့်တက်ကြွစွာ စည်းရုံးလှုပ်ရှားနိုင်ပါလျှင်၊အရင်းရှင်ကြီးများ၊မြေရှင်ကြီးများနှင့်စေ့စပ်ကြေအေးလိုသော အရှောင်သမား အင်အားစုများနှင့် ပြည်သူ့ဆန္ဒကို ရန်ပြုသောဖေါက်ပြန်ရေး အင်အားစုများကို လူထု တရပ်လုံးက ထိရောက်စွာ ခုခံဆန့်ကျင်နိုင်ပါလျှင်၊ ပါလီမန်တွင်လည်း ခိုင်မာသော အများစုအားကိုရရှိပါလျှင်၊ ထိုအခြေအနေတွင် ဗိုလ်ကျေစီ လက်နက်အား ပြည်သူတို့ဆန္ဒကိုဖေါ်ပြရာ လက်နက်အဖြစ်ပြောင်းလဲပစ်နိုင်ပေသည်။ ဤသို့သောအခြေအနေတွင် ဗိုလ်ကျေစီအစဉ်အလာအားဖြင့် မြင့်မားနေသောအရင်းရှင် ဗိုလ်ကျေစီနိုင်ငံကြီးများတွင် အလုပ်သမားလုတန်းစားအတွက် ထိရောက်စစ်မှန်သော ဗိုလ်ကျေစီ အဆောက်အဦးအဖြစ် ပြောင်းလဲရယူသွားနိုင်ပေသည် × × × × အလားတူ နယ်ချဲ့ နိုင်ငံများအောက်မှ လွတ်မြောက်ခါစ နိုင်ငံများတွင်လည်း၊ အလုပ်သမားလုတန်းစား ခေါင်းဆောင်မှုအောက်တွင် တော်လှန်ရေး အခြေခံဖြင့် ပြည်သူတရပ်လုံး၏ စည်းရုံးတက်ကြွ ခေါင်းဆောင်မှုရပါက-ပါလီမန်တွင်းတွင်လည်း အများစုရရှိပါလျှင်၊ လူမှုတော်လှန်ရေး ပြောင်းလဲချက်တရပ်အတွက် အခြေအနေကောင်းများကို ထူးခြားစွာဖန်တီးနိုင်သည့်အခွင့်အလမ်းများရရှိနိုင်လေသည်။ × × × အရင်းရှင်များ အင်အားကြီးမားသေး၍ စစ်တပ်-ပုလိပ်တပ်ကြီးများကို အလုံးအရင်းနှင့် ကိုင်တွယ်ဖိနှိပ်ထားသော နိုင်ငံများတွင်မူ၊ ဆိုရှယ်လစ်ရေးအား မလွဲမသွေအပြင်းအထန်ခုခံဖိနှိပ်ပစ်ပေလိမ့်မည်။ထိုသို့သောနိုင်ငံများတွင်မူ ဆိုရှယ်လစ်ရေးကိုကူးပြောင်းရာ၌ ပြင်းထန်သော လူတန်းစား တိုက်ပွဲများနှင့် အရင်းခံရပေလိမ့်မည်။"

ဤသဘောများကိုကြည့်ပါက—ကမ္ဘာ့ယေဘူယျ အလား အလာကောင်းကို နိုင်ငံတခုစီ၏ သီးခြားအခြေအနေများအရ လက်တွေ့ကျင့်သုံးရန်ဖြစ်ပေသည်။နိုင်ငံတိုင်းအတွက် နေရာမရွေးမှန်ကန်သောသစ္စာတရားအဖြစ်သို့ကား မဆိုက်ရောက်သေးပေ။

ဗမာပြည်အတွက် အသို့နည်း....

ဗမာပြည်အတွက်၊ ဆိုရှယ်လစ်စနစ်ကို ငြိမ်းချမ်းစွာကူးပြောင်းနိုင်ရန်အတွက်လိုအပ်သည့်အချက်များမှ အောက်ပါအတိုင်းဖြစ်ပေသည်။

(၁) တခုတည်းသော အလုပ်သမားလူတန်းစား ပါတီကို ထူထောင်နိုင်ရမည်။ (မှန်ကန်သည့်နိုင်ငံရေးခေါင်းဆောင်မှုကိုပေးနိုင်၍ အချောင်သမားဝါဒကို အမြစ်ပြတ်စေဘိုက်ထုတ်နိုင်ရမည်)။

(၂) အလုပ်သမား လူတန်းစားသည်၊ တောင်သူ လယ်သမားများ၊ လူလတ်တန်းစားများ၊ တိုင်းရင်းသား အရင်းရှင်များ၊ လူမျိုးစုများအားဖြင့်ပြည်သူ့တပ်ပေါင်းစုတရပ်ကို စည်းရုံးနိုင်ရမည်။ ဤအင်အားစုများကို တော်လှန်လှုပ်ရှားနိုင်စေရမည်။

(၃) အလုပ်သမား လူတန်းစားက ခေါင်းဆောင်သော တပ်ပေါင်းစုက ပါလီမန်တွင် အများစု ရ,ရမည်။

(၄) နယ်ချဲ့ပဒေသရာဇ်နှင့်ဖေါက်ပြန်ရေးအင်အားစုများ၏လက်နက်ကိုင် အဖွဲ့အစည်းများကို ပြည်သူများက ခုခံချေဖျက်နိုင်သည့် အင်အားရှိရမည်။

(၅) နယ်ချဲ့၏လက်နက်ကိုင်စွက်ဖက်မှုအန္တရာယ်ကို ကာကွယ်နိုင်ရမည်။

ဤအခြေအနေများဖြစ်ပေါ်စေရန်-သော့ချက်ဘယ်မှာနည်း....

ယနေ့ဖြစ်ပွားနေသောပြည်တွင်းစစ်ကို ဒီမိုကရေစီငြိမ်းချမ်းရေးဖြင့် (*Democratic Peace*) ရပ်စဲစေ၍ ပြည်တွင်းငြိမ်းချမ်းရေးကို ပြည်သူ့အခြေခံဖြင့်တည်ဆောက်ရရှိနိုင်ပါလျှင်၊ အထက်ပါအခြေအနေများကို ဖန်တီးဖွင့်လှစ်ရန်အတွက်သော့တချောင်းရသည်မည်ပေသည်။

အကယ်၍ ဤအခြေအနေများ မရရှိလျှင်လည်း၊ ဗမာ့ဆိုရှယ်လစ်တော်လှန်ရေးသည် ပြည်တွင်းစစ်အတွင်းတွင် နစ်မြုပ်ပျက်စီးမသွားဘဲ ပြည်သူတို့ကအောင်ပွဲခံသည်အထိ ဆက်လက် ချီတက် သွားလိမ့်မည်သာဖြစ်ပေသည်။

ကွန်မြူနစ်တို့သည်ကြွေးဆာသူများမဟုတ်ရကား၊ ထိုသော့ကိုရယူရေး၌ ငြိမ်းချမ်းစွာရယူနိုင်ရန် စခန်းကုန်သည်အထိ အစွမ်းကုန်ကြိုးစားကြရပေမည်။

အခန်း (၁၀)

ပြည်တွင်းငြိမ်းချမ်းရေးအတွက်ဘာလုပ်ရမည်နည်း၊

ဤအခန်းတွင်၊ ကိုချမ်းအေးက သူ၏မိခင် ကွန်မြူနစ် ပါတီအားပြန်လည်ဖွင့်ချပေဖန်၍ ငြိမ်းချမ်းရေးအတွက်ဘာလုပ်ပါဟုညွှန်ပြသောအခန်းဖြစ်ချေသည်။ ၎င်းတို့အတွက်ကွန်ပ်တို့ပါတီကဝင်ရောက်စွက်ဖက်ပြန်ဖြေသည့်သဘောမဖြစ်ချေ။

ပြည်တွင်းငြိမ်းချမ်းရေးနှင့်ပါတ်သက်၍ ကွန်ပ်တို့ပါတီ၏ သဘောထားကိုတိုင်းပြည်တွင် အကြိမ်ကြိမ်တင်ပြ ပြောဆိုခဲ့ပြီးလည်း ဖြစ်၏။ ဤပေဖန်ချက်စာတမ်းအခန်းခန်းတို့တွင်လည်း အကြောင်းသင့်သလို တင်ပြပေဖန်ခဲ့ပြီးလည်းဖြစ်ပေ၏။

လိုရင်းအချုပ်မှာ—ငြိမ်းချမ်းရေး (ပြည်တွင်း ငြိမ်းချမ်းရေးရော.... ပြည်ပ,ငြိမ်းချမ်းရေးပါ) အဓိကရန်သူကိုမျက်ကြေါမပြတ်သို့ အထူးသတိကြီးစွာရှိဘို့လိုအပ်ပေသည်။

ဗမာပြည်သည် ငြိမ်းချမ်းသော ညီညွတ်သော ဒီမိုကရေစီ ပြည့်ဝသော ဗမာပြည်ကြီးအဖြစ် မိမိတို့၏ အမျိုးသားလွတ်လပ်ရေး ခိုင်မာမြဲ့ဝရေးအတွက် ထူထောင်ချီတက်လာမည့်အရေးကိုအထိတ်လန့်ဆုံးနှင့်အစွမ်းကုန်တားဆီးရန်ပြုမည့်ရန်သူမှာ-ဗြိတိသျှအမေရိကန် နယ်ချဲ့သမားတို့ဖြစ်ပေသည်။

ယနေ့ ၎င်းတို့နှင့် ပြည်သူတို့ ဖြစ်ပွားနေရသော အရင်းခံ ပဋိပက္ခ (*Basic Contradiction*) ကို ပြည် အချင်းချင်း စစ်ခင်းနေရသော ပြည်တွင်းစစ်ကြီးက (*Principal Contradiction*) အဓိက ပဋိပက္ခအဖြစ် သရုပ်ဆောင်းခါ တမျိုးသားလုံး၏ နိုင်ငံရေး လမ်းကြောင်းကို လမ်းပြောင်းစေခဲ့ပေသည်။ ဤအဓိကပဋိပက္ခ တာရှည် နိုင်သမျှ တာရှည်အောင်လုပ်ထားရန်သည်၊ နယ်ချဲ့သမားများနှင့် ၎င်းတို့၏ ကိုယ်စား

လည်များ၏မဟာဝတ္တရားကြီးဖြစ်ပေသည်။ တနည်းအားဖြင့် ပြည်သူ့အတွင်းရှိပဋိပက္ခများကို ကြီးထွားသည်ထက်ကြီးထွားစေ၍ အရင်းခံပဋိပက္ခကိုဖိတ်ဖုံးပေးရန်မှာ၊ ၎င်းတို့၏ ထာဝစဉ်လုပ်ကြံမှုကြီးပင် ဖြစ်ပေသည်။ (ယနေ့ပသက်လာသော်နိုင်ငံအတွင်းရေး၌ အစိုးရနှင့်သူပုန်....ပြန်လည်ညီညွတ်ရေးကို အမေရိကန်နယ်ချဲ့သမားက မျက်မကြောက်ပြောင်ပြောင်ပင်ဝင်ရောက် ဖျက်ဆီးနေသည် ကိုတွေ့ရှိနိုင်လေသည်။)

ထို့ကြောင့်-ယနေ့ကျွန်ုပ်တို့လိုချင်သောငြိမ်းချမ်းရေးမှာ၊ ကျွန်ုပ်တို့၏ အမျိုးသားလွတ်လပ်ရေးကို အဘက်ဘက် ပြည့်ဝ ခိုင်မာအောင် ကြိုးပန်းလို၍ဖြစ်သည်။ ဤကြိုးပန်းချက်သည်ပင်လျှင် နယ်ချဲ့သမားနှင့် အဓိကတရင်ဆိုင် ဆန့်ကျင်ရပေလိမ့်မည်။ အသွင်အမျိုးမျိုးနှင့် ရင်ဆိုင်ရပေလိမ့်မည်။

ထိုသို့ရင်ဆိုင်ရာ၌ ကျွန်ုပ်တို့တွင် အဘယ် လက်နက်များ လိုပါသနည်း....?

ပြည်တွင်းစစ်ကိုရပ်စဲစေ၍ ပြည်တွင်းငြိမ်းချမ်းရေးကိုတည်ဆောက်ရန် လိုပါသည်။

သို့ဖြစ်လျှင်-ပြည်တွင်းငြိမ်းချမ်းရေးကိုဘယ်နည်းနှင့်ရရ တည်ဆောက်ရမည်လော....တဖက်ကိုတဖက်အပြတ်တိုက်သည့်နည်းနှင့်ဖြစ်စေ....တဖက်ကိုတဖက် လက်နက်ချစေသည့် နည်းနှင့်ဖြစ်စေ....လုပ်ရ မည်လော....

မဟုတ်ပေ၊ ကျွန်ုပ်တို့လိုချင်သောငြိမ်းချမ်းရေး၏အနှစ်သာရမှာ (ပြည်တွင်းစစ်ကိုရပ်စဲစေရာမှာရော၊ရပ်စဲပြီးနောက်မှာရောဆက်လက်ဆောင်ရွက်ရမည့်အရင်းခံလုပ်ငန်းမှာ၊ အမျိုးသားလွတ်လပ်ရေးထိမ်းသိမ်းရေး (ဝါ) နယ်ချဲ့အန္တရာယ်များ ဆန့်ကျင် ချခံရေးပင်ဖြစ်သည်။ ၎င်းအတွက်ပြည်သူတို့ကို ဖုံကြွစည်းရုံးစေရာ၊ အမျိုးသားညီညွတ်ရေးကို တည်ဆောက်စေရာ၌ဘာလိုသနည်း....ပြည်ထောင်စုဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအတွင်းပါ ဒီမိုကရေစီ အခွင့်အရေးများ အပြည့် အဝ ဖွင့်ဖြိုးလာစေရေးပင်ဖြစ်ပေသည်။

၎င်းကိုအခြေမခံသည့် (ဝါ) ဒီမိုကရေစီရေးကိုအခြေမခံသည့် ပြည်တွင်းစစ်ရပ်စဲရေးသည် ငြိမ်းချမ်းရေးမဟုတ်၊ပြည်သူတို့အတွက် မသာလောင်းတို့၏ ငြိမ်သက်ရေးသာ ဖြစ်ပေလိမ့်မည်။

ထို့ကြောင့်-ပြည်တွင်းငြိမ်းချမ်းရေးပြဿနာ၏အဓိကသော့ချက်မှာ အဘယ်ပုံဒီမိုကရေစီနည်းနှင့် ပြည်တွင်းစစ်ကိုရပ်စဲနိုင်၍ အဘယ်ပုံဒီမိုကရေစီအခြေခံစခန်းများကို ပြန်လည်ဖွင့်လှစ်ရမည်ဟူသော အချက်သည် အရင်းခံဖြစ်ပေသည်။

လက်နက်ချရေးပြဿနာကို ရှေ့တန်းသို့တွန်း၍နေသူတို့သည် အာဏာလက်ကိုင်ထားလျက် တည်ဆဲဥပဒေကို တရားသေ သတ်မှတ်ပြီး ဆော်လှန်ရေး၏ သဘာဝလမ်းစဉ်ကိုမရှုမြင်နိုင်သော ကာလ ၃ မျိုးစလုံးအတွက် အသွန့်အရေးကြီးလှသည့် ဒီမိုကရေစီရေး ပြဿနာကို ကာယကံမြောက်အားဖြင့်နယ်ချဲ့သမားအကြိုက် နောက်တန်းသို့ခါချ ပို့လွှင့်နေသူများသာဖြစ်ပေလိမ့်မည်။

'လက်နက်နှင့် ဒီမိုကရေစီ လဲရမည်' ဟူ၍ ကျွန်ုပ်တို့စည်းတခုနှင့်တခု ဖလှယ်သကဲ့သို့ကျင့်သုံးပြောဆိုသည်ထက် ပြည်တွင်းစစ် ရပ်စဲစေနိုင်ရေးအတွက် ဒီမိုကရေစီအခွင့်အလမ်းများနှင့်အာမခံချက်များကို ပေးအပ်ပါဟူသောကြွေးကြော်သံက ပို၍အနှစ်သာရ ပြည့်စုံလေမည်။ ဤတွင် ဒီမိုကရေစီအခွင့် အလမ်းများပွင့်လန်းလာသလောက် လက်နက်ကိုင် ဖိနှိပ်မှုလက်နက်ကိုသုံးခံမှုတို့သည် အလိုအလျောက်ဖွင့်လွှတ်ကြရမည့် အရေးသည်အခန္တာဂတာ အကြီးဝင်ပြီး ဖြစ်ပေသည်။ သံသယရှိစရာမရှိပေ။

ဤသို့သောဒီမိုကရေစီ အခြေခံဖြင့် ပြည်တွင်းစစ်ကို ငြိမ်းစေနိုင်ရေးအတွက် (*Democratic Negotiation*) ဒီမိုကရေစီအခြေခံဖြင့်တူညီစွာတွေ့ဆုံဆွေးနွေးညှိနှိုင်းဘို့သည် ပြဿနာတရပ်လုံး၏အဓိကကွင်းဆက်ဖြစ်ပေသည်။

ဤသို့တွေ့ဆုံဆွေးနွေးမှုသည် ကိုချမ်းအေးအမည် ပညက်ပေးသကဲ့သို့ နိုင်ငံရေးအခြေခံဖြင့် တွေ့ဆုံဆွေးနွေးမှုသည်းမဟုတ်ပေ။ ရှေ့အဘို့တွင် မည်သို့မည်ပုံ လက်နက်ကိုင်နည်းများကို စွန့်လွှတ်၍ ဒီမိုကရေစီနည်းဖြင့်သာ ၂ဖက်စလုံးယှဉ်ပြိုင်စခန်းသွားကြမည်ကို သဘောတူညီချက်ရအောင် ဆွေးနွေးကြရန်ပင် ဖြစ်ပေသည်။

ဤသို့ပြုလုပ်ခြင်းဖြင့် အဘယ်သို့သော ဥပဒေ ဂုဏ်သိက္ခာ အဘယ်သို့သောဝါဒသဘောတရား အဘယ်သို့သော ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်ပျက်စီး စေနိုင်ပါသနည်း။

မဖြစ်စေ၊ နယ်ချဲ့သမားနှင့် ၎င်းတို့၏ ကိုယ်စားလည်ရှင်းတစု အတွက်သာ ဖးကျိုးပျက်နိုင်ပေသည်။

ထိုသို့တဖက်နှင့်တဖက်တွေ့ဆုံခါ သိနားလည်ချက်ကြေနပ်ချက်အာမခံချက် ယုံကြည်ချက် တို့ဖြင့် မရပ်စနိုင်ပါက တည်ငြိမ်၍ အဓွန့်ရှည်သော ငြိမ်းချမ်းရေးကို ဘယ်နည်းနှင့်မျှ တည်ဆောက်၍မရနိုင်ပေ။

ထို့ကြောင့် တွေ့ဆုံ ဆွေးနွေး ရေးသည် လိုပေသည်၊ ထို့ကြောင့် ဆရာကြီး သခင်ကိုယ်တော်မှိုင်းက ၎င်း၏ ပင်ကိုယ် အသုံးအနှုံးဖြင့် သူမသာ-ကိုယ်မနာ သင်ပုံးခြေ ငြိမ်းချမ်းရေးကို တည်ဆောက်ကြဟု နိုင်ငံအားပြောပါပေး၍ ဆန္ဒယူလျက်ရှိနေပေသည်။ တိုင်းပြည်ကလည်း အုံကြွ၍ထောက်ခံနေပေသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ယုံကြည်ချက်မှာ အစိုးရနှင့်တော်လှန်ရေး အင်အားစုများသည် ကာယကံရှင်များ ပြီ၊ အဘယ်ပုံကြေလည်စွာ တွေ့ဆုံဆွေးနွေး၍ ငြိမ်းချမ်းရေးကိုတည်ဆောက်ခါ လူထုနည်းနှင့်ယှဉ်ပြိုင်ရန်သဘောတူကြပါသနည်း၊ ဤသို့ သဘောတူညီသည့် နည်းသည်သာ အမှန်ဆုံး တာရှည်အကျိုးသက်ရောက်ဆုံး ဖြစ်ပေလိမ့်မည်ဟု ယုံကြည်ပေသည်။

အခန်း (၁၁)

ခေါင်းဆောင်မှု

ဤအခန်း၌သဘောတရားရေးရာအရ၊ အချက်တရပ်ကိုသာဝေဖန်ရန်ဖြစ်ပေသည်။

ထိုအချက်ကားအခြားမဟုတ်၊ ကွန်မြူနစ် ပါတီတရပ်၏ ခေါင်းဆောင်မှုဆိုသည်မှာ-အဘယ်ကို ခေါ်ပါသနည်း....ဟုဝေဖန် ညှိနှိုင်းရန်ဖြစ်ပါသည်။

ကျွန်ုပ်တို့နားလည်သည်ကား၊ တသီးပုဂ္ဂလ ခေါင်းဆောင် မှုကို နားမလည် ... မော်စီလီနင်ဝါဒ၏ လမ်းညွှန်ချက်ကိုလက်တွေ့အခြေအနေများတွင်ခေါ်ဆေးစပ်ဟပ်၍ ကွန်မြူနစ်ပါတီတရပ်သည် အလုပ်သမားလူတန်းစား၏ခေါင်းဆောင်မှုအတွက်သဘောထားနှင့်လမ်းစဉ်တရပ်ကိုဒီမိုကရေစီ ဗဟိုဦးစီးစနစ်အရ ချမှတ်ရလေသည်။

ထိုကဲ့သို့ချထားသော သဘောထားနှင့် လမ်းစဉ်သည်သာ ပါတီ၏ ခေါင်းဆောင်မှုဖြစ်ပေသည်။

သို့ဖြစ်လျှင်-ပုဂ္ဂိုလ်ရဲ့ ခေါင်းဆောင်မှုသည်၊ (Subjective role) မည်သို့ အဓိပ္ပါယ် ဆောင် သနည်း.... မည်သည့် အခန်းက ပါသနည်း။

ပါတီမှချမှတ်သော သဘောထားနှင့် လုပ်ငန်းစဉ် များကိုင်ငင်း၊ သံမဏိစည်းစည်းကမ်းများကိုင်ငင်း၊ ဖေါက်ဖျက်လွှန်ကျူးလျှင် ပါတီက ပါတီဘောင်အလိုက်၊ အဆင့်တဆင့်လုံးကို ဖြစ်စေ-ပုဂ္ဂိုလ်စုတစု တယောက်ကိုဖြစ်စေ-စစ်ဆေးအပြစ်ပေးနိုင်ပေသည်။

သို့မဟုတ်-ပါတီကချမှတ်ထားသော သဘောထားနှင့်လုပ်ငန်းစဉ်ကိုက လက်တွေ့တွင် မှားယွင်းနေပါက၊ လူပုဂ္ဂိုလ် ခေါင်းဆောင်မှုကို

ပြင်ပစ်ရမည်၊ ချပစ်ရမည်ဟုဆိုရုံလုပ်ရုံမျှနှင့်မမှန်ပေ။ အစဥ်အလာနှင့် ကွန်မြူနစ်ပါတီဘို၏ကျင့်ထုံးလည်းမဟုတ်ပေ။ ပါတီ၏မှားယွင်းသော လမ်းစဥ်ကို ပါတီကသာတဖန် ဒီမိုကရေစီ ဦးစီးစနစ်အရ ပါတီတရပ်လုံးက ပြန်လည်ပြင်ဆင်ရပေလိမ့်မည်။ ဤသို့ပါတီဝင်ထု အများစုက စည်းကမ်းဥပဒေနှင့်အညီ၊ ပြင်ဆင်ပြောင်းလဲသည်ကို ပုဂ္ဂိုလ်ခေါင်းဆောင်မှု အနည်းစုတရပ်က လက်ခံလျှင်လက်ခံ လုပ်ဆောင်ရမည်။ လက်မခံနိုင်လျှင်-၎င်းတို့အခကျား ကုန်ဆုံး၍ လမ်းစဥ်သစ်နှင့် ပုဂ္ဂိုလ်ခေါင်းဆောင်မှုအသစ်ကို ရွေးချယ်ရမည်။

လမ်းစဥ်တရပ် မှားတိုင်း မှားတိုင်း ပုဂ္ဂိုလ်ဂိုဏ်းဂဏဝါဒဖြင့်ခေါင်းဆောင်လူပုဂ္ဂိုလ်စုကိုသာ ဖြုတ်ချနေရမည်ဆိုလျှင်၊ ဆိုကွန်မြူနစ်ပါတီသည် ပါတီအခြေခံနှင့်စည်းရုံးသောပါတီမျိုးမဟုတ်ဘဲ၊ ပဒေသရာဇ်ခေတ်ဘုရင်အတင်အရှုနည်းမျိုးနှင့်သာ စည်းရုံးသောပါတီမျိုးဖြစ်ပေချိမ့်မည်။ ပါတီလည်းမဟုတ်တော့ပေ။

ပါတီတရပ်လုံး၏ လမ်းစဥ်များကို ပါတီတရပ်လုံးကကြေညက်အောင်ချေ၍ ပြင်ဆင်မှသာ ကွန်မြူနစ်ပါတီပြီသပေမည်။ လူပုဂ္ဂိုလ်ကိုးစ ဆန့်ကျင်ရေး မဟုတ်ဆန့်ကျင်ရေး လမ်းစဥ်မှားကြီးနှင့်သာပြင်ပါက.... ထိုကွန်မြူနစ်ပါတီတရပ်သည်၊ပုဂ္ဂိုလ်တိုက်ပွဲ အရေးအဝေးတိုက်ပွဲများဖြင့်သာ ကျဆုံးရလိမ့်မည်ဖြစ်ပေသည်။

ထို့ကြောင့်—ကိုချမ်းအေး၏ စာတမ်း၌ပါရှိသော ''ခေါင်းဆောင်မှု၌ လုံးဝတာဝန်ရှိသေသည်။ထို့ကြောင့်ခေါင်းဆောင်မှုပြောင်းလဲရေးသည်၊ ပြဿနာအဖြစ်ရှိလာလေသည်။ ခိုင်လုံသော လမ်းစဥ်သစ်နှင့်အတူ ခေါင်းဆောင်မှုအသစ်ရှိလာသင့်ပေသည်ဟုသောသဘောထားကျင့်ထုံးသည် ကွန်မြူနစ် ပါတီတရပ်၏ သဘောထား ကျင့်ထုံးမဟုတ်သဖြင့်ကျွန်ုပ်တို့က အပြင်းအထန် ကန့်ကွက်လိုက်ရပေသည်။

အခန်း (၁၂)

စတာလင်၊

ဤအခန်း၌ကိုချမ်းအေးသည်၊ ကမ္ဘာ့နယ်ချဲ့ဂိုဏ်းကြီး၏ပြတ်သားသော ရန်သူကြီးဖြစ်ခဲ့သည့် ရဲဘော်ကြီးစတာလင်အားသဘောတရားရေး တရားခွင်တွင်တင်၍ ဝေဖန်စစ်ဆေးထား၏။

စတာလင်၏ ပုဂ္ဂိုလ်ချတ်ယွင်းချက်များနှင့်ပါတ်သက်၍မှုတား.... ကိုချမ်းအေးထက်စောစွာ ဆိုဗီယက်ယူနီယံ ကွန်မြူနစ် ပါတီကြီးကရင်း၊အတွေ့အကြုံရင့်ကျက်ပြီး နိုင်ငံတကာ ကွန်မြူနစ်ပါတီကြီးများကရင်း၊ ကမ္ဘာ့ကွန်မြူနစ် လှုပ်ရှားမှုကြီးအတွက် သင်ခန်းစာ ရလောင်အလိုက်အလဲ့, အလေးအနက်ဝေဖန်ကြပြီးဖြစ်၏။ သင်ခန်းစာ ထုတ်ယူကြပြီးဖြစ်၏။

အထူးသဖြင့် ဆိုဗီယက်ယူနီယံ ကွန်မြူနစ်ပါတီကြီးမှတပါး အာရှတိုက်နိုင်ငံအသီးသီးရှိ ကွန်မြူနစ်ပါတီများထက် အတွေ့အကြုံများစွာရင့်ကျက်ပြီးလည်းဖြစ် အောင်ပွဲလည်းရခဲ့ပြီးဖြစ်သည့် တရုတ်ပြည် ကွန်မြူနစ်ပါတီ၏ ဝေဖန်ချက်များသည် ကျွန်ုပ်တို့အတွက် များစွာအဘိုးတန်လှပေသည်။ ၁၉၅၆-ခုဧပြီလ ၂၉-ရက်နေ့ထုတ် 'ဂျင်မင်ဂျီပို' သတင်းစာကြီးတွင်ပါရှိသော-''ပစ္စည်းမဲ့အာဏာပိုင်စနစ် ထူထောင်ရေးအတွေ့အကြုံ ရာဇဝင်လမ်းကြောင်းအပေါ် ထပ်မံဝေဖန်ချက်များ'' ဟူသည့်ဆောင်းပါးကြီးမှာ တရုတ်ပြည်ကွန်မြူနစ်ပါတီ၏ ဝေဖန်ချက်ပင်ဖြစ်ပေသည်။

ထိုဝေဖန်ချက် ဆောင်းပါးကြီးတွင် (၁) ဆိုဗီယက်ယူနီယံ တော်လှန်ရေးအခြေခံလမ်းကြောင်းကြီးနှင့် ဆိုရှယ်လစ်စနစ် တည်ဆောက်ရေးလမ်းကြောင်းများအပေါ် သုံးသပ်ချက် (၂) စတာလင်၏အကျိုးနှင့် အပြစ်နှိုင်းယှဥ်သုံးသပ်ချက် (၃) တရားသေဝါဒနှင့် ရုပ်ဖျက်ဆင်း

ချက် ပြုပြင်ရေးဝါဒကိုကိုင်၍ (၄) နိုင်ငံတကာရှိ ပစ္စည်းမဲ့အလုပ်သမား များအားလုံး သွေးစည်းညီညွတ်ရေးဟူ၍ အခက်းကြီး ၄-ခက်းခွဲခြား ခါ နက်နဲပေါ်လွင်သော သဘောတရားရေး သုံးသပ်မှုများဖြင့် တိကျ ပြောင်မြောက်စွာ ဝေဖန်ထားပေသည်။

ကိုချမ်းအေးသည် ထိုဆောင်းပါးကြီးကို အကြိမ်ကြိမ် အထပ်ထပ် လေ့လာသုံးသပ် ကြည့်ပါက ယခုကဲ့သို့ စတာလင်၏ အပေါ်တွင် ပုဂ္ဂိုလ်အာဃာတစွဲ ဆန့်ကျင်ဝါဒစွဲဖြင့် မှားယွင်းပေါက်ပြန် မမှန်မ ကန်သည့် စွပ်စွဲဝေဖန်ချက်များ ပြုလုပ်ကြံခဲ့ မိလိမ့်မည်မထင်ပေ။

စတာလင်သည် ကိုချမ်းအေးစွပ်စွဲဝေဖန်သလို ကြီးမားသော သဘော တရားမှားယွင်းချက်များကို ကျူးလွန်ခဲ့သည်မဟုတ်ပေ၊ ရုရှားတွင်း ခွဲများ၏ တော်လှန်ရေး လမ်းကြောင်း ကြီးကိုရှင်း၊ ဆိုရှယ်လစ်စနစ် တည်ဆောက်ရေး လမ်းကြောင်းကြီးကိုရှင်း၊ အစကနဦး ဘဝကပင် လီနင်နှင့်အတူ၊ လီနင်ကွယ်လွန်သွားပြီးနောက် ကာလများတွင် ဆိုဗီ ယက်ယူနီယံကွန်မြူနစ်ပါတီ ဗဟိုကော်မတီအား ဦးကိုင်ဦးစီး၍အောင် မြင်စွာခေါင်းဆောင်ခဲ့ပေသည်၊ နယ်ချဲ့ဂိုဏ်း၏ အပြတ်သားဆုံးသော ရန်သူကြီးအဖြစ် ရပ်တည်တောက်လျှောက်၍ မာ့က်စ်-လီနင်ဝါဒီ ပီသလှသော တော်လှန်ရေး ခေါင်းဆောင်ကြီးအဖြစ် ကမ္ဘာ့ဖက်ဆစ်စနစ်ကို ချေ မှုန်းနိုင်ရေး၌ အထက်မြက်ဆုံးသော ခေါင်းဆောင် စစ်သူကြီး အဖြစ် ပြည်သူတို့နှင့်အတူ ထပ်ချပ်မကွာ ချီတက်ခဲ့ပေသည်။

သို့သော်စတာလင်၏ သက်တမ်းနောက်ပိုင်းကာလများတွင်အမှား ကြီး ၃ရပ်ကိုကျူးလွန်ခဲ့ပေသည်။ ၎င်းတို့မှာ (၁) ငါနှင့်ငါသာ နှိုင်း ယှဉ်ရာသည်ဟူသော ပုဂ္ဂလိကဝါဒ ကျင့်သုံးမှု (၂) နယ်ချဲ့ဂိုဏ်းသား တို့၏ တန်ပြန်တော်လှန်ရေး အင်အားစုများကို ပြည်တွင်းတွင် ပြတ် သားစွာနှိမ်နင်းခဲ့သည်မှာ မှန်၏ကောင်း၏ သို့သော်လည်းစတာလင် သည် မြောက်များလှစွာသော ကွန်မြူနစ်ဝါဒီ သားကောင်းများကို မှားယွင်းစွာ နှိမ်နင်းအပြစ်ပေးခဲ့မိသည့် အပြစ်များကိုကား ကျူးလွန် ခဲ့ပေသည်၊ (၃) စတာလင်သည် ဆိုရှယ်လစ်နိုင်ငံများ အားလုံးကို သွေးစည်းညီညွတ်မှုရအောင် ခေါင်းဆောင်ကြိုးပမ်းရာ၌ကား အခြေခံ အားဖြင့်မှန်ကန်၏ သို့သော်လက်တွေ့ပြုမှု ဆက်ဆံမှုများသည်နိုင်ငံကြီး

ဝါဒမျိုးကြီးဝါဒ ပြစ်မှုများကို ကျူးလွန်ခဲ့မိ၏။ ဤသို့အပြစ်ကြီး ၃-ရပ် စတာလင်၌ ရှိခဲ့သည်ဟု ဝေဖန်ထား၏။

စတာလင်၏ ထိုမှားယွင်းချက် များသည် နယ်ချဲ့ ဂိုဏ်းသားများ လုပ်ကြံစွပ်စွဲသလို ဆိုဗီယက်ယူနီယံဆိုရှယ်လစ်စီးပွားရေးအုပ်ချုပ်ရေး စနစ်ကြီးကိုက ပေါက်ပြန်မှားယွင်းနေ၍လော—လုံးဝမဟုတ်ပေ။ ထိုသို့ မဟုတ်ကြောင်းဆိုဗီယက်ယူနီယံ၏ ယနေ့ကမ္ဘာပေါ်တွင် အတိုးတက် ဆုံး စီးပွားရေးစနစ် တည်ဆောက်မှုများနှင့် ဒီမိုကရေစီ အပြည့်ဝဆုံး အုပ်ချုပ်ရေးစနစ်ကြီးက ထင်ရှားသက်သေခံလျက်ရှိပေသည်။

ထို့ကြောင့် စတာလင်၏ မှားယွင်းချက်များသည် ပုဂ္ဂိုလ်ရေးအား ဖြင့် လူထုနှင့် ကင်းကွာစေသည့် ပုဂ္ဂိုလ်ရေးဆိုးကျိုး ကိုးကွယ်စေရေး အစွဲအလမ်းအခြေခံမှ သက်ဆင်းလာခြင်းပင်ဖြစ်ပေသည်၊ ထိုအစွဲအ လမ်းများသည် ၎င်း၏ကမ္ဘာ့တော်လှန်ရေး ရာဇဝင် ပြောင်မြောက် ချက်များက နောက်ပိုင်းလူထုနှင့်ကင်းကွာနေသည့်ဘဝတွင်းဝင်ရောက် ပူးကပ်၍ ပုဂ္ဂလိကဝါဒကို မြေတောင်မြှောက်ပေးသကဲ့သို့ ဖြစ်ခဲ့ရပေ သည်။

မည်သို့ပင်ဖြစ်စေ စတာလင်သည် ၎င်း၏အမှားများကို ကျူးလွန်ခဲ့ နေဆဲမှာပင် သူသည် ကမ္ဘာ့ပစ္စည်းမဲ့ အလုပ်သမားများ အတွက် အမှန်အတိုင်း ကာကွယ်စောင့်ရှောက်နေသည်ဟု သူယူဆ နေခဲ့ပေသည်။ စတာလင်၏ဝါဒသည် သီးခြားဝါဒမဟုတ်၊ ကွန်မြူနစ်ဝါဒပင် ဖြစ်ပေ သည်။

ထို့ကြောင့်စတာလင်အား၎င်း၏အကျိုးနှင့်အပြစ်ကိုခြုံ၍ နှိုင်းယှဉ် ဝေဖန်လိုက်လျှင် ၎င်း၏အပြစ်မှာ အကျိုး၏လက်အောက်ခံ သာမည ပြဿနာ (Only Secondary) မျှသာဖြစ်ကြောင်းနှင့် တင်ပြကြပေသည်။

ဤသို့သော ဓမ္မဓိဋ္ဌာန်ဝေဖန်ချက်မျိုးသာ ကမ္ဘာ့ကွန်မြူနစ်လှုပ်ရှား မှုကြီးအတွက် အကျိုးဖြစ်ထွန်းနိုင်ပေသည်။ သို့မဟုတ်က အမေရိကန် ဒေါ်လာကစိုက်ကင်းသားများ၏အကြိုက် စတာလင်ဆန့်ကျင်ရေးနှင့် စတာ လင်ဝါဒ ထွန်းကားရေးဟူ၍ သွေးခွဲပစ်စေရန် ရောက်ပေချိမ့်မည်။

နိဂုံးချုပ်။

ယနေ့ကမ္ဘာ့ကွန်မြူနစ် လှုပ်ရှားမှုတွင် သဘောတရား ရေးရာအရေး အန္တရာယ်ကြီး ၂-ခုသည် မြီးခြောက်လျက် ရှိနေ၏။

တခုသော အန္တရာယ်မှာ တရားသေဝါဒကျင့်သုံးမှု (Dogmatism) ကြီးပင်ဖြစ်၏။ ဤအန္တရာယ်သည် ဖြစ်ပေါ်နေသည့် ရုပ်အချင်းအရာနှင့် ကင်းလွတ်ဆန့်ကျင်စွာ တရားသေကျင့်သုံးမှုကို ထိုးခြောက်ပေးသည် ဖြစ်သောကြောင့် လက်ဝဲစွန်းသို့ ပို့ဆောင်စေ၏။ ဂိုဏ်းဂဏ ဝါဒနှင့် လက်ဝဲသွေဖည်ရေး အမှားများကိုကျူးလွန်စေ၏။

တခုသော အန္တရာယ်မှာ မာ့က်ဆ် လီနင်ဝါဒ အခြေခံသဘောတရားများကို တတ်ယောင်ကန်းမြင့်စည်းမဲ့ ကမ်းမဲ့ ရိုက်ချိုးပြင်ဆင်မှုများပြုလုပ်၍ စွာတည့်ဆွင်လိုသော (Revisionism) ခေါ် ပြင်ဆင်ရေးဝါဒဖြစ်၏။ ဤအန္တရာယ်သည် လက်ျာစွန်းသို့ ပို့ဆောင်ရုံသာမက နောက်ဆုံးတွင် သစ္စာဖောက်လမ်းများကြီးသို့ပင်တွန်းချစေနိုင်၏။ 'အမျိုးသား ကွန်မြူနစ်ဝါဒ' ဆိုသော ပြင်ဆင်ရေးဝါဒသည် ဤအန္တရာယ်၏အစိတ်အပိုင်း တရပ်ဖြစ်၏။ အမျိုးသားရေးနှင့် နိုင်ငံတကာ လူမျိုးပေါင်းစုံ ပူးညီမဲ့ များ၏ သွေးစည်းရေးစနစ်ကြီးကို ရိုက်ချိုးဖျက်ဆီးပစ်သော အန္တရာယ် ကြီးလည်းဖြစ်၏။ ထို့ကြောင့် လူတန်းစား သစ္စာဖောက် လမ်းစဉ်သို့ ပို့ဆောင်နိုင်၏။

ယနေ့ဗမာပြည်ကွန်မြူနစ်လှုပ်ရှားမှု၏ကြီးမားသောသဘောတရား ရေးအန္တရာယ်များမှာလည်း ထိုအန္တရာယ်ကြီး ၂ခုပင်ဖြစ်၏။ လက်တွေ့အားဖြင့် တရားသေဝါဒသည် ကျွန်ုပ်တို့အားများစွာနှိပ်စက်ခဲ့၏။ လက်ဝဲစွန်းသို့ကြိမ်ဖန်များစွာ ပို့ဆောင်ခဲ့၏။ ဂိုဏ်းဂဏဝါဒနှင့်သိုင်းဝိုင်း ထိခိုက်ကျူးလွန်ခဲ့၏။ အလုပ်သမားလူတန်းစားပါတီများ ကွဲပြားခြင်း နှင့် အချင်းချင်းသတ်ဖြတ် ခြေဖျက်ခဲ့ကြခြင်းသို့ပင် ပစ်ချခဲ့၏။ ယခု ဤအန္တရာယ် ကို မြင်လာကြပြီ....မြင်လာကြပြီ....သို့ လည်းတစက်စွန်း လွန်ကဲခဲ့မှု၏ဒါဏ်ကိုမြင်ရာမှ တစက်စွန်းသို့ ရှိပြန်လေသည်။ ထိုအစွန်းကား-တတ်ယောင်ကန်း ပြင်ဆင်ရေး အစွန်းပင်ဖြစ်လေသည်။ ထိုအစွန်း၏ အရှိန်အဟုန် အန္တရာယ်တို့ကို ယခုတွေ့မြင်ရစ ထိတွေ့ရစ ဖြစ်လာပြန်ပေပြီ။

ထို့ကြောင့်ကျွန်ုပ်တို့သည် ဤအစွန်းအန္တရာယ်ကြီး ၂ခု စလုံးကို ရှောင်ရှား၍ ဗမာပြည်အလုပ်သမား လူတန်းစားလှုပ်ရှားမှုကြီးအား အောင်ပွဲသို့ ပို့ဆောင်ကြပါစို့၊ အလုပ်သမား လူတန်းစား၏ ခေါင်းဆောင်မှုကို မြှင့်တင်ကြပါစို့။

အကယ်၍ကျွန်ုပ်တို့၏ ဤဝေဖန်သုံးသပ်ချက်စာတမ်းတွင်ဤအစွန်း ၂-ခု အနည်းနှင့်အများ ဝင်ရောက်ရိုက်ခတ်နေကြောင်း တွေ့ထိမိကြပါက တွေ့ထိမိသူတိုင်းက ကျွန်ုပ်တို့ပါတီအား ကွန်မြူနစ်ကောင်းများ၏ ကျင့်ထုံးနှင့်အညီ ဝေဖန်ထောက်ပြကြပါက ကျွန်ုပ်တို့က ဂိုဏ်းဂဏစိတ် ကင်းရှင်းစွာ လိုက်လံကြိုဆို လက်ခံမည်သာဖြစ်ပါသတည်း။

၁၉၅၇-ခု ဇူလိုင်လ ၁ ရက်　　　ဗဟိုကော်မတီ

ဗမာပြည်အလုပ်သမားလယ်သမားပါတီဌာနချုပ်။

အမှားပြင်ဆင်ချက်။

စာမျက်နှာ ၅၄-စာကြောင်းရေ ၁၁-တွင်၊ အာဏာရ အစိတ်အပိုင်းသည် ဆိုသည့် စာပိုဒ် အစား၊ အာဏာရ အစိတ် အပိုင်း၏ ပုဂ္ဂိုလ်အချို့သည်-ဟု၊ ပြင်ဆင်ဖတ်ရှုရန်။

ပဋိပက္ခ...ဘောဂ ရေးအရ—ဗမာပြည်၏
ယခုနိုင်ငံရေးအခြေအနေကိုသရုပ်ဖော်ပြချက်။

အရင်းရှင်နယ်ချဲ့နှင့် မြေရှင်ပဒေသရာဇ်စနစ်

ကိုလိုနီနယ်ချဲ့သမားတို့၏တိုက်ရိုက်အုပ်စိုးမှု
လက်အောက်မှလွတ်လပ်သောပြည်ထောင်
စု ဗမာနိုင်ငံ

ဆက်လက်တည်နေသဲ, အားဖြည့်နေသဲ, ၎င်း
တို့၏ အခြေခံ စခန်းများနှင့်
ကိုယ်စားလှယ်များ။

\+

နှ-အက်တလီစာချုပ်အရ တာဝန်ခံ
အုပ်စိုး နေသော
ဖ-ဆ-ပ-လ ဆိုရှယ်လစ်ပါတီ။

၂

ရှေ့တန်းရောက်နေသောအဓိက ပဋိပက္ခ

(အမြင့်မားဆုံးသော ပုံစံ မှာ- ပြည်တွင်းစစ်)

ငြိမ်းချမ်းရေး-ဒီမိုကရေစီရေးနှင့် အမျိုးသားစီးပွားရေးဘက်များတွင် 'ပျက်ကွက်ကြီးများ' ဖြင့် ရင်ဆိုင်နေရသော အလုပ်သမား လယ်သမား, လူမျိုးစုများနှင့် ပြည်သူများ (ဥပဒေတွင်း-ဥပဒေပ) ' ၂ ပိုင်း အခွဲခံနေရသည်။

၁

နောက်တန်း ရောက်နေသောအရင်းခံပဋိပက္ခ

တစ်ဆက်တည်းပေါ်ပေါက်လာသည့် အရေးအကြောင်းချုပ်ရှင်းလင်းချက်

(၁) ပြည်သူများက၊ ရှေ့တန်းရောက်နေသော အမှတ် ၂-အဓိက ပဋိပက္ခ၏အမြင့်မားဆုံးသော ပုံစံဖြစ်သည့် ပြည်တွင်းစစ်ကိုဒီမိုကရေစီ ငြိမ်းချမ်းရေးအခြေခံဖြင့် (*On the basis of Democratic Peace*) ကြေလည်စွာတွေ့ဆုံဆွေးနွေးဖြေရှင်းရေးကိုလိုလားကြ၏၊ တနည်းအားဖြင့် ထိုအဓိကပဋိပက္ခ၏သဘောကွဲလွဲချက်များကို လက်နက်နည်းအကြမ်းဖက်နည်းဖြင့် မဖြေရှင်းဘဲ ဒီမိုကရေစီနည်းနှင့် ဖြေရှင်းစေလို၏၊ ဤသို့ဖြင့် အဆုံးသတ်ဖြေရှင်းနိုင်မှ အမျိုးသားညီညွတ်ရေး တည်ဆောက်နိုင်လျှင်နောက်တန်းရောက်နေသောအမှတ်၁-အရင်းခံပဋိပက္ခကိုအပြီးအပိုင် ဆက်လက်ဖြေဖျက်လိုကြ၏။ အမျိုးသားလွတ်လပ်ရေးကိုပြည့်ဝစွာတည်ဆောက်လိုကြ၏၊ အနာဂါတ် ရာဇဝင်ပေး ဆိုရှယ်လစ်ပန်းတိုင်သို့လည်း အဆင့်ဆင့်မြင့်ဆိုင်စွာ ချီတက်လိုကြ၏။

(၂) နယ်ချဲ့ပဒေသရာဇ် များကမူ နောက်တန်းရောက်နေသော အရင်းခံပဋိပက္ခကိုဖုံးကွယ်၍ ရှေ့တန်းရောက်နေသော အဓိကပဋိပက္ခကိုသာ ရှေ့ရှည်သည်ထက် တာရှည်စေလို၏၊ ပိုမိုကြီးထွားစေလို၏၊ မီးဟုန်းဟုန်းတောက်စေလို၏၊ သို့မှသာ ၎င်းတို့၏ ဆက်လက်ချယ်လှယ်သွေးစုတ်နိုင်ရေးသည် ပိုမိုတာရှည်စေမည် ကြီးထွားစေမည်ဖြစ်၏။

(၃) ဖဆပလ ဆိုရှယ်လစ်ပါတီကမူ ငြိမ်ဝပ်ပိပြားရေးရှရန် လက်နက်ချကြပါဟုဆို၏။ နောက်ပိုင်းသက်သာစွာစဉ်းစားပါမည်ဟုဆို၏။ လက်နက်ကိုင်လမ်းစဉ်ကိုပြဲဝစွန့်လွှတ်ပြီးဖြစ်ကြောင်းယုံကြည်စိတ်ချရသောအခါ၊ တရားဝင်ပါတီများ ဖြစ်ရပါစေမည်ဟုဆို၏၊ ဤသို့လက်နက်ချလျှင်ချ-မချလျှင် အပြတ်တိုက် ခြေမှုန်းပစ်ရ လိမ့်မည်ဟုဆို၏။

(၄) တိုချမ်းအေးကမူ ပြည်တွင်းစစ်ကြီးဖြစ်ရသည်မှာ ကွန်မြူနစ်ပါတီကြောင့်သာဟု ကောက်ချက်ချ၏။ ထို့ကြောင့် ကွန်မြူနစ်ပါတီက အမှားတို့ဝန်ခံပါ၊ လက်နက်ချပါဟုဆို၏၊ လက်နက်ချရာ၌ လုံခြုံလွတ်ငြိမ်းချမ်းစွာခွင့်ရအောင် တောင်းပါ၊ ဥပဒေတွင်းပါတီရပ်တည်ခွင့်ရအောင် တောင်းပါဟုဆို၏။

(၅) ကျွန်ုပ်တို့ဗမာပြည် အလုပ်သမား လယ်သမားပါတီကမူ ပြည်တွင်းစစ် ဖြစ်ရခြင်းသည်၊ တစ်တရားခံ နယ်ချဲ့သမားတို့၏ ပရောဂ သည့် အစ၊ လက်ဝဲ အင်အားစုများ၏ ကိုးကားကဏာဝါဒ ဆော့ဂါသည် [illegible] အလယ်၊ မိန္ဒိပ်မှုဒီမိုကရေစီအခွင့်အရေးဖျက်ဆီးခံရမှုသည်အဆိုးဆုံးသက် ရှိ အကြီးဖြစ်သည်ဟု ကောက်ချက်ချထား၏၊ ထို့ကြောင့်အမျိုးသား လွတ်လပ်ရေးပြည့်ဝနိုင်မာရေးအတွက်၊ အရင်းခံပဋိပက္ခကိုအပြီးအပိုင် ဆက်လက်ဖြေရှင်းနိုင်ရန်၊ လက်ငင်းရင်ဆိုင်နေရသော ပြည်တွင်းစစ် အဓိကပဋိပက္ခကို ဒီမိုကရေစီငြိမ်းချမ်းရေးလမ်းစဉ်ဖြင့် ဖြေရှင်းပစ်နိုင် သည်ဟုယုံကြည်၏၊ ထို့ကြောင့် ထိုပြဿနာကြီးကို တမျိုးသားလုံး၏ အရေးအကြီးဆုံးသော နိုင်ငံရေးပြဿနာကြီးအဖြစ်ဖြင့် ကာယကံရှင် တို့ကိုယ်တိုင် မျက်နှာချင်းဆိုင်၍ အကြေအလည် တွေ့ဆုံ ဆွေးနွေးရ မည်ဟု တောင်းဆိုနေ၏၊ ဤသဘောအတိုင်းပင် ပြည်သူ့ပါတီအဖွဲ့ အစည်းများ၊ လူထု လူတန်းစား လူမျိုးရေး အဖွဲ့အစည်းများ၊ ပြည် ချစ်ပုဂ္ဂိုလ်ကြီးများပါဝင်သည့် အမျိုးသားညီညွတ်ရေးတပ်ပေါင်းစုကြီး ကလည်း အပြင်းအထန် တောင်းဆိုလျက်ရှိနေ၏။

(၆) သံဃာ့ဩဝါဒခံ ဆရာကြီးသခင်ကိုယ်တော်မှိုင်းကြီးမှူးသော ပြည်တွင်းငြိမ်းချမ်းရေး အဖွဲ့ကြီးကမူ မျက်နှာချင်း ဆိုင်ကြပါ၊ သင်ပုန်း ချေပစ်ကြပါ၊ ငြိမ်းချမ်းရေး တည်ဆောက်ကြပါဟု ဆို၏၊ ထိုအဆိုကို ပြည်သူတို့က ၎င်းတို့၏ဆန္ဒနှင့်ကိုက်ညီသဖြင့် တခဲနက်ထောက်ခံလျက် ရှိနေကြ၏။

(၇) ဗမာပြည် ကွန်မြူနစ်ပါတီနှင့်အတူ တောတွင်းအင်အားစု များကမူ၊ ဖြစ်ခဲ့ပြီးသော နိုင်ငံရေး သဘောကွဲလွဲချက်များသည် ရှေး ယခင်ကအတိုင်းအတာအတိုင်းမရှိတော့ပါ၊ ကျန်ရှိသည့်ကွဲလွဲချက်များ ကို ဒီမိုကရေစီနည်းဖြင့် ဖြေရှင်းနိုင်သည့် အခြေအနေတွင်ရှိပါ သည်၊ ထို့ကြောင့် တွေ့ဆုံဆွေးနွေးပါရစေ၊ ဒီမိုကရေစီဘောင်အတွင်း လွတ်လပ်စွာယှဉ်ပြိုင်ခွင့် ရပါရစေဟု အကြိမ်ကြိမ် ကမ်းလှမ်းလျက်ရှိ နေ၏။

ငြိမ်းချမ်းရေး စာပေတိုက်မှ ထုတ်ဝေခဲ့ ပြီးသည့်

အစိုးရအယုံအကြည်မရှိ

ပဌမ ပုံနှိပ်ခြင်း၊ အုပ်ရေ ၂၀၀၀။
ဒုတိယ ပုံနှိပ်ခြင်း၊ အုပ်ရေ ၂၀၀၀။
၁၀-ရက်အတွင်း ကုန်ခဲ့၍ မှာလည်း-၁၅-ရက်အတွင်း၌ တဖန် ကုန်ပြန်သော်လည်း၊ အဆက်မပြတ်အမှာစာများ ထပ်မံလက် ခံ ရရှိထားသဖြင့်....
တတိယ ပုံနှိပ်ခြင်း၊ အုပ်ရေ ၃၀၀၀။
ရိုက်နှိပ်ရန် စီစဉ်နေဆဲ ဖြစ်သဖြင့်၊ အမှာစာ ပေးပို့ထားရှိပြီး၊ အဖွဲ့အစည်းများနှင့် နယ်ဖြန့်ချိရေး ကိုယ်စားလှယ် ကြီးများ စောင်ရေလက်စဖြင့် သည်းခံ စောင့်ဆိုင်းကြပါရန် တောင်းပန်အပ် ပါသည်။

တတိယ ပုံနှိပ်ခြင်း။

တကျော့တန် အစိုးရအယုံအကြည်မရှိစာအုပ် ထွက်ဦးမည်၊ အမှာစာများ ဖိတ်ခေါ်ပါသည်။

မကြာမီကျင်းပတော့မည့် ပါတီလွှတ်တော်ပွဲကောင်းအမြီ စိန်ခေါ်ချောင် ၄-နှစ်စီမံကိန်းကို ဘယ်ပြန်ညာပြန် မလှန်နိုင် အောင် [illegible]....

စသပလ ချက်လှည့်ပွဲ နှင့် ယနေ့ဗမာ့စီးပွားရေး
[illegible]

ငြိမ်းချမ်းရေးစာပေတိုက်၊ ၉၄-(က) [illegible] ရန်ကုန်မြို့

ထွန်းနေ့စဉ် သတင်းစာကြီးတွင်
၆–လတိုင်တိုင် အခန်းဆွင့်၍ အပါတ်စဉ်
ဖေါ်ပြခဲ့ရသော–သူတို့အမြင်ခေါင်းစဉ်ပါ
စာတမ်းကို–စုပေါင်းရိုက်နှိပ်ထားသည့်

အရေးတကြီး ဗမာ့ပြဿနာ

★ များ စာအုပ်တွင်–

☆ ပြည်သူတို့၏ တကဲ့လွတ်လပ်ရေး....
☆ ပြည်သူတို့၏တကဲ့ငြိမ်းချမ်းရေး....
☆ ပြည်သူတို့၏ တကဲ့ညီညွတ်ရေး....
☆ ပြည်သူတို့၏ စီးပွားဖွံ့ဖြိုးတင်ရေး....စသည့် အလောသုံးဆယ်ယာနေ့ဗမာ့ပြဿနာများကို အပြီးအပြတ်ဖြေရှင်းပစ်နိုင်ရန်....လက်နက်ကောင်းတခုအဖြစ်ဖြင့်၊ စာရင်းဇယား, သမိုင်းဆိုင်ရာ များသာမကအတိတ်-ပစ္စုပ္ပန် ဖြစ်ရပ်ကြောင်းမှန် သက်သေခံချက် များကို အလောက်အထား ပြလျက် တစောင်တည်း ရေးသား ထားသဖြင့်....နိုင်ငံချစ်, ပြည်ချစ် ပုဂ္ဂိုလ်တိုင်းအတွက် စီးပွားရေး လက်စွဲကျမ်းရင်း... ကောင်းထားသင့်ကြောင်းတိုက်တွန်းထောက်ခံလိုက်ပါသည်။ ...ပုံနှိပ်သဲ—ဩဂုတ်လအတွင်းထွက်မည်....အတိုး ၁-၂၅ ပြား

(ကြိုတင်အမှာစာ ပေးပို့သည့်ပုဂ္ဂိုလ်များနှင့် ကိုယ်စားလှယ်များကို ဦးစားပေးမည်။)

ငြိမ်းချမ်းရေးစာပေတိုက်
၉၄ (က) ရှေ့ကိုင်လမ်း-ရန်ကုန်မြို့

ဗမာပြည်အလုပ်သမားလယ်သမားပါတီ

ချမ်းအေးစစ်တမ်း
ဝေဖန်ချက်

ငြိမ်းချမ်းရေးစာပေတိုက်မှ ဖြန့်ချိသည်